# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလကွယ် ၊ သောကြာနေ့ ၊ (20-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၆၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် 8th HLC အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ညစာစားပွဲဖြင့် ကြိုဆိုတည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (8th High Level Committee Meeting) သို့ တက်ရောက်ရန် ရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များကို ယနေ့ညပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေ Pristine Mermaid Resort ၌ ညစာစားပွဲဖြင့် ကြိုဆိုဧည့်ခံသည်။

အဆိုပါ ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊

စာမျက်နှာ ၁၈ ကော်လံ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီးတို့ကို ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။




ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်

အယ်ဒီတာ့အာဘော်

# ကျန်းမာရေးနှင့်ညီညွတ်သော နေ့စဉ်လမ်းလျှောက်မှု

လမ်းလျှောက်ခြင်းသည် လူတိုင်းအလွယ်တကူပြုလုပ်နိုင်သည့် ကိုယ်လက်လှုပ်ရှားမှုတစ်ရပ်ဖြစ်သလို ရာသီဥတုမရွေးဆောင်ရွက်နိုင်သော နည်းလမ်းတစ်ရပ်လည်းဖြစ်သည်။ လမ်းလျှောက်ခြင်းကို ဆောင်းရာသီနံနက်စောစောတွင် ပြုလုပ်လေ့ရှိကြသည်ကို အများအပြားတွေ့ရသည်။ လမ်းလျှောက်ခြင်းသည် ကရိကထ မများဘဲ ကုန်ကျစရိတ်လည်းသက်သာသည့် ကိုယ်လက်လှုပ်ရှားနည်းတစ်ရပ်ဖြစ်သည့်အပြင် ကျန်းမာရေးကို အထောက်အကူပြုသည့်အတွက် မည်သူမဆို နေ့စဉ်ပုံမှန်အချိန်ပေး၍ လမ်းလျှောက်သင့်သည်။

လမ်းလျှောက်ခြင်းဖြင့် မိမိတို့၏ခန္ဓာကိုယ်တွင် အဆီပိုများမဖြစ်တော့ဘဲ ကြွက်သားများပိုမိုပေါ်လွင်ကာ သန်မာစေမည်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်စေရန် တစ်ရက်လျှင် ခြေလှမ်းရေ ၁၀၀၀၀ ခန့် လမ်းလျှောက်ပေးရမည်ဖြစ်သည်။ လမ်းလျှောက်ရာတွင် စက္ကန့်သုံးဆယ်မှ တစ်မိနစ်၊ နှစ်မိနစ်ထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ ထို့နောက် ခပ်မြန်မြန်ပြန်ပြီးလမ်းလျှောက်ခြင်းကဲ့သို့သော လေ့ကျင့်ခန်းမျိုးကလည်း ကျန်းမာကြံ့ခိုင်မှုအတွက် ထိရောက်သည်။ ယခုလိုချမ်းအေးသောရာသီတွင် လမ်းလျှောက်ခြင်းက လူအများစုအတွက် သင့်လျော်၍ အဆင်ပြေစွာဆောင်ရွက်နိုင်သည့် ကျန်းမာရေးနည်းလမ်းတစ်ရပ်ဖြစ်သည်။ လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်ကို နွေးထွေးစေ၍ လန်းဆန်းစေကြောင်း တွေ့နိုင်သည်။

နေ့စဉ်လမ်းမှန်မှန်လျှောက်ခြင်းက ခန္ဓာကိုယ်တွင်းဇီဝကမ္မမှုများကို ကောင်းစွာလည်ပတ်ကာ အလုပ်လုပ်စေသလို ခန္ဓာကိုယ်လှုပ်ရှားမှုဟန်ချက်မိလာစေပြီး ကျန်းမာရေးအတွက် ထိရောက်သောအကျိုးအာနိသင်ကို ဖြစ်ပေါ်စေသည်။ လမ်းလျှောက်ခြင်းသည် ကိုယ်လက်လှုပ်ရှားနည်းပါးသူများ၊ တစ်နေရာတည်းတွင်ထိုင်လျက် ကြာမြင့်စွာအလုပ်လုပ်ရသူများအတွက် အကောင်းဆုံးလေ့ကျင့်ခန်းဟုလည်းဆိုနိုင်သည်။ နေ့စဉ် နာရီဝက်ခန့်လမ်းလျှောက်ခြင်းသည် တစ်နေ့တာပင်ပန်းမှုများကို ပြေပျောက်စေကာ စိတ်ကြည်လင်လန်းဆန်းစေနိုင်သည်။ အလုပ်ဆက်လက်လုပ်ဆောင်နိုင်ရန် အင်အားသစ်များလည်း ပေါ်ပေါက်စေနိုင်သည်။

လမ်းလျှောက်ခြင်းကို မိမိတစ်ဦးတည်းဖြစ်စေ၊ အဖော်များဖြင့်ဖြစ်စေ၊ ရံဖန်ရံခါ မိသားစုများဖြင့်ဖြစ်စေ နေ့စဉ်ဆောင်ရွက်သင့်သည်။ မိမိတစ်ဦးတည်း နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်း၊ အဖော်များနှင့်အတူတကွလမ်းလျှောက်ခြင်း၊ မိသားစုဖြင့် သိုက်သိုက်ဝန်းဝန်းလမ်းလျှောက်ခြင်းတို့တွင် အားလုံး၌ တူညီသောကျန်းမာရေးအကျိုးအာနိသင်များနှင့်အတူ မတူညီသောကျေနပ်ပျော်ရွှင်မှုအသီးသီးကို ရရှိစေနိုင်သည်။

ထို့ကြောင့် တစ်နေ့တာ မိမိပိုင်ဆိုင်ထားသောအချိန်များထဲမှ လမ်းလျှောက်ခြင်းကို အချိန်အနည်းငယ်ပေး၍ ဆောင်ရွက်သင့်သည်။ နေ့စဉ် ပုံမှန်လမ်းလျှောက်ခြင်းကို စွဲမြဲစွာဆောင်ရွက်ပါက ကိုယ်ခန္ဓာတွင်းရောဂါကျရောက်နိုင်မှုများကို ကာကွယ်ပြီးဖြစ်စေနိုင်သည်။ လမ်းလျှောက်ခြင်းကြောင့် ကိုယ်အလေးချိန်ပုံမှန်ဖြစ်လာခြင်း၊ သွေးပေါင်ချိန်ပုံမှန်ဖြစ်ခြင်း စသည်တို့က ကျန်းမာခြင်းကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ လူတိုင်း မိမိကိုယ်ခန္ဓာကို နေ့စဉ်လှုပ်ရှားမှုတစ်ခုအနေဖြင့်လည်းကောင်း၊ မိမိကျန်းမာရေးကို စောင့်ရှောက်မှုပြုသည့်အနေဖြင့်လည်းကောင်း၊ လူမှုပတ်ဝန်းကျင်နှင့် ကောင်းစွာထိတွေ့မှုအနေဖြင့်လည်းကောင်း လမ်းလျှောက်ခြင်းကို ပုံမှန်ဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးဆိပ်ကမ်းမှထွက်ခွာမည့် ရုပ်ပြေးအမြန်ရေယာဉ်များ ကုန်တန်ချိန် ၉၀ ခန့်ထိသာ တင်ဆောင်သွားလာသင့်ဟုဆို



**မန္တလေး ဇန်နဝါရီ ၁၉**

ဧရာဝတီမြစ်အတွင်း ရေနည်းသတိပေးမှတ်အောက် ရောက်ရှိနေ၍ မန္တလေးဆိပ်ကမ်းမှ ထွက်ခွာမည့် ရုပ်ပြေးအမြန်ရေယာဉ်များ ကုန်တန်ချိန် ၉၀ ခန့်ထိသာ တင်ဆောင်သွားလာသင့်ကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သည့်အပြင် မြစ်ရေမှာ မန္တလေးမြို့တွင် ရေနည်းသတိပေးမှတ်အောက်ရောက်ရှိနေ၍ မန္တလေးဆိပ်ကမ်းမှ ဆန်၊ ကြက်သွန်၊ ဆီ၊ ဆား၊ ဓာတ်စသည့်ကုန်စည်အမျိုးမျိုးကို သပိတ်ကျင်း၊ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ တင်ပို့မည့် ရုပ်ပြေးအမြန်ရေယာဉ်များ ကုန်တန်ချိန်ကို ပိုမိုသယ်ဆောင်မှုမပြုလုပ်ကြရန် လိုအပ်ကြောင်း သိရသည်။

“ဧရာဝတီမြစ်ရေနည်းသတိပေးမှတ်က မန္တလေးမြို့မှာ စင်တီမီတာ ၃၆၀ ဖြစ်ပါတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကနေ ဇန်နဝါရီ ၁၈ ရက် မနက် ၆ နာရီ မိနစ် ၃၀ တိုင်းတာချက်အရ ဧရာဝတီမြစ်ရေက မန္တလေးမြို့မှာ ၂၆၆ စင်တီမီတာ ထိရောက်ရှိနေခဲ့ပါတယ်။ မြစ်ရေဟာ ရေနည်းသတိပေးမှတ်အောက်ကို ရောက်နေတာဖြစ်တာကြောင့် ရုပ်ပြေးအမြန်ရေယာဉ်တွေအနေနဲ့ အရင်ကလို ကုန်တန်ချိန် ၁၂၀ မဟုတ်ဘဲ တန်ချိန် ၉၀ လောက်သာ တင်ဆောင်သွားလာကြဖို့ လိုပါတယ်”ဟု ဦးဝင်းမောင်က ပြောပြသည်။

ထို့ပြင် ဧရာဝတီမြစ်အတွင်း သွားလာနေကြသည့်ရေယာဉ်များအနေဖြင့် ရေလမ်းကြောင်းများ ပျက်စီးမှုမရှိစေရေး၊ ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ရေစူးကန့်သတ်ချက်များကို လိုက်နာကြရန် လိုအပ်ကြောင်း သိရသည်။

ဧရာဝတီမြစ်အတွင်း မန္တလေးမြို့မှအခြားမြို့များသို့ ပြေးဆွဲနေသည့် ခရီးသည်နှင့်ကုန်တင်သင်္ဘောအပါအဝင် ရုပ်ပြေးအမြန်ရေယာဉ် အစီးရေ ၄၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် အရောင်းအဝယ် ပုံမှန်အခြေအနေသို့ မရောက်ရှိသေးသော်လည်း ဝယ်ယူမှုများ ပြန်လည်ရှိလာပြီဖြစ်ကြောင်း ဆိုင်ကယ်ဈေးကွက်အတွင်းမှ သိရသည်။

ယခုအခါ ဆိုင်ကယ်တင်သွင်းမှုများ ရပ်ဆိုင်းထားသဖြင့် ဈေးကွက်အတွင်းရှိ တင်သွင်းပြီး ဆိုင်ကယ်များကိုသာ အရောင်းအဝယ်ပြုလုပ်နေကြခြင်းဖြစ်ကာ ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း၊ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့်တရုတ်နိုင်ငံထုတ် နောက်ဆုံးမော်ဒယ်ဘီးများလည်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၄ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၉ သိန်း ၅ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှသိရသည်။

မန္တလေး ကားဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ်ဖြစ်ခဲ့သည့် မီနီထရပ်(ခွေးဘီလူး) ကားများ အရောင်းအဝယ်အေးသွားပြီး နံပါတ်ထွက်ပြီးသည့် ဖရီးပါမစ်ကားများတွင် ငွေကျပ် သိန်း ၂၀ မှ သိန်း ၃၀ ခန့်ထိ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

၆၆၀ စီစီ ပစ်ကပ် မီနီထရပ်(ခွေးဘီလူး)ကားများအနက် ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၅၀ ခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင် Manual ငွေကျပ် သိန်း ၁၃၀ ခန့်၊ Auto ငွေကျပ် ၁၄၅ သိန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကားဈေးကွက်အတွင်း စလစ်ဖြစ်မည့် အပ်ကားရှားပါးလာမှုကြောင့် စလစ်ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် သိန်း ၁၄၀၊ စလစ်အပ်ကား ငွေကျပ် သိန်း ၁၂၀၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၂၀ ခန့်တွင်ရှိကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ရှာငံဒေသမှ ဝင်ရောက်လာသည့် အာလူးများ ဈေးကောင်းရရှိနေ

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ရှာငံဒေသမှဝင်ရောက်လာသည့် အာလူးများ ဈေးကောင်းရရှိနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ရှာငံဒေသထွက် အာလူးများသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများမှာလည်း အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

“လက်ရှိမှာတော့ အာလူးက အဓိကစိုက်ပျိုးတဲ့ ရှာငံဒေသဘက်က ပဲထွက်ရှိပြီး ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသကထွက်ရှိတဲ့ အာလူးတွေကတော့ မရှိသေးပါဘူး။ အာလူးစိုက်ပျိုးတဲ့ တောင်သူတွေက ရောဂါအခြေအနေကြောင့် မစိုက်ကြတာများပါတယ်။ စိုက်တဲ့သူ နည်းသွားပါတယ်။ အာလူးက အဝင်နည်းသွားတာရယ်၊ ပစ္စည်းပြတ်လပ်မှုတွေရယ်ကြောင့် အာလူးဈေးတွေက မြင့်တက်လာပြီး ဈေးကောင်းရရှိနေကြတာပါ။ ကားတစ်စီးကို အိတ်အရေအတွက်နဲ့ဆိုရင် ၁၀၀ လောက်ပါပါတယ်” ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

အဆိုပါ ရှာငံဒေသထွက်အာလူးများ ဈေးကောင်းရရှိနေခြင်းနှင့်အတူ ကျန်သည့်ကုန်စိမ်းသီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ သခွားသီး၊ ခရမ်းချဉ်သီး၊ မုန်ညင်းဖြူ၊ ပန်းမုန်လာတို့သည်လည်း ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လားရှိုးမြို့နယ် စယ်အင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**လားရှိုး ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စယ်အင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စယ်အင်ကျေးရွာတွင် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

စယ်အင်ကျေးရွာတွင် အရှည် ၈၆၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၉၀ အသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် စယ်အင်ကျေးရွာနေပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ကိုသူရိန်ထွန်း-မစိမ်းယု ဝေါ Pretty မိသားစုက ဆွမ်းအတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ တွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် အဖွဲ့ဝင်တို့က လက်ခံရယူစဉ်။

# ဟိုင်းကြီးကျွန်းမြို့တွင် ဆီထွက်သီးနှံဆောင်းမြေပဲ ၃၀၆၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ် ဆောင်းမြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ဆောင်းမြေပဲ ၃၀၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ ဆောင်းမြေပဲ လျာထား ၃၀၆၂ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ ဆောင်းမြေပဲများ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံတွေကို နိုဝင်ဘာလမှာ စတင်စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့အတွင်းမှာ ဆီထွက်သီးနှံတွေကို နှစ်စဉ် စိုက်ပျိုးနေပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကိုဆောင်းကာလမှာ အဓိကထား စိုက်ပျိုးတာဖြစ်ပါတယ်။ အခုဆောင်းသီးနှံ စိုက်ပျိုးရာမှာ ဆီထွက်သီးနှံမြေပဲကို ၃၀၆၂ ဧကထိ လျာထားစိုက်ပျိုးခဲ့တယ်။ လက်ရှိလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်တယ်။ မြေပဲလျာထားဧက အားလုံးပြည့်စုံအောင် စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို ဆောင်ရွက်ပေးထားပါတယ်။ ဆောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စတဲ့လုပ်ငန်းတွေကို ဆက်လက်ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဆောင်းမြေပဲများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းများကို သီးနှံမစိုက်မီ ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီး ဆီထွက်သီးနှံ ဆောင်းမြေပဲများ တစ်ဧကလျှင် ၅၅ တင်းမှ တင်း ၆၀ ထိ ထွက်ရှိစေရန် စီမံချက်ချမှတ်၍ လျာထားစိုက်ပျိုးထားပြီး ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲတစ်ဧကလျှင် တင်း ၅၀ ထိထွက်ရှိခဲ့ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ကရင်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကရင်စုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွှန်းလျန်နှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ကရင်စုကျေးရွာ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကရင်စုကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည် ၅၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၁၀ သိန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၆၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးပါက ကရင်စုကျေးရွာရှိ အိမ်ခြေ ၁၁၅အိမ်၊ လူဦးရေ ၄၄၀ တို့အတွက် ပညာရေး၊ကျန်းမာရေးနှင့် လူနေမှုစနစ်များ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ကြီးထံမှ သိရသည်။

**မြူလေး**

# ဖြူးမြို့နယ် သာယာကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေး

**ဖြူး ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာဖြစ်သော သာယာကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေသတ္တမအကြိမ် ထုတ်ချေးခြင်းကို အဆိုပါကျေးရွာရှိ စုရပ်၌ ယနေ့ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက သာယာကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် မတည်ရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မင်းညွှန့်က စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၏ ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားများ၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဖြူးမြို့နယ် သာယာကုန်းကျေးရွာရှိ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက သတ္တမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၃၀ ဒသမ ၉၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၂ ဒသမ ၂၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**



# သွားလမ်းသာ၍ ပြန်လမ်းပြောင့်ကြပါစေ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

❖ ဖော်ပြပါသတင်းများကို ခွဲခြမ်းစိတ်ဖြာစိစစ်ကြည့်ပါက ပြည်ပနိုင်ငံများသို့ တရားမဝင်သွားရောက်လုပ်ကိုင်နေကြသူများနှင့် သွားရောက်လုပ်ကိုင်ရန် ကြိုးပမ်းလှုပ်ရှားနေကြသူများ၏ သောကဗျာပါရအဖုံဖုံကိုခန့်မှန်းပြီး စာနာခံစားနိုင်ကြပေလိမ့်မည်။ စားဝတ်နေရေးအကျပ်အတည်းမျိုးစုံကို ရင်စည်းခံနေကြရသူများ၏ လောကီငရဲကျခံနေရမှုများကား ပြောမယုံကြုံဖူးမှ သိကြပေလိမ့်မည်။ MoU စနစ်ဖြင့် တရားဝင်သွားရောက်လုပ်ကိုင်နေကြသူများမှာလည်း ပြည်ပနိုင်ငံတွင် အနှိမ်ခံ၊ အောက်ကျခံကြရကာ အားငယ်ငယ်၊ မျက်နှာငယ်ငယ်နှင့် ရုန်းကန်လှုပ်ရှားနေကြရသည်။ ❖

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာတစ်ရွာမှ အမျိုးသားတစ်ဦးသည် မလေးရှားတွင် အလုပ်ရှာရန်အတွက် တရားမဝင်လမ်းကြောင်းမှ ခက်ခက်ခဲခဲရောက်လာခဲ့သော်လည်း တစ်ရွာတည်းသားများရှိသော စက်ရုံသို့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂ ရက်တွင်ရောက်ခဲ့ပြီး ညတွင်းချင်းပင် အတက်ရောဂါကြောင့် ကွယ်လွန်သွားခဲ့ကြောင်း၊ သေဆုံးသူကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ပူချုန်းမြို့ ၁၄ မိုင် သုသာန်သို့ ပို့ဆောင်သဂြိုဟ်ခဲ့သော်လည်း သေဆုံးသူ၏ မိသားစုဝင်များတွင် မလေးရှားတွင် မရှိသည့်အပြင် တစ်ရွာတည်းသား သူငယ်ချင်းများမှာလည်း နေထိုင်ခွင့်အထောက်အထားမရှိကြသည့်အတွက် ၎င်း၏နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်နိုင်ခြင်းမရှိခဲ့ကြောင်း ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်ထုတ် **ပြည်မြန်မာသတင်းဂျာနယ်**တွင် ဖော်ပြထားရာ စာနာစိတ်ဖြင့် ရင်နင့်စွာခံစားလိုက်ရသည်။ ဆင်းရဲကျပ်တည်းမှု၊ ပြည်တွင်းတွင် အလုပ်အကိုင်ရှားပါးမှုကြောင့် ပြည်ပသို့ စွန့်စားထွက်ခွာအလုပ်ရှာရင်း မိသားစုနှင့်ဝေးကွာလွန်းရာ အခြားနိုင်ငံတွင် ကွယ်လွန်သွားရှာသူအတွက် သက်ဆိုင်သူမိသားစုဝင်များအနေဖြင့် ဖြေမဆည်နိုင်ကြဘဲ ဝမ်းနည်းကြေကွဲနေကြပေလိမ့်မည်။ လွမ်းတသသဖြင့် ယူကျုံးမရ အပူလုံးကြွနေကြပေလိမ့်မည်။

ထို ရင်နင့်ကြေကွဲဖွယ်သတင်းကို ဖတ်ရှုခံစားပြီး **စံတော်ချိန်နေ့စဉ်သတင်းစာ**တွင် နေ့စဉ်ရက်ဆက်ဆိုသလို ဖော်ပြပေးနေသော ပြည်ပသို့သွား၍ အလုပ်ရှာနေကြသူများနှင့် အလုပ်လုပ်နေကြသူများ၏ သံဝေဂရဖွယ်၊ နာကြည်းခံပြင်းဖွယ် ဒုက္ခမျိုးစုံသတင်းအဖုံဖုံကို ပြန်လည်ဖတ်ရှုကာ စာနာခံစားနေမိသည်။

**၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၄ ရက်ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာ**တွင် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းအသီးသီးတွင် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် မြန်မာလုပ်သား ၁၄၉ ဦးကို စင်းလုံးငှားလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း၊ **၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၂ ရက်ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာ**တွင် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းအသီးသီးမှ မြန်မာလုပ်သားဦးရေ ၁၅၀ ကို တတိယအကြိမ်အဖြစ် စင်းလုံးငှားလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၁ ရက်က ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း၊ မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် နှစ်ကာလကြာမြင့်နေသော မြန်မာလုပ်သားများနှင့် မိသားစုနှင့်အဆက်အသွယ်ပြတ်ကာ ထိန်းသိမ်းရေးစခန်းများတွင် ဒုက္ခရောက်နေကြသည့် မြန်မာလုပ်သားများကို ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများနှင့် မလေးရှားနိုင်ငံမှ လဝကတို့ပူးပေါင်းဆောင်ရွက်ပြီး အခမဲ့ ပြန်လည်ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်ကလည်း ဒုတိယအသုတ်အဖြစ် မြန်မာလုပ်သားဦးရေ ၅၀ ကို ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း စသည့်သတင်းများကို ဖတ်ရှုခဲ့ရပြီး တီဗီတွင်ထုတ်လွှင့်ပြသသော လွမ်းမောရင်နင့်ကြေကွဲဖွယ်သတင်းများကိုလည်း မြင်တွေ့ခဲ့ရသည်။

**၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၉ ရက်ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာ**တွင် ထိုင်းနယ်စပ်၌ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် စက်တင်ဘာ ၂၈ ရက်တွင် မြန်မာလုပ်သား ၉၅ ဦး ဖမ်းဆီးခံရကြောင်း၊ **၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာ**တွင် ထိုင်း-မြန်မာ အမှတ်(၂)ချစ်ကြည်ရေးတံတားမှ မြန်မာလုပ်သား အမျိုးသား ၈၄ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၁၁၂ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း၊ မလေးရှားနယ်စပ်ရှိ တရားမဝင်လမ်းကြောင်းမှ တရားမဝင် ဝင်ရောက်လာကြသူ မြန်မာလုပ်သား ၂၅ ဦးကို မလေးရှားစစ်ဘက်က ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၉ ရက်က ဖမ်းဆီးမိခဲ့ကြောင်း၊ **၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာ**တွင် ထိုင်းနိုင်ငံ တောင်ပိုင်း ပြည်နယ် ၁၄ ခု၌ ဖမ်းဆီးခံခဲ့ကြရပြီး အကျဉ်းထောင်များမှ လွတ်ရက်စေ့ မြန်မာရွှေ့ပြောင်းလုပ်သား အမျိုးသားဦးရေ ၁၄၀၊ အမျိုးသမီး ၃၅ ဦး၊ ကလေးငယ် သုံးဦး စုစုပေါင်း ၁၇၈ ဦးကို ထိုင်းအာဏာပိုင်များက ပြည်နှင်ဒဏ်ပေးပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ရနောင်းမြို့မှ ကော့သောင်းမြို့သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း ဖတ်ရှုရသည်။

**၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာ**တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၅ ရက်က ထိုင်းနယ်စပ်တောတွင်းအမှောင်ထဲတွင် မြန်မာလုပ်သား အမျိုးသား ၁၀ ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၁၄ ဦးကို ဖမ်းဆီးမိခဲ့ပြီး ထိုင်းပွဲစားက ထွက်ပြေးသွားကြောင်း၊ ဇန်ကောက်မြို့တွင် အလုပ်လုပ်ရန်အတွက် တစ်ဦးလျှင် ဘတ် ၂၀၀၀၀ မှ ဘတ် ၃၀၀၀၀၊ ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀ ထိကုန်ကျကြောင်း၊ မြန်မာလုပ်သားများသည် ငွေကျပ် ၁၅ သိန်းမှ သိန်း ၄၀ ထိ အကုန်အကျခံကာ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ တရားမဝင် ဝင်ရောက်လုပ်ကိုင်လျက်ရှိကြကြောင်း၊ **၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာ**တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက် ညနေပိုင်းက မလေးရှားသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာလုပ်သား ၁၅ ဦးကို ဖမ်းဆီးမိခဲ့ကြောင်း၊ ပွဲစားခတစ်ဦးလျှင် ဘတ် ၃၀၀၀၀ ပေးချေခဲ့ရကြောင်း(ဘတ် ၁၀၀၀ + ၁၃၀၀ ကို မြန်မာကျပ်ငွေ တစ်သိန်းနှုန်းရှိ)၊ **၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၃ ရက်ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာ**တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်က ရခိုင်ပြည်နယ်မှ ရနောင်းသို့ ပွဲစားနှင့်ချိတ်ဆက်ပြီး ဖြတ်ကျော်လာခဲ့ကြသော မြန်မာလုပ်သား ရှစ်ဦးကို အုန်းခြံအနီးသစ်တောအတွင်းတွင် ဖမ်းဆီးမိခဲ့ကြောင်း၊ နှစ်ရက်အကြာ အုန်းခြံအတွင်းမှာ ပွဲစားများ၏ အစွန့်ပစ်ခံခဲ့ကြရကြောင်း၊ **၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်ထုတ် စံတော်ချိန် နေ့စဉ်သတင်းစာ**တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်က မြန်မာရွှေ့ပြောင်းလုပ်သား အမျိုးသား ၃၄၅ ဦး၊ အမျိုးသမီး ၄၅ ဦး စုစုပေါင်းဦးရေ ၃၉၀ ထိုင်းမှ မြဝတီသို့ပြန်လည်ဝင်ရောက်လာခဲ့ကြကြောင်း၊ **၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာ**တွင် ထိုင်းနိုင်ငံ မဟာချိုင် အအေးခန်းစက်ရုံ၌ MoU ဖြင့် တရားဝင်သွားရောက် လုပ်ကိုင်နေကြသည့် မြန်မာလုပ်သား ၂၆ ဦး အလုပ်ဝင်ရန်တားမြစ်ခံရ၍ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်က အမှုဖွင့်တိုင်ကြားခဲ့ကြောင်း၊ လုပ်သက်အမြင့်ဆုံးလေးနှစ်ကျော်၊ အနိမ့်ဆုံး တစ်နှစ်ကျော်ရှိသူများဖြစ်ကြကြောင်း ဖတ်ရှုရသည်။

**၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၄ ရက်ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာ**တွင် တစ်ဦးလျှင် ပွဲစားခ ဘတ် ၂၀၀၀၀ မှ ၃၀၀၀၀ ထိ ပေးခဲ့ရသော ပွဲစားနှင့်ချိတ်ဆက်ပြီး အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်း မြန်မာလုပ်သား ၃၃ ဦးနှင့် ပွဲစားတစ်ဦးတို့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၁၊ ၂၂ ရက်အတွင်း ထိုင်းနိုင်ငံနယ်စပ်တွင် ဖမ်းဆီးခံခဲ့ရကြောင်း၊ လွန်ခဲ့သော နှစ်နှစ်ကတည်းက တရားမဝင်လမ်းကြောင်းမှ မလေးရှားသို့ရောက်ရှိ အလုပ်လုပ်နေသော မြန်မာလုပ်သားတစ်ဦးသည် တရားမဝင်နေထိုင်ကြသူများကို စီမံချက်အရ ဝင်ရောက်ဖမ်းဆီးသဖြင့် လေးထပ်တိုက်ပေါ်မှ ရေပိုက်လိုင်းကို တွယ်ဆင်းစဉ် ရေပိုက်အဆက်ပြုတ်ပြီး သုံးလွှာမှပြုတ်ကျသွားသဖြင့် ခြေထောက်ကျိုးသွားခဲ့ကြောင်း၊ ရေမြောင်းအတွင်း ပုန်းခိုနေသောကြောင့် ဖမ်းဆီးခြင်းမှ လွတ်ကင်းခဲ့ကြောင်း၊ မြန်မာလူမှုကူညီရေးအသင်း(မလေးရှား)၏ ကူညီမှုကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ **၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာ**တွင် ထိုင်း၌ ပြစ်ဒဏ်ကျခံပြီးသည့် မြန်မာရွှေ့ပြောင်းလုပ်သားဦးရေ ၂၀၀ ကျော် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း ဖတ်ရှုရသည်။ ထိုသို့ဖတ်ရှုခဲ့ရသဖြင့် **"ပြည်ပသို့သွားရောက်အလုပ်လုပ်လိုသူများ စံတော်ချိန်နေ့စဉ်သတင်းစာကို ဖတ်ပြီးမှ ပြည်ပသို့ အလုပ်သွားလုပ်ဖို့စဉ်းစားပါ"** ဟုပင် ဆိုရမလိုဖြစ်နေသည်။

ဖော်ပြပါသတင်းများကို ခွဲခြမ်းစိတ်ဖြာစိစစ်ကြည့်ပါက ပြည်ပနိုင်ငံများသို့ တရားမဝင်သွားရောက်လုပ်ကိုင်နေကြသူများနှင့် သွားရောက်လုပ်ကိုင်ရန် ကြိုးပမ်းလှုပ်ရှားနေကြသူများ၏ သောကဗျာပါရအဖုံဖုံကို ခန့်မှန်းပြီး စာနာခံစားနိုင်ကြပေလိမ့်မည်။ စားဝတ်နေရေးအကျပ်အတည်းမျိုးစုံကို ရင်စည်းခံနေကြရသူများ၏ လောကီငရဲကျခံနေရမှုများကား ပြောမယုံကြုံဖူးမှသိကြပေလိမ့်မည်။

MoU စနစ်ဖြင့် တရားဝင်သွားရောက်လုပ်ကိုင်နေကြသူများမှာလည်း ပြည်ပနိုင်ငံတွင် အနှိမ်ခံ၊ အောက်ကျခံကြရကာ အားငယ်ငယ်၊ မျက်နှာငယ်ငယ်နှင့် ရုန်းကန်လှုပ်ရှားနေကြရသည်။ သို့သော် ရေရှည်အရေးက လုံးဝစိတ်မအေးရပေ။ ထိုင်းတွင် အလုပ်ဝင်ခွင့် အတားခံရခြင်းမျိုး၊ စက်ရုံအလုပ်ရုံပိတ်သိမ်းလိုက်ခြင်းမျိုး၊ ကုမ္ပဏီဒေဝါလီခံခြင်းမျိုးများနှင့် ပညာပြတတ်ကြသည်။ လုပ်ငန်းခွင်အာမခံချက်မရှိကြသည်ကို သိသိကြီးနှင့် သည်းခံမျိုသိပ်ကာ ကြိတ်မှိတ်ရပ်တည်နေခဲ့ကြရသည်။

စားဝတ်နေရေးကျပ်တည်း၊ ဆင်းရဲလွန်းကြသောကြောင့် မလွှဲမရှောင်သာဘဲ ပြည်ပသို့ သွားရောက်အလုပ်လုပ်နိုင်ရေးအတွက် တချို့မှာ အိမ်ပေါင်၊ ခြံပေါင်၊ လယ်ယာမြေပေါင်နှံကြကာ စွန့်စားသွားလာနေကြရခြင်းဖြစ်သည်။ ပတ်စပို့ရုံးသို့သွားရင်း အပေါင်စာချုပ်နှင့်ငွေထုပ် တက္ကစီကားပေါ်တွင် ကျန်ရစ်ခဲ့သဖြင့် ရှူးခမန်းခံစားရသူတစ်ဦးကို တက္ကစီသမားက သနားပြီး ပြန်လည်ပေးအပ်ခဲ့ဖူးသည်။ တချို့မှာ ခဲလေသမျှ သဲရေကျဖြစ်ကြရသည်။ မှန်းချက်နှင့် နှမ်းထွက်မကိုက်သဖြင့် အိမ်ပေါင်ဆုံး၊ ခြံပေါင်ဆုံး၊ လယ်ယာမြေပေါင်ဆုံးကြရသည့်အပြင် အသက်ပါဆုံးရှုံးကြရသူများလည်း ရှိနေသည်။

အထူးသဖြင့် လူကုန်ကူးကြသူ(လူပွဲစားများ)နှင့် အယောင်ဆောင်ကုမ္ပဏီလိမ်များကြောင့် ပြည်ပသို့ အသွားခရီးနှင့် လုပ်ငန်းခွင်ဝင်ရောက်ရေးလုပ်ငန်းစဉ်များတွင် အခက်အခဲမျိုးစုံနှင့် ကြုံတွေ့နေကြရသည်။ ထိုင်းနှင့်မလေးရှားသို့ ပို့ဆောင်သွားလာနေမှုကိုသာ အများစုက သိနေကြသော်လည်း ပြည်တွင်းမှာရော ပြည်ပမှာပါ လူကုန်ကူးမှုများရှိနေကြသည်။ ဒုဘိုင်းနှင့် စင်ကာပူသို့လည်း ပို့ဆောင်ပေးနေကြသည်။

မြန်မာ-ဒုဘိုင်း နှစ်နိုင်ငံ ရဲတပ်ဖွဲ့ပူးပေါင်းဆောင်ရွက်မှုဖြင့် လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီး ခုနစ်ဦးကိုကယ်တင်၍ မြန်မာနိုင်ငံသို့ ခေါ်ယူပေးနိုင်ခဲ့သည့် သတင်းအပြည့်အစုံကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၀ ရက်ထုတ် နေ့စဉ်သတင်းစာများတွင် ဖော်ပြခဲ့ကြရာ ဖတ်ရှုရသူတိုင်း စုတ်တသပ်သပ်ဖြင့် အံ့ဩထိတ်လန့်တုန်လှုပ်သွားခဲ့ကြရသည်။ မြန်မာအမျိုးသမီး ခုနစ်ဦးကို ငွေဝယ်ကျွန်များအလား အခြားနိုင်ငံများသို့ ရောင်းစားရန် ပိတ်လှောင်ထားခဲ့သော လူကုန်ကူးသူ လူပွဲစားများကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ လျှို့ဝှက်သည်းဖိုဇာတ်လမ်းဆန်နေသောကြောင့်လည်း ရင်ဝယ်တလှပ်လှပ် ခံစားခဲ့ကြရသည်။ မိန်းကလေးများ ပိတ်လှောင်ထားသည့်နေရာကို လုံးဝမသိကြရဘဲ သိအောင်စုံစမ်းပြီးမှ ကယ်တင်နိုင်ခဲ့ကြသူများကိုလည်း ချီးကျူးထောမနာ ဩဘာပေးကာ ဂုဏ်ပြုထိုက်ပါပေသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်ထုတ် **ပြည်မြန်မာသတင်းဂျာနယ်**တွင် လူကုန်ကူးခံကြရပြီး အွန်လိုင်းတွင် လိမ်ရန်အတွက် ငွေဝယ်ကျွန်အလား၊ အတင်းအကျပ်စေခိုင်းခြင်းခံခဲ့ရသည့် မြန်မာလုပ်သား ၂၃ ဦး၊ တရုတ်နိုင်ငံသား ခြောက်ဦး စုစုပေါင်း ၂၉ ဦးကို ဖိလစ်ပိုင်ရဲတပ်ဖွဲ့က မနီလာမြို့တွင် ကယ်တင်နိုင်ခဲ့ကြောင်း၊ POGO ကုမ္ပဏီဟု ဟန်ဆောင်ထားသော ကုမ္ပဏီတစ်ခုအတွက် လူကုန်ကူးမှုနှင့် တရားမဝင်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ တစ်နေ့ ၁၄ နာရီကြာအလုပ်လုပ်ရပြီး ပတ်စပို့ကို သိမ်းထားခံရကာ လိမ်လည်မှုတစ်စိတ်တစ်ပိုင်းအဖြစ် အွန်လိုင်းမှတစ်ဆင့် ဂိမ်းကစားရန်အတွက် ဖောက်သည်များကို ခေါ်ပေးကြရကြောင်း၊ လခတစ်လစာသာ ရရှိခဲ့ကြပြီး အိမ်ပြန်ရန် ကြိုးပမ်းပါက အလားတူကုမ္ပဏီတစ်ခုကို ရောင်းစားခံရကြောင်း၊ ထွက်ခွာလိုပါက မထွက်ခွာမီတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၃၄၂၉ ဒေါ်လာနှင့်ညီမျှသည့် ဖိလစ်ပိုင်သုံးငွေ ပီဆို ၅၅၀၀၀ ပေးရမည်ဟု ပြောကြောင်း၊ သူတို့ကို အခန်းတစ်ခန်းထဲမှာ သော့ခတ်ချုပ်နှောင်ထားပြီး ရိုက်နှက်နှိပ်စက်ကြောင်း ဖော်ပြထားရာ လူကုန်ကူးခံရခြင်း ငရဲတွင်းမှလွတ်မြောက်လာကြသူများအနေဖြင့် ကယ်တင်ရှင် ဖိလစ်ပိုင်ရဲတပ်ဖွဲ့ဝင်များကို အသက်သခင်ကျေးဇူးရှင်များအဖြစ် ထာဝစဉ်သတိရ ကျေးဇူးတင်နေကြရပေမည်။

လူတစ်ဦးတစ်ယောက်ကို အခြားသူတစ်ဦးကသော်လည်းကောင်း၊ တစ်ဦးထက်ပိုသော(ဥပမာ-နှစ်ဦး၊ သုံးဦးမက ပိုမိုများပြားသောအဖွဲ့၊ လူဆိုးဂိုဏ်း)ကသော်လည်းကောင်း ကာယကံရှင်၏ သဘောတူညီချက်အရဖြစ်စေ၊ ကာယကံရှင်က သဘောတူညီချက်မပါဘဲ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းကြက်သွန်နီနှင့် ကြက်သွန်ဖြူ ၉၇၅၁ ဧက စိုက်ပျိုးပြီးစီး

**ရွှေဘို ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ၉၇၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ကြက်သွန်နီ ၁၀၂၂၃ ဧကနှင့် ကြက်သွန်ဖြူ ၆၀၅၄ ဧက စုစုပေါင်း ၁၆၂၇၇ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကြက်သွန်နီနှင့်ကြက်သွန်ဖြူ ၉၇၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုခရိုင်အတွင်း ကြက်သွန်နီနဲ့ ကြက်သွန်ဖြူဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ ကြက်သွန်နီနဲ့ ကြက်သွန်ဖြူဧက ၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပါပြီ။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကြက်သွန်ဈေးကောင်းရဖို့လဲ ချိတ်ဆက် ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ဆောင်းကြက်သွန်နီ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၄၅၀၊ ခင်ဦးမြို့နယ်တွင် ၈၈၅ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၃၉၅၀၊ ကျောက်မြောင်းမြို့တွင် ၁၂၆ ဧကစုစုပေါင်း ၅၄၁၁ ဧကနှင့် ကြက်သွန်ဖြူစိုက်ပျိုးပြီးစီးမှုအနေဖြင့် ခင်ဦးမြို့နယ်တွင် ၃၂၄ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၀၁၆ ဧက စုစုပေါင်းဧက ၄၃၄၀ တို့ဖြစ်ကြောင်း သိရသည်။

ကြက်သွန်စိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်ကို ကြာရှည်စွာ ထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် အသိပညာပေးခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကြက်သွန်စိုက်ပျိုးရာတွင် ကြက်သွန်နီတစ်ဧကလျှင် ငွေ ကျပ် ၁၈ သိန်းခန့်ကုန်ကျပြီး တစ်ဧကလျှင် ပိဿာချိန် ၅၀၀၀ ထွက်ရှိကာ ကြက်သွန်ဖြူတစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းကုန်ကျပြီး တစ်ဧကလျှင် ပိဿာချိန် ၁၅၀၀ မှ ၂၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

(၂၀၆)



➤ စာမျက်နှာ ၄ မှအဆက်

ဖြစ်စေ စည်းရုံးခြင်း၊ သိမ်းသွင်းခြင်း၊ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည်ဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သည့်နည်းအမျိုးမျိုးတို့ဖြင့် လူအချင်းချင်းအရောင်းအဝယ်ပြုလုပ်ကြခြင်းကို**လူကုန်ကူးခြင်း**ဟု ဖွင့်ဆိုထားသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၉၇ ခုနှစ်က စတင်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကိုလည်း ၂၀၀၅ ခုနှစ်မှ စတင်ပြဋ္ဌာန်းအရေးယူနေခဲ့သည်။ ထိုဥပဒေအရ အရေးယူအပြစ်ပေးခဲ့သည့် လူကုန်ကူးမှု မှုခင်းသတင်းများကိုလည်း နေ့စဉ်သတင်းစာများနှင့် ဂျာနယ်များတွင် အခါအားလျော်စွာ ဖော်ပြပေးနေခဲ့ရာ ကြိုတင်ကာကွယ်နိုင်ကြစေရေးအတွက် အသိနှင့်သတိပေးနေခြင်းဖြစ်သည်။

သို့သော် လူကုန်ကူးမှု မှုခင်းများကား ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ဖြစ်ပွားနေဆဲပင်။ MoU စနစ်ဖြင့် ထိုင်း၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံများသို့ မကြာခဏစေလွှတ်နေသော သတင်းများကို တွေ့မြင်သိရှိနေကြရသည်။

ယခုတစ်လော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၃)ရပ်ကွက်ရှိ အလုပ်သမားဝန်ကြီးဌာန ပင်လုံခန်းမဝန်းကျင်(ဗိုလ်မင်းရောင်လမ်းမကြီးနှင့်မင်းရဲကျော်စွာလမ်းထောင့်)တွင် ပြည်ပနိုင်ငံများသို့ ကုမ္ပဏီများ၊ ပွဲစားများနှင့်ချိတ်ဆက်ကာ သွားလာကြမည့် အနယ်နယ်အရပ်ရပ်မှ လူငယ်မောင်မယ်ဆယ်ကျော်သက်အရွယ်ကလေးများ ၁၀ ဦးစီ၊ ၁၅ ဦးစီ၊ ဦးရေ ၂၀၊ ၃၀ စီ၊ အစုလိုက်၊ အဖွဲ့လိုက် တူညီဝတ်စုံကိုယ်စီနှင့်တစ်မျိုး၊ ဖြူနီကြောင်ကျားဒီဇိုင်းမျိုးစုံနှင့်တစ်ဖုံ အရောင်အသွေးစုံလင်စွာဖြင့် ပျားပန်းခပ်မျှ လှုပ်ရှားနေကြသည်ကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေကြရသည်။ လက်ဖက်ရည်ဆိုင်များနှင့် စားသောက်ဆိုင်များတွင်လည်း နေ့ရော ညနေခင်းပါ လူများပြည့်လျှံနေကြသည်။ လမ်းဘေးတွင်လည်း ဘေထုပ်များနှင့် အဝတ်အထည်ဈေးဆိုင်အပါအဝင် ဈေးဆိုင်မျိုးစုံနှင့်တက္ကစီများကလည်း ပြည့်ကျပ်နေလေရာ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားနေကြသဖြင့် လမ်းသွားလမ်းလာများ သည်းခံနေကြရသည်။

ထိုင်းသို့ ထိုင်းပွဲစားက တစ်ဦးလျှင် ငွေကျပ် ၁၆ သိန်းသာတောင်းသော်လည်း ကြားခံမြန်မာပွဲစားက ငွေကျပ် ၂၁ သိန်းတောင်းယူကာ တစ်ဦးလျှင် ငွေကျပ် ၅သိန်းစီတင်ထားကြောင်း၊ လူဦးရေ ၃၀ ဆိုလျှင် ငွေကျပ် သိန်း ၁၅၀ အမြတ်ယူကြသည့်အပြင် ရပ်ကွက်များအတွင်း ခေတ္တအိမ်ငှားပေးကြရာတွင်လည်း အိမ်ရှင်များထံကရော အိမ်ငှားလူငယ်များထံကပါ ပွဲခဖြတ်စားလေ့ရှိကြကြောင်း စိတ်မချမ်းမြေ့ဖွယ်ကြားသိနေရသည်။

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် လူငယ်မောင်မယ်များကိုကြည့်ပြီး ရင်ထဲတွင်မချိစွာခံစားနေမိသည်။ အိမ်ပေါင်၊ မြေယာပေါင်ပြီး စွန့်စားသွားလာကြမည့် လူငယ်လေးများ ပါဝင်လာကြမှာ သေချာလှသည်။ ပြည်ပသို့မရောက်သေးဘဲ ပြည်တွင်းတွင် လိမ်ညာမှုအမျိုးမျိုးကိုခံနေရလေပြီ။ သူတို့လေးများ၏ နောင်ရေးကိုတွေးပြီး ကြားထဲက ပူပင်စိုးရိမ်နေမိသည်။

အချုပ်ဆိုရလျှင် ပြည်တွင်းအလုပ်အကိုင်ရှားပါးမှု၊ ဆင်းရဲကျပ်တည်းမှု၊ အထွေထွေသောအကျပ်အတည်းအခက်အခဲများကြောင့် ပြည်ပနိုင်ငံများသို့ မလွှဲမရှောင်သာကြဘဲ စွန့်စားပြီးထွက်ခွာသွားလာအလုပ်ရှာနေကြသူများရော လုပ်ငန်းခွင်အသီးသီးတွင် ယာယီလုပ်ကိုင်ခွင့်ရနေကြသူများပါ **လူကိုလူချင်း လေနှင့်ရင်း ကျုံးသွင်းမြှူဆွယ်နေကြသည့် လူကုန်ကူးသူလူပွဲစားများ၏ အန္တရာယ်မှကင်းဝေးကြပါစေ၊** စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝကြပါစေ၊ သွားလမ်းသာ၍ ပြန်လမ်းဖြောင့်ပြီး ရည်မှန်းချက်များပြည့်ဝကြပါစေဟုသာ ဆုမွန်ကောင်းတောင်းနေရုံမှတစ်ပါး အခြားမရှိပြီတည်း။ ။

## ရင်ထဲက ဆောင်းအိပ်မက်

\- နှင်းမှုန်တွဲလွဲ တပို့တွဲကား
များမကြာမီ လာတော့မည်မို့
ခုဆီပြာသို ချမ်းအေးပိုလည်း
ရှေးဆိုခုထက် ပိုအေးစွက်မည်
နှစ်မက်ဖွယ်ရာ ဆောင်းကမ္ဘာ၊
ချစ်လျက်တွယ်တာ နှင်းပွင့်လွှာ။

\- ဆောင်းခြေရာနောက် တစ်ကောက်ကောက်နှင့်
မေ့ပျောက်မရှိ ရင်တွယ်ငြိသည့်
ချစ်မိသက်တာ ချောကလျာကို
ကိုယ့်မှာနှောင်တွယ် သည်းမှာလွယ်၍
ချစ်ကြွယ်ချစ်မိုး ရင်မှာဖြိုး၊
လှစ်တွယ်သစ်တိုး စဉ်သာစိုး။

\- နေလာလွင့်စဉ် ဆိုရမင့်လည်း
နှင်းလျှင်ရင်မှာ ပျောက်ကွယ်ပါ၍
ဆောင်းခါရင်တွင်း ရှိနေခြင်းက
အဆင်းဖြူဖွေး နှင်းပွင့်လေးတို့
ထွေးပွေ့ကာပင် အမြဲစဉ်၊
အေးမြေ့ကြည်ရွှင် အသည်းရင်။

\- သြော် . . .
ဆောင်းတွင်းအိပ်မက် ကယောက်ယက်နှင့်
သည်းသက်ရင်မှာ ဖြစ်နေပါလည်း
ကိုယ့်မှာချစ်ခြင်း ရာမယွင်းမို့
ရင်တွင်းမှာသာ ရှိသေချာပြီ
ရောက်ရာအရပ် အပြေးထပ်လို့
လှမ်းအပ်ခဲ့ပါ ဆောင်းလေးရာဟု
ကိုယ့်မှာမျှော်ရီ မှန်းဆတည်သည်
ရှေးဆီဝိုးဝါး နှင်းပွင့်လား၊
အတိတ်ပန်းချီကား မှုန်မှုန်ဝါး၊
အိပ်မက်လေလား တွေးဝေဝါး။ ။

**ပြေအေးသက်**

# နမ့်စန်မြို့နယ် ဟိုင်းနားကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုင်းနားကြီးကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ချေးငွေထုတ် ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ လိုက်နာရမည့်စည်းကမ်းနှင့် ရပိုင်ခွင့်များ ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၄၀ ဒသမ ၉၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

နိုင်ငံတကာ သတင်းများ

# ရုရှားကာကွယ်ရေးစက်မှုလုပ်ငန်းကို သမ္မတပူတင် ဂုဏ်ပြုစကားပြောကြား

**မော်စကို ဇန်နဝါရီ ၁၉**

ရုရှားနိုင်ငံ၏ အားကောင်းကျယ်ပြန့်သော စစ်ဘက်ဆိုင်ရာ စက်မှုလုပ်ငန်းသည် ယူကရိန်းစစ်ရေးပဋိပက္ခ၌ ရုရှားနိုင်ငံအောင်ပွဲရမည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

စိန့်ပီတာစဘတ်မြို့လေကြောင်းရန်ကာကွယ်ရေးစနစ် ထုတ်လုပ်ရေးစက်ရုံတစ်ရုံ၌ အလုပ်သမားများနှင့်တွေ့ဆုံစဉ် ရုရှားသမ္မတပူတင်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယူကရိန်း အထူးစစ်ဆင်ရေးများကြောင့် လက်နက်ခဲယမ်းလိုအပ်ချက်မြင့်တက်လာချိန်တွင် ရုရှားကာကွယ်ရေးစက်မှုလုပ်ငန်းများကလည်းထုတ်လုပ်မှုနှုန်းကိုမြှင့်တင်နေဟု သမ္မတပူတင်က ပြောကြားခဲ့သည်။

ရုရှား လက်နက်ထုတ်လုပ်ရေးကုမ္ပဏီများ ထုတ်လုပ်ထားသည့် လေကြောင်းရန်ကာကွယ်ရေးစနစ်ဒုံးကျည်အရေအတွက်မှာ ကျန်သည့်ကမ္ဘာ့နိုင်ငံအားလုံး ပိုင်ဆိုင်ထားသည့်အရေအတွက် နီးပါးလောက်ပင်ရှိကြောင်း ရုရှားသမ္မတပူတင်၏ အဆိုအရ သိရသည်။

ဇန်နဝါရီ ၁၈ ရက်နံနက်ပိုင်းတွင် ရုရှားသမ္မတ ပူတင်သည် လီနင်ဂရက်မြို့ အဝိုင်းခံရမှုအဆုံးသတ်ခြင်း နှစ် ၈၀ ပြည့်အခမ်းအနားသို့စစ်ပြန်များနှင့်အတူ တက်ရောက်ခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် ရုရှားလူမျိုးများနှင့် ရုရှားစကားပြောပြည်သူများကို ကာကွယ်ရေးအတွက် ယူကရိန်း၌တိုက်ပွဲဝင်နေခြင်းဖြစ်သည်ဟုအဆိုပါအခမ်းအနား၌ သမ္မတပူတင်က ပြောကြားခဲ့ကြောင်း သိရသည်။ KKO



# နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်း ရာထူးမှ နုတ်ထွက်မည်

**ဝယ်လင်တန် ဇန်နဝါရီ ၁၉**

နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်းသည် ယခုနှစ် ဖေဖော်ဝါရီလ အစောပိုင်းထက်နောက်မကျဘဲ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်ဟု ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်းသည် ဝန်ကြီးချုပ်အဖြစ်မှနုတ်ထွက်မည့်အစီအစဉ်ကို ယနေ့တွင် အံ့အားသင့်ဖွယ် ကြေညာခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် နယူးဇီလန်ဝန်ကြီးချုပ်အဖြစ် ခက်ခဲကြမ်းတမ်းသော ငါးနှစ်ကျော်ကြာကာလကို ဖြတ်ခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်ရာ မိမိအနေဖြင့် ရာထူးမှဖယ်ပေးရန် လိုကြောင်း အသက် ၄၂ နှစ်အရွယ် ဝန်ကြီးချုပ်အာဒန်းက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ကြေညာခဲ့သည်။

ထို့ပြင် ၎င်းအနေဖြင့် ဝန်ကြီးချုပ်ရာထူးအတွက် ထပ်မံယှဉ်ပြိုင်တော့မည် မဟုတ်ကြောင်းလည်း ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်းက ပြောကြားခဲ့သည်။

ရာထူးမှနုတ်ထွက်မည့် အစီအစဉ်ကို ဝန်ကြီးချုပ်က ကြေညာခဲ့ပြီးနောက် လက်ရှိအာဏာရ နယူးဇီလန်လေဘာပါတီသည် ပါတီခေါင်းဆောင်သစ် မဲခွဲရွေးချယ်ပွဲကို ဇန်နဝါရီ ၂၃ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

နယူးဇီလန် လေဘာပါတီခေါင်းဆောင်သစ်သည် အထွေထွေရွေးကောက်ပွဲသစ် ကျင်းပချိန်ထိတိုင် ဝန်ကြီးချုပ် တာဝန်ကို ရယူမည်ဖြစ်ကြောင်း သိရသည်။KKO

# အလုပ်သမားများ၏ အနိမ့်ဆုံးလုပ်ခလစာကို စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှင့်အညီ မြှင့်တင်ပေးသင့်ဟု ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗား ပြောကြား



**ဘရာဇီးလီးယား ဇန်နဝါရီ ၁၉**

နိုင်ငံတော်အတွင်းရှိ အလုပ်သမားများ၏ အနိမ့်ဆုံးလုပ်ခလစာကို နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှင့်အညီ မြှင့်တင်ပေးသင့်ကြောင်း ဘရာဇီးသမ္မတလူလာဒါဆေးလ်ဗားက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားလိုက်သည်။

အလုပ်သမားများ၏ လုပ်ခလစာကို နှစ်စဉ် ၇ ဒသမ ၄၃ ရာခိုင်နှုန်းမြှင့်တင်ပေးရန် ဘရာဇီးအစိုးရက သဘောတူခဲ့ပြီးနောက် သမ္မတ လူလာဒါဆေးလ်ဗားက အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မိမိတို့အနေဖြင့် အလုပ်သမားများ၏ လုပ်ခလစာအား ငွေကြေးတန်ဖိုးဖောင်းပွမှုနှုန်း အထက်သို့ မြှင့်တင်နိုင်မှုကို သက်သေပြခဲ့ပြီးဖြစ်ကြောင်း ဘရာဇီးသမ္မတက အလုပ်သမားသမဂ္ဂတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် မိမိတို့အနေဖြင့် အလုပ်သမားများ၏လုပ်ခလစာကို နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းနှင့်အညီ မြှင့်တင်ပေးသင့်ကြောင်း သမ္မတ လူလာဒါဆေးလ်ဗားက ပြောကြားခဲ့သည်။

သမ္မတ လူလာဒါဆေးလ်ဗား၏ အဆိုပါစကားအရ ဘရာဇီးအစိုးရအနေဖြင့် အလုပ်သမားများ၏ အနိမ့်ဆုံး လုပ်ခလစာနှုန်းကို ထပ်မံမြှင့်တင်ပေးမည့် အလားအလာမျိုး ရှိနေနိုင်ကြောင်း သိရသည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလ သမ္မတရွေးကောက်ပွဲ၌ အနိုင်ရခဲ့ပြီးနောက် ဇန်နဝါရီ ၁ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ KKO

# မာဖီးယားခေါင်းဆောင် မက်တီယိုမက်ဆီနာကို လုံခြုံရေးအတင်းကျပ်ဆုံးထောင်၌ ထိန်းသိမ်းထား

**ရောမ ဇန်နဝါရီ ၁၉**

ကမ္ဘာကျော်တရားခံပြေး မာဖီးယားခေါင်းဆောင် မက်တီယိုမက်ဆီနာကို အီတလီအာဏာပိုင်များက အီတလီအလယ်ပိုင်းရှိ လုံခြုံရေးအထူးတင်းကျပ်သော အကျဉ်းထောင်တစ်ခု၌ ဇန်နဝါရီ ၁၈ ရက်တွင် ဖမ်းဆီးထိန်းသိမ်းထားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

မက်တီယိုမက်ဆီနာသည် ကော်စတာရယ်လီအမည်ရှိ အဆိုပါအကျဉ်းထောင်၌ အီတလီနိုင်ငံ၏ အန္တရာယ်အကြီးမားဆုံး အကျဉ်းသားများအတွက် ကျင့်သုံးသည့် စည်းမျဉ်း ကန့်သတ်ချက်များကို ရင်ဆိုင်ရမည်ဖြစ်သည်။

နှစ်ပေါင်း ၃၀ ကြာမျှ တရားခံပြေးတစ်ဦးအဖြစ် ရှောင်တိမ်းနေခဲ့သော မက်တီယိုမက်ဆီနာကို စစ္စလီကျွန်းဆေးရုံတစ်ရုံ၌ ဇန်နဝါရီ ၁၆ ရက်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

မက်ဆီယိုမက်တီနာသည် ၁၉၉၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မာဖီးယားဆန့်ကျင်ရေးသမားရှေ့နေ နှစ်ဦးသတ်ဖြတ်ခံရမှုအပါအဝင် ဖြစ်မှုအမျိုးမျိုးအတွက် မျက်ကွယ်၌ ထောင်ဒဏ် တစ်သက်တစ်ကျွန်းအပြစ်ဒဏ်များ အကြိမ်ကြိမ်ချမှတ်ခံခဲ့ရသူဖြစ်သည်။

၁၉၉၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော ကော်စတာရယ်လီအကျဉ်းထောင်၌ မက်တီယိုမက်ဆီနာ အပါအဝင် အကျဉ်းသား ဦးရေ ၁၆၀ ကိုသာ အီတလီအစိုးရက ထိန်းသိမ်းထားသည်။


ကင်ဆာရောဂါ ခံစားနေရသည့် မက်တီယိုမက်ဆီနာသည် အကျဉ်းထောင်တည်ရှိရာ အယ်လ်အကွီလာမြို့ရှိ ဆေးရုံတစ်ရုံ၌ ဆေးဝါးကုသမှု ဆက်လက်ခံယူရဖွယ်ရှိကြောင်း သိရသည်။

KKO

# တော်လှန်ရေးအစောင့်တပ်ကို အကြမ်းဖက်အုပ်စုအဖြစ် စာရင်းမသွင်းရန် ဥရောပသမဂ္ဂကို အီရန်သတိပေး

**တီဟီရန် ဇန်နဝါရီ ၁၉**

အီရန်တော်လှန်ရေး အစောင့်တပ်ကို အကြမ်းဖက်အဖွဲ့များစာရင်းတွင် မထည့်သွင်းရန် အီရန်နိုင်ငံခြားရေးဝန်ကြီး ဟော့ဆိန်းအမီရာအက်ဘ်ဒူလာဟီအန်က ယနေ့တွင် သတိပေးလိုက်သည်။



ဥရောပသမဂ္ဂ ပြည်ပရေးရာမဟာမင်းကြီး ဂျိုးဆက်ဘော်ရဲလ်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် အီရန်နိုင်ငံခြားရေးဝန်ကြီးက အဆိုပါအတိုင်း သတိပေးခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဥရောပသမဂ္ဂအနေဖြင့် အီရန်တော်လှန်ရေး အစောင့်တပ်ကို အကြမ်းဖက်အဖွဲ့အစည်းများစာရင်း ထည့်သွင်းမည်ဆိုပါက ကိုယ့်ပြဿနာကိုယ် ဖန်တီးရာရောက်လိမ့်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အမီရာအက်ဘ်ဒူလာဟီအန်က ဥရောပသမဂ္ဂ ပြည်ပရေးရာမဟာမင်းကြီးဂျိုးဆက်ဘော်ရဲလ်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် ပြောကြားခဲ့သည်။

အီရန်တော်လှန်ရေး အစောင့်တပ်အကြမ်းဖက် အဖွဲ့အစည်းအဖြစ် သတ်မှတ်စာရင်းသွင်းရန် ဥရောပပါလီမန်က ဇန်နဝါရီ ၁၈ ရက်တွင်ဥရောပသမဂ္ဂကို တိုက်တွန်းခဲ့ပြီးနောက် အီရန်၏သတိပေးချက် ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း သိရသည်။

ထို့အတူ အီရန်တော်လှန်ရေးအစောင့်တပ်ကို အကြမ်းဖက်အုပ်စုစာရင်းထဲမထည့်ရန် အီရန်စစ်ဘက်ကလည်း ယနေ့မှာပင် ဥရောပသမဂ္ဂကို သတိပေးခဲ့သည်။ KKO

# SCIENCE AND TECHNOLOGY

## အာကာသအတွင်းနေစွမ်းအင်ရယူ၍ ကမ္ဘာမြေပေါ်သို့ပြန်လည်ပေးပို့မည့် ဗြိတိန်နည်းပညာကုမ္ပဏီ၏စီမံချက်ကို ဆော်ဒီအာရေဗျအစိုးရ ဘဏ္ဍာရေးအရ ကူညီမည်



**လန်ဒန် ဇန်နဝါရီ ၁၉**

အာကာသအတွင်း နေစွမ်းအင်ကိုရယူ၍ ကမ္ဘာမြေပေါ်သို့ ပြန်လည်ပေးပို့မည့် ဗြိတိန်နည်းပညာကုမ္ပဏီတစ်ခု၏ စီမံချက်ကို ဆော်ဒီအာရေဗျအစိုးရက ဘဏ္ဍာရေးအရ ကူညီမည်ဖြစ်ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၁၈ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံအခြေစိုက် စပေ့စ်ဆိုလာကုမ္ပဏီသည် အာကာသအတွင်းရှိ နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားကို ကြိမ်နှုန်းမြင့်ရေဒီယိုလှိုင်းများအဖြစ်ပြောင်းလဲ၍ ကမ္ဘာမြေပေါ်သို့ ပြန်လည်ပေးပို့မည့် စီမံကိန်းတစ်ရပ်ကို ရေးဆွဲထားကြောင်း သိရသည်။

အဆိုပါစီမံကိန်းအရ အနံတစ်မိုင်ခန့်ရှိမည့် နေစွမ်းအင်ပြားများတပ်ဆင်ထားသည့် အကြီးစားဂြိုဟ်တုတစ်စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ နေရာချထားရမည်ဖြစ်ကြောင်း သိရသည်။

နေစွမ်းအင်ပြားများကို စက်ရုပ်နည်းပညာအကူအညီဖြင့် တပ်ဆင်မည်ဖြစ်ပြီး နေစွမ်းအင်ပြားများအပါအဝင် ဂြိုဟ်တုတစ်စင်းလုံး၏ အလေးချိန်မှာ တန်ချိန် ၂၀၀၀ ထိရှိမည်ဖြစ်ကြောင်း စပေ့စ်ဆိုလာကုမ္ပဏီ၏အဆိုအရ သိရသည်။

အဆိုပါ စီမံကိန်းအတွက် မိမိတို့အနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၏ ဘဏ္ဍာရေးအထောက်အပံ့များ ရရှိမည်ဟု စပေ့စ်ဆိုလာကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အာကာသအတွင်း နေစွမ်းအင်မှတစ်ဆင့် လျှပ်စစ်ဓာတ်အားရယူရေးစီမံကိန်းများကို တရုတ်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ကလည်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

KKO

## ချီလီသိပ္ပံပညာရှင်များက အန္တာတိကဒေသပြင်ပ၌ မှတ်တမ်းရှိခဲ့ဖူးသမျှ တောင်ဘက်စွန်းအကျဆုံး ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများကို တူးဖော်တွေ့ရှိထား

**ဆန်တီယာဂို ဇန်နဝါရီ ၁၉**

ချီလီနိုင်ငံ ပါတာဂိုနီးယားဒေသမှ သိပ္ပံပညာရှင်များသည် အန္တာတိကဒေသပြင်ပ၌ မှတ်တမ်းရှိခဲ့ဖူးသမျှ တောင်ဘက်စွန်းအကျဆုံး ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းများကို တူးဖော်တွေ့ရှိထားကြောင်း Reuters သတင်းဌာနက ဇန်နဝါရီ ၁၈ ရက်က ရေးသားတင်ပြထားသည်။

ချီလီသိပ္ပံပညာရှင်များ တူးဖော်တွေ့ရှိခဲ့သည့် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများထဲတွင် မီဂါရက်ပ်တာ ခေါ် အသေးစားဒိုင်နိုဆောတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများလည်းပါဝင်ကြောင်း သိရသည်။

မီဂါရက်ပ်တာ ဒိုင်နိုဆောများသည် လွန်ခဲ့သော နှစ်သန်း ၇၀ ခန့်ကာလ ခရီးတေးစီးရပ်စ်ဘူမိခေတ်အတွင်း ယနေ့တောင်အမေရိကတစ်ဝန်း၌ ရှင်သန်ခဲ့ကြသော ကမ္ဘာဦး သက်ရှိများဖြစ်ကြောင်း သိရသည်။



မီဂါရက်ပ်တာများသည် ကိုယ်ခန္ဓာအလျား ၁၀ မီတာထိရှိတတ်ကြောင်း ချီလီသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ချီလီ သိပ္ပံပညာရှင်များသည် မီဂါရက်ပ်တာ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများကို ချီလီနိုင်ငံ တောင်ဘက်ဖျား ရီယိုဒီလက်ခ်ချီနက်စ်တောင်ကြားနယ်မြေ၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

မီဂါရက်ပ်တာ ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းများနှင့်အတူ အမွေးအမျှင် အတောင်ပံများပါသည့်ဒိုင်နိုဆောတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း ချီလီသိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြကြောင်း သိရသည်။

KKO

## အလွန်ပြင်းထန်သည့် ခရမ်းလွန်ဖြာထွက်ရောင်ခြည်များရိုက်ခတ်မှုက ကမ္ဘာပေါ်၌ပေါ်ပေါက်ခဲ့သော အကြီးမားဆုံးသက်ရှိမျိုးစိတ်များ မျိုးသုဉ်းကွယ်ပျောက်မှုဖြစ်စဉ်နှင့် ပတ်သက်နေနိုင်

**လန်ဒန် ဇန်နဝါရီ ၁၉**

အလွန်ပြင်းထန်သည့် ခရမ်းလွန်ဖြာထွက်ရောင်ခြည်များ ရိုက်ခတ်မှုသည် ကမ္ဘာပေါ်၌ ပေါ်ပေါက်ခဲ့သော အကြီးမားဆုံးသက်ရှိမျိုးစိတ်များ မျိုးသုဉ်းကွယ်ပျောက်မှုဖြစ်စဉ်နှင့် ပတ်သက်နေနိုင်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၈ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ နော့သမ်ဟမ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ပါမီယံ-ထရိုင်အားဆစ် ဘူမိခေတ် သက်ရှိများ မျိုးသုဉ်းကွယ်ပျောက်မှုဖြစ်စဉ်ကာလမှ ပန်းဝတ်မှုန် ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ အထက်ပါ ပန်းဝတ်မှုန်များမှာ ခရမ်းလွန်ဖြာထွက်ရောင်ခြည်ဒဏ်ကို ကာကွယ်ပေးသည့် နေကာဓာတုဒြပ်ပေါင်းများ ထုတ်ပေးတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သိပ္ပံပညာရှင်များသည် ပါမီယံ-ထရိုင်အားဆစ် ဘူမိခေတ် ပန်းဝတ်မှုန် ကျောက်ဖြစ်ရုပ်ကြွင်းများကို လေဆာရောင်ခြည်သုံး နည်းပညာဖြင့် လေ့လာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပါမီယံ-ထရိုင်အားဆစ်ဘူမိခေတ်သက်ရှိများ မျိုးသုဉ်းကွယ်ပျောက်မှုဖြစ်စဉ်တွင် ခရမ်းလွန်ဖြာထွက်ရောင်ခြည်များ ရိုက်ခတ်မှုသည်လည်း တစ်စိတ်တစ်ဒေသ ပတ်သက်နေနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လွန်ခဲ့သောနှစ်ပေါင်း သန်း ၂၅၀ ခန့်ကဖြစ်ပွားခဲ့သည့် ပါမီယံ-ထရိုင်အားဆစ်ဘူမိခေတ် သက်ရှိမျိုးသုဉ်း ကွယ်ပျောက်မှုဖြစ်စဉ်အတွင်း ကမ္ဘာပေါ်ရှိ ကုန်းနေ၊ ရေနေ သက်ရှိမျိုးစိတ် ၈၀ ရာခိုင်နှုန်း ပျောက်ကွယ်ခဲ့ရကြောင်း သိရသည်။

KKO

# HEALTH

## ဇီဝအကျိုးပြုဗက်တီးရီးယားဆေးများက အရိုးဆက်ရောင်ရမ်းနာအတွက် ကုထုံးသစ်ဖြစ်လာနိုင်

**နယူးယောက် ဇန်နဝါရီ ၁၉**

ဇီဝအကျိုးပြု ဗက်တီးရီးယားများဖြင့်ဖန်တီးထားသော ဆေးအမျိုးအစားသည် အရိုးဆက်ရောင်ရမ်းနာရောဂါ Rheumatoid Arthritis (RA) အတွက် ကုထုံးသစ်ဖြစ်လာနိုင်ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၁၈ ရက်က ရေးသားတင်ပြထားသည်။

ဇီဝအကျိုးပြု ဆေးဝါးသစ်များသည် ရောင်ရမ်းမှုတိုက်ဖျက်ရေးဂုဏ်သတ္တိရှိသည့် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားများ စုဖွဲ့မှုကို မြှင့်တင်ပေးခြင်းဖြင့် RA ရောဂါလက္ခဏာများ ပြင်းထန်မှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသန ပညာရှင်များက မျှော်လင့်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဇီဝအကျိုးပြုဗက်တီးရီးယားတစ်မျိုးကို Shk-235 ခေါ် ရောင်ရမ်းမှု တိုက်ဖျက်ရေးဂုဏ်သတ္တိရှိ ဓာတုဒြပ်ပေါင်းတစ်မျိုး ဖန်တီးနိုင်သည့် သွေးလည်ပတ်မှုစနစ်အတွင်း ထည့်သွင်းပေးနိုင်သည့် ဗက်တီးရီးယားအဖြစ်သို့ မျိုးဗီဇအင်ဂျင်နီယာ နည်းပညာဖြင့် ပြောင်းလဲထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဆိုပါဇီဝအကျိုးပြုဗက်တီးရီးယားများကို RA ရောဂါလက္ခဏာရှိသည့် ကြွက်များကိုထိုးနှံပေးခဲ့ရာ တစ်ကြိမ်တည်းနှင့်ပင် အရိုးဆက်များတစ်ဝိုက် ရောင်ရမ်းမှုလက္ခဏာများ လျော့ကျသွားကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

အဆိုပါ ဇီဝအကျိုးပြုဗက်တီးရီးယားဆေးကို လူသား RA လူနာများဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်နိုင်ရန် သုတေသနပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

KKO

## သဘာဝတရား၌ အချိန်ပေးမွေ့လျော်ခြင်းဖြင့် စိတ်ကျန်းမာရေးဆေးများသုံးစွဲရမှုကို လျှော့ချပေးနိုင်

**ဟယ်လ်ဆင်ကီး ဇန်နဝါရီ ၁၉**

သဘာဝ ရေမြေတောတောင်များ၌ အချိန်ပေးမွေ့လျော်ပေးခြင်းဖြင့် စိုးရိမ်သောကဝေဒနာ ကုစားရေးဆေးများနှင့် အခြားစိတ်ကျန်းမာရေးဆေးဝါးများ သုံးစွဲရမှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ယူပီအိုင်သတင်းဌာနက ဇန်နဝါရီ ၁၈ ရက်က ရေးသားတင်ပြထားသည်။

ဖင်လန် သုတေသနပညာရှင်များ၏အဆိုအရ ရက်သတ္တတစ်ပတ်လျှင် လေးကြိမ်ထိ သဘာဝတရား၌ အချိန်ပေးပျော်မွေ့သူများတွင် စိတ်ကျန်းမာရေးဆေးဝါးများ သုံးစွဲရနိုင်ခြေကို ၃၃ ရာခိုင်နှုန်း လျှော့ချ ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

ထို့ပြင် သစ်တောနှင့်ဥယျာဉ်များအပါအဝင် စိမ်းလန်းသောလေဟာပြင်များ၊ ရေကန်နှင့်ပင်လယ်များအပါအဝင် အပြာရောင်သန်းသည့် ဝန်းကျင်များ၌ အချိန်ပေးမွေ့လျော်ပါက သွေးပေါင်ကျဆေးသုံးစွဲရနိုင်ခြေမှာ ၃၆ ရာခိုင်နှုန်း ကျဆင်းသွားနိုင်ပြီး ပန်းနာရင်ကျပ်ဆေးများ သုံးစွဲရနိုင်ခြေမှာ ၂၆ ရာခိုင်နှုန်းကျဆင်းသွားတတ်ကြောင်း သိရသည်။

ဖင်လန် သုတေသနပညာရှင်များသည် လူပေါင်း ၆၀၀၀ ကျော်တို့၏ သဘာဝ၌မွေ့လျော်မှုပုံစံများနှင့် ကျန်းမာရေးအချက်အလက်များကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့ လေ့လာတွေ့ရှိချက်၏ သက်သေတချို့မှာ ရှေ့နောက်မညီသည့်တိုင် လွှမ်းခြုံသုံးသပ်ကြည့်ပါက သဘာဝပတ်ဝန်းကျင်နှင့်ထိတွေ့မှုမှာ လူ့ကျန်းမာရေးအတွက် အကျိုးပြုနိုင်ဖွယ်ရှိသည်ကို တွေ့ရကြောင်း ဖင်လန်သုတေသနပညာရှင်များက ပြောကြားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ် ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်များ

ML

### လက်စတာ Vs ဘရိုက်တန်

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၃ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘရိုက်တန် ၅ – ၂ လက်စတာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လက်စတာ | – | ဝေး(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| ဘရိုက်တန် | – | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

လက်စတာအသင်းဟာ အဓိက ကစားသမား ခုနစ်ဦးထိ ဒဏ်ရာရနေတာကြောင့် ပရီးမီးယားလိဂ်လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပါတယ်။ ဘရိုက်တန်ကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဘရိုက်တန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လက်စတာ ၁ – ၂ ဘရိုက်တန်**

### ဝက်စ်ဟမ်း Vs အဲဗာတန်

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၃ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အဲဗာတန် ၁ – ၀ ဝက်စ်ဟမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | – | ဝေး(သရေ) | ဝေး(နိုင်) | ဝေး(ရှုံး) |
| အဲဗာတန် | – | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

ဝက်စ်ဟမ်းအသင်းက အိမ်ကွင်းတိုက်စစ်ထက်မြက်တာကြောင့် အခုပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲရှာလာမှာပါ။ အဲဗာတန်အသင်းကတော့ ကစားကွက်ပိုင်းကျဆင်းနေတဲ့အပြင် ဒဏ်ရာရကစားသမားများပြားနေတာကြောင့် အမှတ်ပေးပြိုင်ပွဲ ငါးပွဲဆက်ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဝက်စ်ဟမ်းအသင်းပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဝက်စ်ဟမ်း ၁ – ၀ အဲဗာတန်**

### ပဲလေ့စ် Vs နယူးကာဆယ်

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၃ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နယူးကာဆယ် ၀ – ၀ ပဲလေ့စ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | – | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(သရေ) |
| နယူးကာဆယ် | – | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

ပဲလေ့စ်အသင်းဟာ လေးပွဲဆက်နိုင်ပွဲမရခဲ့ပေမဲ့ ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ မန်ယူအသင်းကို သရေကစားနိုင်ခဲ့ပြီး ကစားပုံတိုးတက်လာပါတယ်။ နယူးကာဆယ်အသင်းကတော့ ဂူမာရေ့စ် ဒဏ်ရာရပြီးနောက်ပိုင်း တိုက်စစ်ပိုင်းကျဆင်းသွားပြီး အဝေးကွင်းပွဲစဉ်တွေမှာ ရုန်းကန်နေရတာဖြစ်ပါတယ်။ ဒါကြောင့် ပဲလေ့စ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ပဲလေ့စ် ၁ – ၁ နယူးကာဆယ်**

## အားကစားသတင်း အတိုအထွာများ

- ဂိုးသမား ကာရီးယက်စ်က နယူးကာဆယ်အသင်းနှင့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကုန်ထိ စာချုပ်သက်တမ်းတိုးခဲ့ကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းက အေဗီလာအသင်းတွင် ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရသည့် တိုက်စစ်မှူး ဒန်နီအင့်ကို ခေါ်ယူရန် ထပ်မံကြိုးပမ်းလျက်ရှိသည်။
- ဂလာဘတ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့မည့် ဂိုးသမား ဆိုမာ၏နေရာတွင် မောင့်ပယ်လီယာအသင်း ဂိုးသမား အိုမလင်းနှင့် အစားထိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ML

# တိုက်စစ်မှူး ဒီပေး အေတီကိုအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို လေးသန်းဝန်းကျင်ဖြင့် ပြောင်းရွှေ့



**မက်ဒရစ် ဇန်နဝါရီ ၁၉**

ဥရောပထိပ်သီးကလပ်အသင်းများက စိတ်ဝင်စားနေသည့် တိုက်စစ်မှူး ဒီပေးသည် လာလီဂါပြိုင်ဘက် အေတီကိုအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို လေးသန်းဝန်းကျင်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီပေးသည် ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် ခြောက်လသာကျန်ရှိတော့သဖြင့် ဥရောပထိပ်သီးကလပ်အသင်းများဖြစ်သည့် မန်ယူ၊ အာဆင်နယ်၊ နယူးကာဆယ်နှင့် စပါးအသင်းတို့က ခေါ်ယူရန် အပြိုင် ကမ်းလှမ်းခဲ့သော်လည်း ဘာစီလိုနာအသင်းက အေတီကိုအသင်း၏ ကမ်းလှမ်းမှုကိုသာ လက်ခံခဲ့ပြီး ပြောင်းရွှေ့ကြေး ယူရို လေးသန်းဝန်းကျင်ဖြင့် နှစ်နှစ်ခွဲစာချုပ်ချုပ်ဆိုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် အသက် ၂၈ နှစ်ရှိ တိုက်စစ်မှူးဒီပေးသည် အေတီကိုအသင်းနှင့် ဆေးစစ်မှုခံယူရန် မက်ဒရစ်မြို့သို့ ရောက်ရှိနေပြီး ဆေးစစ်မှုအောင်မြင်ပါက နှစ်နှစ်ခွဲစာချုပ်ချုပ် ချုပ်ဆို၍ တရားဝင်ကစားသမားအဖြစ် ထုတ်ပြန်ကြေညာမည်ဟု အသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘာစီလိုနာ အသင်းသည် ဒီပေး၏နေရာတွင် ပြန်လည်အစားထိုးရန်အတွက် အေတီကိုအသင်း တိုက်စစ်မှူး ကာရက်စကိုအား အငှားစာချုပ်ဖြင့် ပြန်လည်ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း အေတီကိုအသင်းက အသင်းနှင့်စာချုပ်သက်တမ်း တစ်နှစ်သာကျန်ရှိတော့သည့် ၎င်းတို့ကစားသမားကို အနည်းဆုံးယူရို သန်း ၂၀ ဖြင့် အပြီးသတ်ရောင်းချရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒီပေးသည် ၂၀၂၁ ခုနှစ်က ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရပြီး နောက်ပိုင်း နည်းပြဇာဗီလက်ထက်တွင် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ကာ ခြေစွမ်းပိုင်း ကျဆင်းလာသောကြောင့် အရန်ကစားသမားအဖြစ်သာ ပါဝင်နေရသဖြင့် ဘာစီလိုနာအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ML

# ဂိုလို့ဗ်ကင်က မန်ဂွီယာဖြင့် ထိုးသတ်မည့်သတင်းများကို ငြင်းဆို

**အက်စ်တာနာ ဇန်နဝါရီ ၁၉**

IBF၊ IBO၊ WBA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဂိုလို့ဗ်ကင်သည် ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် WBO Inter-Continental မစ်ဒယ်ဝိတ်တန်းချန်ပီယံ မန်ဂွီယာနှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် ဂိုလို့ဗ်ကင်ကမန်ဂွီယာနှင့် ထိုးသတ်သွားရန် စိတ်မဝင်စားကြောင်း တုံ့ပြန်ပြောကြားခဲ့သည်ဟု Newsomax သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကာဇက်စတန် လက်ဝှေ့သမား ဂိုလို့ဗ်ကင်သည် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်တွင် WBA (Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်နှင့် ထိုးသတ်ခဲ့ရာတွင် ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ခေတ္တအနားယူနေသည်။

ဂိုလို့ဗ်ကင်အနေဖြင့် သတ်မှတ်အချိန်ကာလတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်ထိုးသတ်ရမည်ဖြစ်သော်လည်း မက္ကဆီကိုလက်ဝှေ့သမား မန်ဂွီယာနှင့် ထိုးသတ်သွားရန် စိတ်မဝင်စားကြောင်း အခြားသော ပြိုင်ဘက်တစ်ဦးဦးကိုသာ ရွေးချယ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန်ဂွီယာ အနေဖြင့်လည်း ၂၀၂၃ ခုနှစ်အတွင်း စိန်ခေါ် ထိုးသတ်သွားမည့် ပြိုင်ဘက်စာရင်းကို ထုတ်ပြန်ခဲ့ပြီး ယင်းစာရင်းတွင် ဂိုလို့ဗ်ကင်က ဦးစားပေးဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန်ဂွီယာစိန်ခေါ်ထိုးသတ်သွားရန် လျာထားသည့်လက်ဝှေ့သမားစာရင်းတွင် WBC မစ်ဒယ်ဝိတ်တန်းချန်ပီယံ ဂျာမောချာလို၊ WBA လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဘီဗိုလ်တို့ ဖြစ်သည်။

သို့သော်လည်း ဂိုလို့ဗ်ကင်က မန်ဂွီယာနှင့် ထိုးသတ်သွားရန် ဆန္ဒမရှိကြောင်း ထုတ်ပြန်ခဲ့သည့်အတွက် မန်ဂွီယာအနေဖြင့် ဂျာမောချာလို သို့မဟုတ် ဝိတ်တန်းမြင့်ကာ ဘီဗိုလ်ဖြင့် ထိုးသတ်သွားဖွယ်ရှိနေကြောင်း သိရသည်။ AZL

# အီတလီစူပါဖလားသမိုင်းတစ်လျှောက် အသက်အကြီးဆုံး ဂိုးသွင်းသူအဖြစ် အင်တာမီလန်အသင်း တိုက်စစ်မှူးဒီဇစ်ကို မှတ်တမ်းဝင်

**ရောမ ဇန်နဝါရီ ၁၉**

အင်တာမီလန်အသင်း ဝါရင့်တိုက်စစ်ကစားသမား ဒီဇစ်ကိုသည် အီတလီစူပါဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် အသက်အကြီးဆုံး ဂိုးသွင်းသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်ဟု Footballitalia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယနေ့ နံနက်ပိုင်းက အီတလီစူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် အင်တာမီလန်အသင်းနှင့် အေစီမီလန်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် အင်တာမီလန်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်တွင် ဒီဇစ်ကိုက ပွဲချိန် ၂၁မိနစ်တွင် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့ခြင်းဖြစ်သည်။

အီတလီစူပါဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ဒီဇစ်ကိုမတိုင်မီက အသက်အကြီးဆုံး ဂိုးသွင်းယူသည့် ကစားသမားအဖြစ် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က စီရော်နယ်ဒိုက အသက် ၃၅ နှစ်ဖြင့် စံချိန်တင်ထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဒီဇစ်ကိုက အသက် ၃၆ နှစ်ဖြင့် အသက်အကြီးဆုံး ဂိုးသွင်းသူအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။



ဒီဇစ်ကိုက "အသင်းနဲ့ဆုဖလားဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ဗိုလ်လုပွဲမှာ ဂိုးသွင်းပြီး အသက်အကြီးဆုံး ဂိုးသွင်းရှင်ဖြစ်လာခဲ့ပေမဲ့ ကျွန်တော်ကတော့ အခုထိ ကိုယ့်ကိုယ်ကိုယ် အသက် ၂၀ ကျော်လောက်ပဲ ရှိတယ်လို့ ခံစားမိပါတယ်။ လက်ရှိအချိန်ထိ ကျွန်တော် လူငယ်ကစားသမားတစ်ယောက်လိုပဲခံစားမိပါတယ်"ဟု ပြောကြားခဲ့သည်။ STA

# ၂၀၂၃ ခုနှစ် ဂေါက်သီးရိုက်ရာသီ၏ ပွဲဦးထွက်ပြိုင်ပွဲဝင်ရန် ဟက်ဝင်နှင့်ဟန်ဒါဆင်တို့ ပြင်ဆင်






**အော့တာဝါ ဇန်နဝါရီ ၁၉**

ကနေဒါနိုင်ငံ၏ လက်ရှိ အကောင်းဆုံး ဂေါက်သီးရိုက်ကစားသမား ဟက်ဝင်နှင့် ဂေါက်သီးရိုက်မယ် ဟန်ဒါဆင်တို့သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ထားခြင်း မရှိသေးသော်လည်း မကြာခင်ကျင်းပမည့် PGA Tour များတွင် ပါဝင်ယှဉ်ပြိုင်သွားရန် စီစဉ်နေကြောင်း The Globe and Mail သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟက်ဝင်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပသွားမည့် American Express ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဟန်ဒါဆင်က အမေရိကန်နိုင်ငံဖလော်ရီဒါတွင် ကျင်းပမည့် Diamond Resorts Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဟက်ဝင်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် American Express ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နှစ်စဉ်နှစ်တိုင်းနီးပါး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ၂၀၁၉ ခုနှစ်တို့တွင် ဒုတိယ နေရာရယူနိုင်ခဲ့သည်။

ဟက်ဝင်က "မိသားစုအတွက် အချိန်ပေးချင်လို့ ပြိုင်ပွဲတချို့ကို လက်လွှတ်ခဲ့ပြီး အနားယူခဲ့တယ်။ အနားယူတဲ့ ကာလတစ်လျှောက် ပျော်ရွှင်ကျေနပ်ရသလို မိသားစုဝင်တွေလဲ အရမ်းပျော်ရွှင်ခဲ့ကြတယ်။ အနားယူပြီးပြီဆိုတော့ ပြိုင်ပွဲထဲ ပြန်ဝင်ဖို့ အချိန်ရောက်လာပြီ။ အနားယူခဲ့တဲ့အတွက်လဲ လန်းဆန်းလာတယ်။ ဂေါက်သီးရိုက်ရာသီ တစ်ခုဟာရှည်လျားတဲ့ ကာလ တစ်ခုဖြစ်တဲ့အတွက် ပြိုင်ပွဲတိုင်းမှာ အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် စိတ်ဓာတ်ပိုင်းကအရေးကြီးတယ်။ စိတ်ပျော်ရွှင်နေတဲ့အတွက် လေ့ကျင့်မှုတွေ ပြုလုပ်တာလဲ အဆင်ပြေတယ်။ American Express ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ဆုံးဖြတ်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

ကနေဒါ ဂေါက်သီးရိုက်မယ် ဟန်ဒါဆင်က"လိုအပ်လို့ အနားယူခဲ့ရတယ်။ အနားယူလိုက်တဲ့အတွက် ဒဏ်ရာအခြေအနေကလဲ ရာနှုန်းပြည့်ကောင်းသွားပြီ။ ရာသီသစ်ကို စိတ်သစ်လူသစ်နဲ့စမယ်။ အနားယူထားတဲ့အတွက် လန်းဆန်းနေတယ်။ ၂၀၂၃ ခုနှစ် ဂေါက်သီးရိုက်ရာသီမှာ အောင်မြင်မှုတွေရရှိအောင် ကြိုးစားသွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# မန်ယူကွင်းလယ်ကစားသမား ကက်စမဲရိုး အာဆင်နယ်အသင်းနှင့်ပွဲစဉ် လွဲချော်မည်



**မန်ချက်စတာ ဇန်နဝါရီ ၁၉**

ကွင်းလယ်ကစားသမား ကက်စမဲရိုးသည် ပရီးမီးယားလိဂ်ပွဲကျန် အဖြစ်ကစားခဲ့သည့် ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် အဝါကတ်ပြသခံရကာ ယခုနှစ်ဘောလုံးရာသီတွင် အဝါကတ်ငါးကြိမ်ထိရှိခဲ့သဖြင့် တစ်ပွဲပယ်ဖြစ်ဒဏ်ကျခံရမည်ဖြစ်သောကြောင့် လာမည့် ဇန်နဝါရီ ၂၂ ရက်တွင် ကစားရမည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ် လွဲချော်မည်ဟု မန်ယူအသင်းက ထုတ်ပြန်ကြေညာခဲ့ကြောင်း 90 Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကက်စမဲရိုးသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် နယူးကာဆယ်အသင်းကို သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်၌ အဝါကတ်တစ်ကြိမ်၊ စပါးအသင်းကို နှစ်ဂိုးပြတ် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တစ်ကြိမ်၊ ဝုဝ်အသင်းအား တစ်ဂိုး ဂိုးမရှိနှင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တစ်ကြိမ်၊ မန်စီးတီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တစ်ကြိမ်၊ ယခုပဲလေ့စ်အသင်းကို တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် တစ်ကြိမ်အဝါကတ် ငါးကြိမ်ထိ ပြသခံရသောကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ စည်းမျဉ်းသတ်မှတ်ချက်အရ တစ်ပွဲပယ်ပြစ်ဒဏ်ချခံခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ကက်စမဲရိုးသည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ပြီး မန်ယူအသင်းအနေဖြင့် ပွဲအစကတည်းက ပြိုင်ဘက်ကို ဖိအားပေးကစားနိုင်ခဲ့သောကြောင့် ပွဲကစားချိန် ၄၃ မိနစ်တွင် အဲရစ်ဆင်၏ပေးပို့မှုမှ ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်က မန်ယူအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပိုင်းတွင် ပဲလေ့စ်အသင်းက ချေပဂိုးရရှိရန် တိုက်စစ်မြှင့်ကစားခဲ့ကာ မန်ယူအသင်းအတွက် အခက်တွေ့ခဲ့ရပြီး ပွဲချိန်မိနစ် ၈၀ တွင် ကက်စမဲရိုးက တိုက်စစ်မှူး ဇာဟာကို ကစားပုံကြမ်းတမ်းခဲ့သဖြင့် အဝါကတ်ပြသခံရခဲ့ပြီးနောက် မန်ယူအသင်းက အနိုင်ရလဒ်ကိုထိန်းချုပ်၍ ကစားခဲ့သော်လည်း နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် ပဲလေ့စ်အသင်းက အလွှတ်တည်ကန်ဘောမှ ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ ML

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတတိယအဆင့်သို့ ဆာဘာလင်ကာ တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၁၉**

ဩစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာကအမေရိကန်တင်းနစ်မယ် ရှယ်ဘီရော်ဂျာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဆာဘာလင်ကာက (၆-၃၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း NBC သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နိုင်ခြေအဆင့် ၅ အဖြစ် သတ်မှတ်ခံထားရသော ဆာဘာလင်ကာသည် အကောင်းဆုံးပုံစံရရှိနေပြီး ရှယ်ဘီရော်ဂျာအား နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကာ တတိယအဆင့်တွင် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်း မာတန့်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှယ်ဘီရော်ဂျာအား အနိုင်ကစားသွားနိုင်ခဲ့သည့် ဆာဘာလင်ကာ၏ လက်စွမ်းပိုင်းသည် ချန်ပီယံဆုကို စိန်ခေါ်နိုင်သည့် လက်စွမ်းမျိုးဖြစ်ပြီး မာတန့်အနေဖြင့် တတိယအဆင့်ကို ကျော်ဖြတ်နိုင်ရန် ခက်ခဲဖွယ်ရှိနေသည်။

ဆာဘာလင်ကာက "ဒီနေ့ပွဲစဉ်မှာ ကစားထားနိုင်တဲ့ အခြေအနေနဲ့ပတ်သက်ပြီး စိတ်ကျေနပ်မှုရှိပါတယ်။ ကစားထားနိုင်တဲ့ လက်စွမ်းပိုင်းကိုလဲ အားရကျေနပ်မှုရှိပါတယ်။ ဒီနေ့ပွဲစဉ်မတိုင်မီမှာ အဆင့်တစ်ခုနဲ့ ကစားနိုင်အောင်လို့လဲ သေချာ အာရုံစိုက်ဖြစ်ခဲ့ပါတယ်။ ပရိသတ်တွေရဲ့ အားပေးမှုကလဲ အားရကျေနပ်စရာ ကောင်းလှပါတယ်။ တတိယအဆင့်မှာတော့ မာတန့်နဲ့ ကစားရမယ်။ မာတန့်ဟာ ခက်ခဲတဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ သူနဲ့ ကစားဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်သွားမယ်။ မာတန့်လို ကစားသမားတစ်ယောက်ကို အနိုင်ကစားနိုင်ဖို့ဆိုရင်တော့ အဘက်ဘက်က နေပြည့်စုံအောင် ပြင်ဆင်ထားဖို့ လိုမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

## ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၁၆) ပွဲကြိုသုံးသပ်ချက်များ

STA

**ဖရန့်ဖတ် Vs ရှော်လ်ကေး**

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၃ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရှော်လ်ကေး ၄ - ၃ ဖရန့်ဖတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဖရန့်ဖတ်** | – | **အိမ်(သရေ)** | **အိမ်(နိုင်)** | **အိမ်(သရေ)** |
| **ရှော်လ်ကေး** | – | **အိမ်(သရေ)** | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်ပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့ ဖရန့်ဖတ်အသင်းဟာ အခုပွဲစဉ်မှာလဲ ရှော်လ်ကေးအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ ရှော်လ်ကေးအသင်းရဲ့ ခြေစွမ်းပိုင်းက ဆိုးရွားနေလို့ အခုအဝေးကွင်းမှာလဲ ရှုံးကန်ရဖို့ရှိနေပါတယ်။ ဒါကြောင့် ဖရန့်ဖတ်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖရန့်ဖတ် ၂ – ၀ ရှော်လ်ကေး**

**ဝုဖ်ဘတ် Vs ဖရိုင်းဘတ်**

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၃ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရိုင်းဘတ် ၃ – ၂ ဝုဖ်ဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဝုဖ်ဘတ်** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(ရှုံး)** |
| **ဖရိုင်းဘတ်** | – | **အိမ်(သရေ)** | **အိမ်(နိုင်)** | **အိမ်(သရေ)** |

ဖရိုင်းဘတ်အသင်းဟာ အမှတ်ပေးဇယားထိပ်ဆုံးက ဘိုင်ယန်မြူးနစ်အသင်းကို ဆက်လက်ဖိအားပေးနိုင်ဖို့အတွက် အခုပွဲစဉ်မှာရမှတ်ပြည့်ရရှိအောင် ကြိုးစားလာမှာပါ။ လက်ရှိ ဝုဖ်ဘတ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရှုံးကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဖရိုင်းဘတ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဝုဖ်ဘတ် ၁ – ၂ ဖရိုင်းဘတ်**

## စပိန်လာလီဂါပွဲစဉ် (၁၈) ပွဲကြိုသုံးသပ်ချက်

STA

**အေတီကို Vs ဗယ်လာဒိုးလစ်**

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၃ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗယ်လာဒိုးလစ် ၁ – ၂ အေတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေတီကို** | – | **အိမ်(ရှုံး)** | **ဝေး(သရေ)** | **ဝေး(နိုင်)** |
| **ဗယ်လာဒိုးလစ်** | – | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

အေတီကိုအသင်းဟာ အိမ်ကွင်းမှာ ရမှတ်ပြည့်ရဖို့အတွက် အမှားခံမှာ မဟုတ်ပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ထားတဲ့ ဗယ်လာဒိုးလစ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ ဆိုးရွားနေလို့ အဝေးကွင်းမှာ အေတီကိုအသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့ ခက်ခဲနေမှာပါ။ ဒါကြောင့် အေတီကိုအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း – အေတီကို ၃ – ၁ ဗယ်လာဒိုးလစ်**

## အီတလီစီးရီးအေပွဲစဉ် (၁၉) ပွဲကြိုသုံးသပ်ချက်

ML

**ဖီအိုရင်တီးနား Vs တိုရီနို**

**ကစားမည့်ရက်/အချိန် ၂၂-၁-၂၀၂၃ (နံနက် ၀၂:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**တိုရီနို ၄ – ၀ ဖီအိုရင်တီးနား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဖီအိုရင်တီးနား** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **တိုရီနို** | – | **ဝေး(သရေ)** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** |

ပြီးခဲ့တဲ့ပွဲမှာ ရှုံးပွဲကြုံထားတဲ့ ဖီအိုရင်တီးနားဟာ အိမ်ကွင်းကစားပုံကောင်းမွန်တဲ့အသင်းဖြစ်ပြီး နောက်ဆုံးအိမ်ကွင်း ရှစ်ပွဲမရှုံးသေးပါဘူး။ တိုရီနိုအသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲတိုက်စစ်ပိုင်းက ဂိုးရဖို့ ရုန်းကန်နေရလို့ အခုပွဲစဉ်မှာ ဖီအိုရင်တီးနားတိုက်စစ်ကို ပွဲချိန်ပြည့် ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဖီအိုရင်တီးနားပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖီအိုရင်တီးနား ၂ – ၁ တိုရီနို**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဘီလာရုစ်နိုင်ငံ)




**နိဒါန်း**

ဘီလာရုစ်နိုင်ငံသည် အရှေ့ဥရောပတွင်ရှိသော ကုန်းတွင်းပိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ အရှေ့ဘက်နှင့်အရှေ့မြောက်ဘက်တွင် ရုရှားနိုင်ငံ၊ တောင်ဘက်တွင် ယူကရိန်းနိုင်ငံ၊ အနောက်ဘက်တွင် ပိုလန်နိုင်ငံ အနောက်မြောက်ဘက်တွင် လစ်သူယေးနီးယားနိုင်ငံနှင့်လတ်ဗီးယားနိုင်ငံတို့နှင့်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး နယ်နိမိတ်အရှည်မှာ စုစုပေါင်း ၃၀၉၈ ကီလိုမီတာ (၁၉၂၅ မိုင်) ဖြစ်သည်။ နိုင်ငံ၏အကျယ်အဝန်းမှာ ဧရိယာ ၂၀၇၆၀၀ စတုရန်းကီလိုမီတာ (၈၀၂၀၀ စတုရန်းမိုင်)ဖြစ်သည်။ လူဦးရေ ၉ ဒသမ ၄၁ သန်းရှိသည်။ ဘီလာရုစ်နိုင်ငံ၏ ရုံးသုံးဘာသာစကားများမှာ ဘီလာရုစ်ဘာသာစကားနှင့် ရုရှားဘာသာစကားတို့ဖြစ်သည်။ ဘီလာရုစ်နိုင်ငံတွင် စုစုပေါင်း လူဦးရေ၏ ၈၄ ဒသမ ၉ ရာခိုင်နှုန်းသည် ဘီလာရုစ်လူမျိုးများဖြစ်ကြပြီး ကျန်လူမျိုးမှာ ရုရှား၊ ပိုလန်နှင့် ယူကရိန်းလူမျိုးများဖြစ်ကြသည်။ နိုင်ငံကို ဒေသခုနစ်ခုပိုင်းခြား၍ အုပ်ချုပ်သည်။ ဘီလာရုစ်နိုင်ငံ၏ မြို့တော်မှာ မင့်(Minsk)မြို့ ဖြစ်သည်။

**နိုင်ငံသမိုင်းအကျဉ်း**

ဘီလာရုစ်နိုင်ငံသည် ၂၀ ရာစုနှစ်ထိ Principality of Polotsk၊ Grand Duchy of Lithuania၊ ရုရှားအင်ပါယာနှင့် Polish–Lithuanian Commonwealth စသော အခြားသောတိုင်းပြည်များ၏ နယ်မြေဖြစ်ခဲ့သည်။ ရုရှားတော်လှန်ရေးပြီးနောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စုဝင်သမ္မတနိုင်ငံတစ်ခု ဖြစ်လာသည်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် ၁၉၉၁ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် လွတ်လပ်ရေးကို ကြေညာခဲ့သည်။

**ဥပဒေပြုရေး**

ဥပဒေပြုအာဏာကို အမျိုးသားလွှတ်တော် (National Assembly) က ကျင့်သုံးသည်။ အမျိုးသားလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ပါဝင်သည်။ ၎င်းတို့မှာ အောက်လွှတ်တော် (The House of Representatives)နှင့် အထက်လွှတ်တော် (The Council of the Republic) ဖြစ်သည်။ လွှတ်တော်သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ အောက်လွှတ်တော်သည် ဥပဒေကြမ်းများကို သုံးသပ်ခြင်း၊ သမ္မတရွေးကောက်ပွဲများ ခေါ်ယူခြင်း၊ နိုင်ငံတော်သမ္မတ၏ ထောက်ခံချက်ဖြင့် ဝန်ကြီးချုပ်ခန့်အပ်ခြင်းကို အတည်ပြုခြင်း၊ အစိုးရ၏ လုပ်ဆောင်ချက်များအား အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်သည်။ အမျိုးသားလွှတ်တော်သည် နှစ်စဉ်ပုံမှန်အစည်းအဝေး နှစ်ကြိမ်ကျင်းပသည်။ ပုံမှန်မဟုတ်သည့်အစည်းအဝေးများကို သမ္မတအမိန့်ဖြင့် ခေါ်ဆိုနိုင်သည်။

အထက်လွှတ်တော်သည် အောက်လွှတ်တော်က တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အခြားသော ဥပဒေကြမ်းများကိုပြင်ဆင်ခြင်း သို့မဟုတ် မွမ်းမံခြင်း၊ ပြင်ဆင်မွမ်းမံပြီးသောဥပဒေကြမ်းများကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ဆောင်ရွက်သည်။

**အုပ်ချုပ်ရေး**

အုပ်ချုပ်ရေးအာဏာကို ဗဟိုအစိုးရဝန်ကြီးများကောင်စီမှ ကိုင်တွယ်ကျင့်သုံးသည်။ အောက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဘီလာရုစ်သမ္မတက ခန့်အပ်ထားသော ဝန်ကြီးချုပ်များက ဦးဆောင်သည်။

**တရားစီရင်ရေး**

တရားစီရင်ရေးကဏ္ဍတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးနှင့် အထွေထွေတရားစီရင်ရေးဆိုင်ရာ တရားရုံးများဟူ၍ နှစ်မျိုးပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို အဆင့်မြင့်ဥပဒေရေးရာကျွမ်းကျင်သူ ၁၂ ဦးဖြင့် ဖွဲ့စည်းထားသည်။ တရားသူကြီး ခြောက်ဦးကို ဘီလာရုစ်သမ္မတက ခန့်အပ်ထားပြီး ကျန်ခြောက်ဦးကို အထက်လွှတ်တော်က ရွေးကောက်တင်မြှောက်ထားသည်။ တရားရုံးဥက္ကဋ္ဌကို အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဘီလာရုစ်သမ္မတက တိုက်ရိုက်ခန့်အပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးတရားသူကြီးတစ်ဦး၏ ရာထူးသက်တမ်းမှာ ၁၁ နှစ်ဖြစ်သည်။ အထွေထွေတရားစီရင်ရေးဆိုင်ရာတရားရုံးချုပ်သည် အထွေထွေတရားစီရင်ပိုင်ခွင့်ရှိသော တရားရုံးများ၏စနစ်ကို ဦးဆောင်ပြီး အရပ်ဘက်၊ ရာဇဝတ်မှု၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာအမှုအခင်းများအတွက် အမြင့်ဆုံးတရားစီရင်ရေးအဖွဲ့အစည်းဖြစ်သည်။ ဘီလာရုစ်တွင် အထူးတရားရုံးများ ဖွဲ့စည်းခြင်းကို တားမြစ်ထားသည်။

**ဗဟိုရွေးကောက်ပွဲကော်မရှင်**

ဘီလာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် (Central Election Commission-CEC) ကို Supreme Soviet of the Byelorussian SSR မှ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကော်မရှင်ကို နိုင်ငံတော်သမ္မတနှင့် အထက်လွှတ်တော်တို့က ဖွဲ့စည်းသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါ စုစုပေါင်းအဖွဲ့ဝင် ၁၂ ဦး ဖွဲ့စည်းထားပြီး အဖွဲ့ဝင်ခြောက်ဦးကို နိုင်ငံတော်သမ္မတက ခန့်အပ်၍ ကျန်အဖွဲ့ဝင်ခြောက်ဦးကို အထက်လွှတ်တော်က ရွေးချယ်တင်မြှောက်သည်။ အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ကော်မရှင်အဖွဲ့ဝင်များထဲမှ နိုင်ငံတော်အကြီးအကဲက ခန့်အပ်သည်။ ပထမအကြိမ်အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကော်မရှင်အဖွဲ့ဝင်များထဲမှ ရွေးချယ်တင်မြှောက်သည်။ သာမန်အားဖြင့် ဗဟိုရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ပွဲကျင်းပရေးနှင့် ဆန္ဒခံယူပွဲကျင်းပရေးတို့တွင် အတွေ့အကြုံများရှိသည့်တရားစီရင်ရေးဆိုင်ရာ ပညာအရည်အချင်းမြင့်မားသောနိုင်ငံသားများဖြင့် ဖွဲ့စည်းထားပါသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်၏လုပ်ဆောင်ချက်များကို ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် ကော်မရှင်၏လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများဖြင့် ထိန်းချုပ်ထားသည်။

ဗဟိုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင် (Territorial Election Commission-TEC)၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် (District Election Commission-DEC)၊ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် (Precinct Election Commission-PEC) တို့ကို ဖွဲ့စည်းဆောင်ရွက်သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်များကို ရွေးကောက်ပွဲမတိုင်မီ ၇၅ ရက်မှ ၈၅ ရက်အတွင်း ဒေသဆိုင်ရာအလုပ်အမှုဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့များဖြင့် ဖွဲ့စည်းသည်။ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်များကို ရွေးကောက်ပွဲမတိုင်မီ ၄၅ ရက်အတွင်း ဖွဲ့စည်းသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို နိုင်ငံရေးပါတီများနှင့် အခြားအများပြည်သူအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအပြင် နိုင်ငံသားများကပါ အမည်စာရင်းတင်သွင်းနိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်နှင့်ခရိုင်ရွေးကောက်ပွဲကော်မရှင်များကို ကိုးဦး မှ ၁၃ ဦးထိ ဖွဲ့စည်းနိုင်ပြီး ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်များကို ငါးဦးမှ ၁၉ ဦးထိ ဖွဲ့စည်းနိုင်ပါသည်။ ဥပဒေအရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အနည်းဆုံး သုံးပုံတစ်ပုံသည် နိုင်ငံရေးပါတီများနှင့် ပြည်သူ့အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရသည်။ အစိုးရဝန်ထမ်းဦးရေသည် ကော်မရှင်အဖွဲ့ဝင်များ၏ သုံးပုံတစ်ပုံထက် မပိုစေရပါ။ ကော်မရှင်တွင် တရားသူကြီးများ၊ အစိုးရရှေ့နေများ၊ ဒေသဆိုင်ရာအမှုဆောင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များ၏ အကြီးအကဲများ မပါဝင်ပါ။

**ရွေးကောက်ပွဲဆိုင်ရာကျင့်ထုံးဥပဒေ**

ဘီလာရုစ်သမ္မတနိုင်ငံ၌ ရွေးကောက်ပွဲများပြင်ဆင်ခြင်းနှင့်ကျင်းပခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံ၏ရွေးကောက်ပွဲဆိုင်ရာကျင့်ထုံးဥပဒေတို့ဖြင့် ထိန်းကျောင်းသည်။ ဘီလာရုစ်သမ္မတနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာကျင့်ထုံးဥပဒေအား ၂၀၀၀ ပြည့်နှစ်တွင် အတည်ပြုခဲ့သည်။ ထိုအချိန်မှစ၍ အဆိုပါဥပဒေကို ၂၀၀၃ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပြန်လည်ပြင်ဆင်ခဲ့ပါသည်။

**ရွေးကောက်ပွဲနှင့်ရွေးကောက်ပွဲစနစ်များ**

ဘီလာရုစ်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲ၊ ဒေသန္တရရွေးကောက်ပွဲနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတို့ကို ကျင်းပသည်။ ဘီလာရုစ်နိုင်ငံသည် သမ္မတကို ငါးနှစ်သက်တမ်းအတွက် နှစ်ကျော့ပြန်စနစ် (Two Round System) ဖြင့် ပြည်သူများမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ ပထမအကျော့တွင် မည်သည့်ကိုယ်စားလှယ်လောင်းမှ စုစုပေါင်းဆန္ဒမဲအရေအတွက် ၅၀ ရာခိုင်နှုန်းအထက်မရရှိပါက ဆန္ဒမဲအရေအတွက် အများဆုံးရရှိသော ကိုယ်စားလှယ်လောင်းနှစ်ဦးက ဒုတိယအကျော့ကို နှစ်ပတ်အတွင်း ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဒုတိယအကျော့တွင် ဆန္ဒမဲ ၅၀ ရာခိုင်နှုန်းကျော်ရရှိသော ကိုယ်စားလှယ်လောင်းသည် ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်သည်။ ထို့ပြင် ရွေးကောက်ပွဲအထမြောက်ရန်အတွက် မဲပေးသူ ၅၀ ရာခိုင်နှုန်းကျော် လိုအပ်သည်။ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အနည်းဆုံးအသက် ၃၅ နှစ်အထက်ရှိသူ၊ ဘီလာရုစ်သမ္မတနိုင်ငံမှ မွေးဖွားလာသူဖြစ်ပြီး ရွေးကောက်ပွဲမတိုင်မီ အနည်းဆုံး ၂၀ နှစ် ဘီလာရုစ်တွင် အခြေချနေထိုင်သူဖြစ်ရသည်။ သမ္မတအဖြစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းတစ်ဦးသည် သမ္မတရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် မဲဆန္ဒရှင်များ၏ထောက်ခံလက်မှတ်အနည်းဆုံး ၁၀၀၀၀၀ စုဆောင်းရမည်။ ဘီလာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲများကို ငါးလထက် နောက်မကျစေဘဲ အောက်လွှတ်တော်ကကြေညာပြီး လက်ရှိသမ္မတရာထူးမှ ရပ်စဲခြင်းမပြုမီ နှစ်လထက်နောက်မကျစေဘဲ တနင်္ဂနွေနေ့တွင် ကျင်းပရမည်ဖြစ်သည်။ သမ္မတရာထူးလစ်လပ်ပါက ရက်ပေါင်း ၃၀ ထက်မစောဘဲ လစ်လပ်သည့်နေ့မှစ၍ ရက်ပေါင်း ၇၀ ထက် နောက်မကျစေဘဲ ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်သည်။ သမ္မတရွေးကောက်ပွဲများကို ၂၀၀၁ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ကျင်းပခဲ့သည်။ နောက်ဆုံးကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၉ ရက်တွင် ကျင်းပခဲ့ပါသည်။ သမ္မတရွေးကောက်ခံပိုင်ခွင့်ကို သက်တမ်းဖြင့် ကန့်သတ်ထားခြင်းမရှိပါ။ လက်ရှိသမ္မတ အလက်ဇန်းဒါးလူကာရှန်ကို (Aleksandr Lukashenko)သည် ခြောက်ကြိမ်မြောက်ထိ ဆက်တိုက် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

**လွှတ်တော်ရွေးကောက်ပွဲ**

လွှတ်တော်သစ်အတွက် ရွေးကောက်ပွဲများကို လက်ရှိဆောင်ရွက်နေသည့် လွှတ်တော်အာဏာ မရပ်စဲမီရက်ပေါင်း ၃၀ ထက်နောက်မကျဘဲ ကျင်းပရသည်။ လေးလထက်နောက်မကျစေဘဲ သမ္မတက သတ်မှတ်ပေးသည်။ အောက်လွှတ်တော်တွင် ကိုယ်စားလှယ်ဦးရေ ၁၁၀ ပါဝင်ပြီး ပြည်သူများမှတိုက်ရိုက် ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံမည့်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အနည်းဆုံးအသက် ၂၁ နှစ်ပြည့်ပြီးသူ၊ ဘီလာရုစ်နိုင်ငံတွင် အခြေချနေထိုင်သူ၊ ပြစ်မှုကင်းရှင်းသူ၊ ဘီလာရုစ်နိုင်ငံသားတစ်ဦးဖြစ်ရမည်။ အောက်လွှတ်တော်အမတ်များသည် တစ်ချိန်တည်းမှာပဲ အစိုးရအဖွဲ့ဝင်လည်းဖြစ်နိုင်သည်။

အထက်လွှတ်တော် (The Council of the Republic)ကို ကိုယ်စားလှယ် ၆၄ ဦးဖြင့်ဖွဲ့စည်းထားပြီး ကိုယ်စားလှယ်ရှစ်ဦးကို သမ္မတက တိုက်ရိုက်ခန့်အပ်၍ ကျန်အမတ် ၅၆ ဦးအား ဒေသခြောက်ခုစီနှင့်မင့်မြို့တို့မှ ဒေသန္တရကောင်စီများက လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။ အထက်လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခံရမည့် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းကျော်ရရှိရမည်ဖြစ်သည်။ ပထမအကျော့တွင် လိုအပ်သောကိုယ်စားလှယ်လောင်း အရေအတွက် မရရှိပါက ဒုတိယအကျော့ကို ပြန်လည်ကျင်းပမည်ဖြစ်သည်။ အထက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အနည်းဆုံးအသက် ၃၀ နှစ်ပြည့်ပြီးသူ၊ ဘီလာရုစ်နိုင်ငံ၏ သက်ဆိုင်ရာဒေသတွင် အနည်းဆုံး ငါးနှစ် အခြေချနေထိုင်သူ၊ ပြစ်မှုကင်းရှင်းသူ၊ ဘီလာရုစ်နိုင်ငံသားတစ်ဦးဖြစ်ရမည်။ လွှတ်တော်ရွေးကောက်ပွဲများကို ၁၉၉၅ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၈ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်တို့တွင် ကျင်းပခဲ့သည်။

**မဲဆန္ဒနယ်သတ်မှတ်ခြင်း**

လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရန်အတွက် (Electoral Districts) ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒနယ်ပေါင်း ၁၁၀ ခုကိုဖွဲ့စည်းသည်။ အောက်လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်တစ်ခုလျှင် ပျမ်းမျှမဲဆန္ဒရှင်ဦးရေကို လက်ရှိအောက်လွှတ်တော် သက်တမ်းမကုန်ဆုံးမီ ငါးလထက်နောက်မကျစေဘဲ ဗဟိုကော်မရှင် (CEC) က ဖွဲ့စည်းသည်။ လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်များကို ဒေသဆိုင်ရာဗဟိုအလုပ်အမှုဆောင်အဖွဲ့များ၏

စာမျက်နှာ ၁၁ သို့ ➤

➤ စာမျက်နှာ ၁၀ မှအဆက်

အဆိုပြုချက်အရ ဗဟိုရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းသည်။ လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်မြေများစာရင်းကို ဗဟိုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်ရက်ကြေညာပြီး ပဉ္စမမြောက်နေ့ထက် နောက်မကျစေဘဲ ထုတ်ပြန်ရသည်။

**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူနှင့် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူ**

အသက် ၁၈ နှစ်ပြည့်ပြီးသော ဘီလာရုစ်နိုင်ငံသားမည်သူမဆို ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ဥပဒေအရ တရားရုံးမှစိတ်ပေါ့သွပ်နေသူအဖြစ် သတ်မှတ်ခြင်းခံရသူနှင့် ထောင်ဒဏ်ကျခံနေရသူတို့သည် ဆန္ဒမဲပေးပိုင်ခွင့်မရှိပါ။

**မဲရုံများဖွဲ့စည်းခြင်း**

မဲရုံတစ်ရုံကို မဲဆန္ဒရှင်ဦးရေ ၂၀ မှ ဦးရေ ၃၀၀၀ သတ်မှတ်ထားသည်။ မဲရုံများကို ဆေးရုံများ၊ စောင့်ရှောက်ရေးဂေဟာများ၊ ဆေးပေးခန်းများနှင့် အခြားသော ကျန်းမာရေးစောင့်ရှောက်ရေးစင်တာများတွင် ဖွင့်လှစ်ထားရှိပြီး တပ်တွင်းမဲရုံများလည်း ဖွင့်လှစ်ထားသည်။ ခရိုင်နှင့်မြို့(ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလက်အောက်ခံမြို့များ)တွင် မဲရုံများဖွဲ့စည်းခြင်းကို ခရိုင်နှင့်မြို့နယ် အလုပ်အမှုဆောင်ကော်မတီများမှ ဆောင်ရွက်ပြီး ခရိုင်လက်အောက်ခံမြို့များတွင် မဲရုံများဖွဲ့စည်းခြင်းကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ ဆောင်ရွက်ပါသည်။ စစ်ဘက်ဆိုင်ရာယူနစ်များတွင် မဲရုံများကို တပ်မတော်တပ်ဖွဲ့မှူးများ၏အဆိုပြုချက်အတိုင်း တူညီသောအစီအစဉ်ဖြင့် ဖွဲ့စည်းသည်။ ဘီလာရုစ်သမ္မတနိုင်ငံပြင်ပ နိုင်ငံရပ်ခြားတွင်နေထိုင်သည့် ဘီလာရုစ်သမ္မတနိုင်ငံ နိုင်ငံသားများအတွက် မဲရုံများကို သက်ဆိုင်ရာနိုင်ငံများရှိ ဘီလာရုစ်သမ္မတနိုင်ငံကောင်စစ်ဝန်ရုံးအကြီးအကဲများဖြင့် ဖွဲ့စည်းထားသည်။ မဲပေးမည့်နေရာများကို ရွေးကောက်ပွဲမတိုင်မီ နှစ်လထက်နောက်မကျဘဲ ဖွဲ့စည်းရသည်။ မဲရုံတစ်ရုံချင်းစီ၏ တည်နေရာများနှင့်ပတ်သက်၍ မဲဆန္ဒရှင်များအား ရွေးကောက်ပွဲမကျင်းပမီ ၁၀ ရက်ထက်နောက်မကျဘဲ အသိပေးအကြောင်းကြားသည်။

**မဲစာရင်းပြုစုခြင်း**

ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရှိသည့်နိုင်ငံသားများစာရင်းကို ဒေသဆိုင်ရာအာဏာပိုင်များမှ တင်ပြသော အရည်အချင်းပြည့်မီသည့် နေထိုင်သူများ၏အချက်အလက်များအပေါ် အခြေခံ၍ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် (Precinct Election Commission-PEC)မှ မဲရုံအလိုက် ပြုစုသည်။ စစ်မှုထမ်းများ၊ တပ်မတော်သားများနှင့် ၎င်းတို့တည်ရှိရာဒေသများတွင် နေထိုင်သော အခြားမဲဆန္ဒရှင်များနှင့် ၎င်းတို့နှင့်အတူနေ မိသားစုဝင်များစာရင်းကို စစ်ဘက်ဆိုင်ရာတပ်မှူးများက ပေးအပ်သောအချက်အလက်များအပေါ် အခြေခံ၍ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်မှ ပြုစုသည်။ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို သက်ဆိုင်ရာနိုင်ငံများရှိ ကောင်စစ်ဝန်ရုံးများမှ ပေးပို့သည့် အချက်အလက်များအပေါ် အခြေခံ၍ ပြုစုသည်။ မိမိတို့နေထိုင်သည့်ဒေသရှိ မဲစာရင်းတွင် မှတ်ပုံတင်ထားသော နိုင်ငံသားများသည် အဆိုပါဒေသရှိ မဲရုံတွင်သာ အမည်စာရင်းပါဝင်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတစ်ဦးသည် မဲရုံတစ်ခုတည်း၏ စာရင်းတွင်သာ ပါဝင်နိုင်သည်။ သက်သေခံကတ်ပြားသို့မဟုတ် သက်ဆိုင်ရာဒေသတွင် နေထိုင်ကြောင်း အထောက်အထားများတင်ပြနိုင်သည့် အရည်အချင်းပြည့်မီသောမဲဆန္ဒရှင်များအား ဗဟိုရွေးကောက်ပွဲကော်မရှင် (Central Election Commission-CEC)နှင့် တရားရုံးတို့မှ အတည်ပြုချက်မရှိဘဲ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်က ရပ်ကွက်/ကျေးရွာအုပ်စု မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းပေးနိုင်သည်။ မဲဆန္ဒရှင်များသည် မဲစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိနှင့် မိမိတို့၏ အချက်အလက်မှန်ကန်မှု ရှိ/မရှိ တို့ကို စစ်ဆေးဆောင်ရွက်နိုင်သည်။ မဲဆန္ဒရှင်များသည် မဲစာရင်းတွင်ပါရှိသည့် အချက်အလက်များကို အတည်ပြုရန် သို့မဟုတ် ပြင်ဆင်မှုများပြုလုပ်ရန်အတွက် ရွေးကောက်ပွဲမတိုင်မီ ၁၅ ရက်အလိုတွင် ဆောင်ရွက်နိုင်သည်။

**ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း**

သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းကို အနည်းဆုံး မဲဆန္ဒရှင်များ၏ ထောက်ခံလက်မှတ်စုစုပေါင်း ၁၀၀၀၀၀ ဖြင့် ဘီလာရုစ်နိုင်ငံသားများက တင်သွင်းရမည်။ အမည်စာရင်းတင်သွင်းမှုသည် ရွေးကောက်ပွဲမတိုင်မီရက်ပေါင်း ၈၀ မှစတင်ပြီး ရွေးကောက်ပွဲမတိုင်မီရက် ၅၀ တွင် ပြီးဆုံးသည်။ ဘီလာရုစ်သမ္မတနိုင်ငံ ဥပဒေပြုချက်များနှင့်အညီ ရာဇဝတ်မှုမှတ်တမ်းကြောင့် ပြည်နယ်အဖွဲ့အစည်းများနှင့်အခြားပြည်နယ်အဖွဲ့အစည်းများရှိ ရာထူးနေရာများတွင် ထမ်းဆောင်ခွင့်မရှိသော နိုင်ငံသားများသည် သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများအဖြစ် အမည်စာရင်းတင်သွင်းခွင့်မပြုပါ။ သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းကို အနည်းဆုံးလူပေါင်း ၁၀၀ ထက်မနည်းရှိသော ကနဦးမဲဆန္ဒရှင်အုပ်စုမှ ဆောင်ရွက်ပါသည်။ ပဏာမ မဲဆန္ဒရှင်အုပ်စုများ မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာကော်မရှင်မှ ဆောင်ရွက်သည်။ သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်းကို ဗဟိုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သည်။ ဘီလာရုစ်သမ္မတနိုင်ငံ သမ္မတအတွက် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်းသည် ရွေးကောက်ပွဲမတိုင်မီ ၃၅ ရက်မှစတင်ပြီး ရွေးကောက်ပွဲမတိုင်မီ ၂၅ ရက်အတွင်း ပြီးဆုံးမည်ဖြစ်သည်။ သမ္မတလောင်းတစ်ဦး၏ ဝင်ငွေကြေညာချက်တွင် ကွဲလွဲမှုတွေ့ရှိလျှင်သော်လည်းကောင်း၊ တရားမဝင်ထောက်ခံလက်မှတ်အရေအတွက်သည် စုဆောင်းထားရှိသော ထောက်ခံလက်မှတ် စုစုပေါင်းထက် ၁၅ ရာခိုင်နှုန်းကျော်လွန်နေကြောင်း စိစစ်တွေ့ရှိရလျှင်သော်လည်းကောင်း ဗဟိုရွေးကောက်ပွဲကော်မရှင်သည် သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းကို ငြင်းပယ်ပိုင်ခွင့်ရှိသည်။

လွှတ်တော်ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခွင့်သည် ရွေးကောက်ပွဲမကျင်းပမီ ခြောက်လထက်နောက်မကျစေဘဲ ဘီလာရုစ်သမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနက မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများ၊ အလုပ်သမားစုပေါင်းအဖွဲ့များနှင့် နိုင်ငံသားများမှ မဲဆန္ဒရှင်များ၏ ထောက်ခံလက်မှတ်များ စုဆောင်းခြင်းဖြင့် တင်သွင်းခွင့်ရှိသည်။

နိုင်ငံရေးပါတီများမှ အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို နိုင်ငံရေးပါတီများ၏ အကြီးတန်းအဖွဲ့များက ဆောင်ရွက်သည်။ နိုင်ငံရေးပါတီတစ်ခုသည် ၎င်းတို့၏အဖွဲ့ဝင်အရေအတွက်အရ ရွေးကောက်ပွဲမဲဆန္ဒနယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လောင်းတစ်ဦးသာ အမည်စာရင်း တင်သွင်းခွင့်ရှိသည်။ အလုပ်သမားအစုအဖွဲ့များမှ အောက်လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို အလုပ်သမားအစုအဖွဲ့ညီလာခံများတွင် ဆောင်ရွက်သည်။

အောက်လွှတ်တော်အတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ်တွင် နေထိုင်သည့်မဲဆန္ဒရှင် ၁၀၀၀ ထက်မနည်းသော ထောက်ခံလက်မှတ်များဖြင့် တင်သွင်းရမည်။ အမည်စာရင်းတင်သွင်းမှုသည် ရွေးကောက်ပွဲမတိုင်မီ ရက်ပေါင်း ၇၀ တွင် စတင်ပြီး ရွေးကောက်ပွဲမတိုင်မီရက် ၄၀ တွင် ပြီးဆုံးမည်ဖြစ်သည်။ အောက်လွှတ်တော် ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်းကို ခရိုင်ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သည်။ အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်းသည် ရွေးကောက်ပွဲမတိုင်မီရက် ၄၀ မှစတင်၍ ရွေးကောက်ပွဲမတိုင်မီရက်ပေါင်း ၃၀ တွင်ပြီးဆုံးသည်။

အထက်လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှုသည် ရက်ပေါင်း ၉၀ မှ စတင်ပြီး လက်ရှိကျင်းပနေသည့် အထက်လွှတ်တော်၏ အခွင့်အာဏာမရပ်စဲမီ ရက် ၆၀ တွင် ပြီးဆုံးသည်။ အထက်လွှတ်တော်ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်းကို ဗဟိုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သည်။ မှတ်ပုံတင်ခြင်းသည် ရက်ပေါင်း ၆၀ မှစတင်ပြီး လက်ရှိအထက်လွှတ်တော်အခွင့်အာဏာရပ် မရပ်စဲမီ ရက်ပေါင်း ၅၅ ရက်တွင် ပြီးဆုံးသည်။

**မဲဆွယ်စည်းရုံးခြင်း**

ရွေးကောက်ပွဲကာလ မဲဆွယ်စည်းရုံးခြင်းကိုလူထုမီဒီယာအသုံးပြု၍ မဲဆွယ်စည်းရုံးခြင်း၊ ပုံနှိပ်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်း၊ မဲဆန္ဒရှင်များနှင့်တွေ့ဆုံ၍ မဲဆွယ်စည်းရုံးခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

ကိုယ်စားလှယ်လောင်းများသည် နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုများတွင် လွှတ်လပ်စွာပြောဆိုခွင့်၊ စကားစစ်ထိုးပွဲများတွင်ပါဝင်ခွင့်၊ ၎င်းတို့၏ ရွေးကောက်ပွဲအစီအစဉ်များကို သတင်းစာများတွင် အခမဲ့ထုတ်ဝေခွင့်များကို ဆောင်ရွက်နိုင်သည်။ နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုတွင် ကိုယ်စားလှယ်လောင်းများ၏ သဘောထားထုတ်ပြန်ချက် အရေအတွက်နှင့် စာပိုဒ်အရှည်ကို ဗဟိုကော်မရှင်က ဆုံးဖြတ်သည်။ ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲပိုစတာများ၊ ကြွေးကြော်သံများ၊ ကြေညာချက်များ၊ ကမ္ဘည်းစာများ၊ လက်ကမ်းစာစောင်များ၊ ဓာတ်ပုံပစ္စည်းများ ပြုလုပ်ပိုင်ခွင့်ရှိသည်။ ပုံနှိပ်ထားသော စည်းရုံးရေးပစ္စည်းများကို ဘီလာရုစ်သမ္မတနိုင်ငံပိုင်နက်တွင် ထုတ်လုပ်ရသည်။ အမည်မသိ စည်းရုံးရေးပစ္စည်းများဖြန့်ဝေခြင်းကို တားမြစ်ထားသည်။ ရွေးကောက်ပွဲနေ့တွင် မဲဆွယ်စည်းရုံးခွင့်မပြုပါ။ မဲဆွယ်စည်းရုံးမှုများတွင် နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်မပြုပါ။

**ရွေးကောက်ပွဲကုန်ကျစရိတ်များ**

သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများတွင် သုံးစွဲဆောင်ရွက်ရန်အတွက် အခြေခံယူနစ် ၉၀၀၀ ထက်မပိုသောပမာဏရှိသည့် ကိုယ်ပိုင်ရွေးကောက်ပွဲရန်ပုံငွေကို တည်ထောင်ခွင့်ရှိသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် မဲဆန္ဒရှင်များ၏ လက်မှတ်စုဆောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်နှင့် အသုံးစရိတ်များကို ပေးဆောင်ရန် ကိုယ်စားလှယ်လောင်းအဖြစ် မှတ်ပုံတင်ခြင်းမပြုမီ ကိုယ်ပိုင်ရွေးကောက်ပွဲရန်ပုံငွေကို ထူထောင်နိုင်သည်။ လွှတ်တော်ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းတစ်ဦးသည် အခြေခံယူနစ် ၁၀၀၀ ထက်မပိုသောပမာဏရှိသည့် ကိုယ်ပိုင်ရန်ပုံငွေကိုလည်းကောင်း၊ ဒေသန္တရကောင်စီရွေးကောက်ပွဲအတွက် အခြေခံယူနစ် ၃၀ ထက်မပိုသော ပမာဏရှိသည့် ကိုယ်ပိုင်ရန်ပုံငွေကိုလည်းကောင်း၊ ရပ်ကွက်ကျေးရွာအုပ်စုဒေသန္တရကောင်စီရွေးကောက်ပွဲအတွက် အခြေခံယူနစ် ၁၀ ထက်မပိုသော ပမာဏရှိသည့် ကိုယ်ပိုင်ရန်ပုံငွေကိုလည်းကောင်း အသီးသီးတည်ထောင်ခွင့်ရှိသည်။ ကိုယ်စားလှယ်လောင်းများသည် ပထမရွေးကောက်ပွဲအသုံးစရိတ်အစီရင်ခံစာကို ရွေးကောက်ပွဲနေ့မတိုင်မီ ၁၅ ရက်ထက်စောပြီး ၁၀ ရက်ထက်နောက်မကျစေဘဲ ဗဟိုရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းရမည်ဖြစ်ပြီး နောက်ဆုံးရွေးကောက်ပွဲအသုံးစရိတ်အစီရင်ခံစာကို ရွေးကောက်ပွဲကျင်းပပြီး ၄၅ ရက်ထက်နောက်မကျစေဘဲ တင်သွင်းရမည်ဖြစ်သည်။

**မဲပေးခြင်း**

ရွေးကောက်ပွဲနေ့တွင် မဲရုံများကို နံနက် ၈ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ထားရှိသည်။ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်သည် ဆန္ဒမဲပေးရမည့်နေရာနှင့်အချိန်တို့ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ၁၀ ရက်ထက်နောက်မကျစေဘဲ အသိပေးကြေညာရသည်။ ရွေးကောက်ပွဲနေ့တွင် မဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲနေ့မတိုင်မီ ၄ ရက်စော၍ကြိုတင်မဲပေးနိုင်သည်။ ကြိုတင်မဲပေးခြင်းကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီထိလည်းကောင်း၊ ညနေ ၄ နာရီမှ ည ၇ နာရီထိလည်းကောင်း ကော်မရှင်အဖွဲ့ဝင် အနည်းဆုံးနှစ်ဦး၏ ရှေ့မှောက်တွင်ဆောင်ရွက်ရသည်။ ကျန်းမာရေးအခြေအနေအရသော်လည်းကောင်း၊ အခြားသောအကြောင်းရင်းများကြောင့်သော်လည်းကောင်း မဲရုံများသို့မလာရောက်နိုင်သော မဲဆန္ဒရှင်များ မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်က ကူညီဆောင်ရွက်ပေးရသည်။ မဲဆန္ဒရှင်များ၏ တောင်းဆိုမှုအရ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်သည် ကော်မရှင်အဖွဲ့ဝင် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော အဖွဲ့ဝင်များကိုစေလွှတ်၍ ၎င်းတို့နေထိုင်ရာနေရာတွင် မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရသည်။ ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရှိသူတစ်ဦးသည် အခြားသူတစ်ဦးအတွက် ကိုယ်စားမဲပေးပိုင်ခွင့်မရှိပါ။

**မဲရေတွက်ခြင်းနှင့် မဲရလဒ်များထုတ်ပြန်ကြေညာခြင်း**

ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ဥက္ကဋ္ဌက မဲပေးခြင်းလုပ်ငန်းပြီးဆုံးကြောင်း ကြေညာပြီးနောက် မဲပုံးများကိုဖွင့်၍ ရေတွက်သည်။ မဲရေတွက်မှုရလဒ်များကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်က မှတ်တမ်းတင်ရသည်။ သမ္မတရွေးကောက်ပွဲဖြစ်ပါက မှတ်တမ်းတင်ထားသည့် ပရိုတိုကောများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်ထံ ချက်ချင်းတင်ပြရပြီး လွှတ်တော်ရွေးကောက်ပွဲဖြစ်ပါက ခရိုင်ရွေးကောက်ပွဲကော်မရှင်ထံသို့ တင်ပြရမည်ဖြစ်ပါသည်။ ထို့နောက် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်များက ပရိုတိုကောမိတ္တူကို အများသူငါမြင်တွေ့နိုင်သည့်နေရာတွင် ကပ်ထားကြေညာရမည်။

လွှတ်တော်ရွေးကောက်ပွဲများအတွက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အစည်းအဝေးတွင် ရလဒ်များကို အပြီးသတ်ဆောင်ရွက်ပြီး သမ္မတရွေးကောက်ပွဲအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲရလဒ်များကို စုစည်းရသည်။ ဤအချက်အလက်များအရ Minsk Oblast နှင့် Minsk မြို့တို့တွင် ရွေးကောက်ပွဲရလဒ်များကို အပြီးသတ်ပါသည်။ အဆိုပါလုပ်ထုံးလုပ်နည်းများကို အခြေခံ၍ ရွေးကောက်ပွဲအပြီး ၁၀ ရက်အတွင်း ရွေးကောက်ပွဲ၏ နောက်ဆုံးရလဒ်များကို ဗဟိုရွေးကောက်ပွဲကော်မရှင်က ဆုံးဖြတ်ကြေညာသည်။

**၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲ**

နောက်ဆုံးကျင်းပခဲ့သည့် လွှတ်တော်ရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပခဲ့သည်။ ကိုယ်စားလှယ်လောင်း ၅၅၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြည်တွင်းစောင့်ကြည့်လေ့လာသူ ၃၉၀၀၀ ကျော်နှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာသူ ၁၀၃၀ ကျော်ကို စောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည်။ ရွေးကောက်ပွဲနောက်ဆုံးရလဒ်များကို နိုဝင်ဘာ ၂၂ ရက်တွင် ကြေညာခဲ့သည်။ မဲပေးသူ ၇၇ ဒသမ ၄၀ ရာခိုင်နှုန်းရှိခဲ့ပြီး မဲပေးခွင့်ရှိသူ ၆ ဒသမ ၈၇ သန်းရှိသည့် အနက် ၅ ဒသမ ၃၂ သန်း မဲပေးဆောင်ရွက်ခဲ့သည်။ မဲခွဲဆုံးဖြတ်မှုရလဒ်အရ မည်သည့်အတိုက်အခံ ကိုယ်စားလှယ်လောင်းတစ်ဦးမျှ အမျိုးသားလွှတ်တော်သို့ တက်ရောက်နိုင်ခြင်းမရှိပါ။ ကိုယ်စားလှယ်နေရာ ၁၁၀ အနက် ၈၉ နေရာကို ပါတီဝင်မဟုတ်သူများက အနိုင်ရရှိခဲ့ပြီး ဘီလာရုစ်ကွန်မြူနစ်ပါတီ (Communist Party of Belarus)မှ ၁၁ နေရာ၊ ရီပတ်ဘလီကန်အလုပ်သမားနှင့် တရားမျှတမှုပါတီ (Republican Party of Labor and Justice)မှ ခြောက်နေရာ၊ ဘီလာရုစ်မျိုးချစ်ပါတီ (Belarusian Patriotic Party)နှင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့်ဘီလာရုစ်စိုက်ပျိုးရေးပါတီ (Liberal Democratic Party and the Belarusian Agrarian Party)မှ တစ်နေရာစီ အသီးသီးအနိုင်ရရှိခဲ့ပါသည်။

**နိဂုံး**

ဘီလာရုစ်သမ္မတနိုင်ငံသည် လွတ်လပ်ရေးရရှိပြီး ၁၉၉၁ ခုနှစ်နောက်ပိုင်းတွင် ဒီမိုကရေစီအခြေခံမှုများကိုအခြေခံ၍ နိုင်ငံအတွင်း ရွေးကောက်ပွဲစနစ်ကျင့်သုံးရန်ကြိုးပမ်းခဲ့ကြသည်။ ဘီလာရုစ်နိုင်ငံသည် သမ္မတသက်တမ်း ကန့်သတ်ချက်မရှိသော်လည်း သမ္မတရွေးကောက်ပွဲများ၊ လွှတ်တော်ရွေးကောက်ပွဲများ၊ ဒေသန္တရရွေးကောက်ပွဲများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ရွေးကောက်ပွဲဆိုင်ရာကျင့်ထုံးဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing hosts dinner to Chief of Defence Forces of Royal Thai Armed Forces, currently in Myanmar to attend 8th High Level Committee Meeting



Senior General Min Aung Hlaing shakes hands with General Chalermphon Srisawasdi.




Senior General Min Aung Hlaing and General Chalermphon Srisawasdi propose their toasts.

**Nay Pyi Taw January 19**

State Administration Council Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla, hosted a dinner to Chief of Defence Forces of the Royal Thai Armed Forces General Chalermphon Srisawasdi and wife together with delegation members who arrived here to attend the 8th High Level Committee Meeting between Myanmar and Thai armed forces hosted by Myanmar at Jasmine Hotel in Thandwe of Rakhine State this evening.

Also present at the dinner were Chief of the General Staff (Army, Navy and Air) General Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from the Office of the Commander-in-Chief and their wives, senior military officers from the Royal Thai Armed Forces and their wives, military attachés of both countries and their wives and officials.

The Senior General and wife warmly welcomed the Thai General, wife and party. The Senior General and the Thai Chief of Defence Forces extended greetings and had dinner together with those attendees.

Before and during the dinner, vocalists from the Myawady Entertainment Troupe under the Directorate of Public Relations and Psychological Warfare and artistes from the Myanma Radio and Television presented songs and dances.

After the dinner, the Senior General and wife, the Thai General and wife posed for documentary photos together with attendees. 100



Daw Kyu Kyu Hla chats with wife of General Chalermphon Srisawasdi.

# Export of white sugar started to Vietnam this sugarcane season

**Mandalay January 19**

A total of 5,000 tons of white sugar was initially exported to Vietnam this sugarcane season, said vice chair of Myanmar Sugar and Sugarcane Entrepreneurs Association.

An agreement was signed to export 45,000 tons of white sugar to Vietnam. Sugar mills started operation of crushing sugarcane as from early December 2022. The products of these sugar mills, 5,000 tons of white sugar was sent to Vietnam, and remaining volume will be sent there.

"Currently, we start export of sugar to Vietnam. We fetch US$550 per ton of sugar in the foreign market. We received offers from Asian countries, western countries and China. As we have to prioritize domestic consumption of sugar, we cannot sell out sugar to these countries yet. If we can produce high yield of sugar in coming years, we expect to export sugar to these countries. Now, we send sugar which is surplus at home to foreign countries. Myanmar produces 450,000 tons of sugar annually," he added.

Currently, sugar mills in Bago, Mandalay and Sagaing regions and Shan State are being operated to produce sugar. Sugarcane plantations are located in Shan State and Sagaing Region, followed by Bago region. 185

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects training sessions of local Main Naval Diving and Salvage Unit near Thandwe in Rakhine State


Senior General Min Aung Hlaing observes skill demonstration.



**Nay Pyi Taw January 19**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers of Office of Commander-in-Chief and their wives, Commander of Western Command Maj-Gen Htin Latt Oo and officials, inspected training sessions and unit development undertakings of the local Main Naval Diving and Salvage Unit near Thandwe in Rakhine State.

On arrival at the floating jetty of the unit where naval demonstrations and trainings would be carried out, the Senior General and party were welcomed by the commandant and officials.

The Senior General and party observed a demonstration of Cast & Recovery in which eight members of Naval Seals secretly boarded and left an enemy ship and blew it up. After the demonstration, the Senior General took the salute of the participant members of the Naval Seals, and urged them to put more energy in the coming trainings to enhance their capability.

Then, the Senior General and party heard a report on the brief history of the unit, ongoing unit development undertakings, task to achieve the missions, training sessions, sending of trainees abroad, study tours abroad and study tours of foreign delegations, involvement in public welfare undertakings and natural disaster prevention, unit organizing and welfare for families, and manageable farming presented by the local unit commander.


Senior General Min Aung Hlaing inspects training equipment.


Senior General Min Aung Hlaing presents cash award to instructor.

The Senior General gave necessary guidance and fulfilled the needs of the unit.

The Senior General and party inspected the training sessions carried at the Training Pool including ten-metre tower jump, 50-metre hand-leg-tied swimming after a five-metre dive, 50-metre underwater freestyle swimming, scuba gear installation and uninstallation. Afterwards, they viewed equipment and weapons used in training, salvaging, security duties, lifesaving, mine clearing and rescue operations and documentary photos of the training sessions and services.

The Senior General and party inspected underwater disturbance training, scuba tank sharing, underwater swimming with the help of closed-circuit underwater compass, looked around 10 Men Hyperbaric Medical Treatment Chamber and Diving Tower and observed escape training of the navy personnel.

The Senior General and party observed the demonstration of Climbing Wall, Fast Rope, Rappelling Rope, obstacle chase training sessions by eight Naval Seals instructors at the Training Tower. The Senior General presented cash awards to them and looked into the requirements in providing trainees with superior training methods.

100

# Alec Baldwin to be charged over deadly shooting on Rust film set

**Mexico January 19**

Actor Alec Baldwin will be charged with involuntary manslaughter over the shooting of cinematographer Halyna Hutchins, who was killed on a film set when he fired a prop gun.

Mr Baldwin had been rehearsing a scene for the Western film Rust when the shooting happened at a ranch near Sante Fe, New Mexico in October 2021.

Hannah Gutierrez Reed, the film's armourer, will also be charged with involuntary manslaughter.

Neither have commented on the charges.

On Thursday, Santa Fe's District Attorney Mary Carmack-Altwies announced in a statement that charges would be filed against the pair by the end of the month.

BBC

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားက Belgorod ရေငုပ်သင်္ဘောတွင်တင်ဆောင်မည့် Poseidon တော်ပီဒိုကို အပြည့်အစုံထုတ်လုပ်နိုင်ခဲ့



ရုရှားနိုင်ငံ သင်္ဘောတည်ဆောက်သူများသည် နျူကလီးယားအကြီးစားရေငုပ်သင်္ဘော Belgorod တွင် တင်ဆောင်မည့် အဏုမြူဗုံး Poseidon တော်ပီဒိုကို အပြည့်အစုံထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနနှင့် နီးစပ်သူတစ်ဦးက TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။

ရေငုပ်သင်္ဘောသစ်သည် မဝေးတော့သောအနာဂတ်တွင် အဆိုပါတော်ပီဒိုလက်နက်များ တပ်ဆင်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်စနစ်သည် တွန်းကန်အားစနစ်အပါအဝင် အစိတ်အပိုင်းအမျိုးမျိုးအတွက် စမ်းသပ်မှုများပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

Poseidon တွင် တွန်းကန်အားထုတ်လုပ်ရန်အတွက် ရေငုပ်သင်္ဘောပေါ်တွင် နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခုပါရှိပြီး စွမ်းအားကြီးမားသော နျူကလီးယားထိပ်ဖူးကို Payload အဖြစ် သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ ၎င်း၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သည့် ပထမဆုံးအရိပ်အမြွက်များကို ရုရှားက ၂၀၁၅ ခုနှစ်က ထုတ်ပြန်ခဲ့သည်။ အဆိုပါလက်နက်သည် တရားဝင်တပ်တော်ဝင်ဖြန့်ကြက်အသုံးပြုခြင်းမျိုး မပြုလုပ်ရသေးပေ။

အဆိုပါစနစ်သည် စစ်အခြေစိုက်စခန်းများ၊ သင်္ဘောကျင်းများနှင့် လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေး အုပ်စုများကဲ့သို့ မဟာဗျူဟာမြောက် ရေတပ်စွမ်းအားများကို ချေမှုန်းနိုင်သည့် ကြားဖြတ်ဖျက်ဆီးရန်ခက်ခဲသော အဖျက်စွမ်းအားပြင်းလက်နက်တစ်ခုအဖြစ် ဒီဇိုင်းထုတ်ထားသည်။ နျူကလီးယားစစ်ပွဲတစ်ရပ်ဖြစ်ပေါ်လာပါက ၎င်းသည် ကမ်းရိုးတန်းမြို့များကို တိုက်ခိုက်ဖျက်ဆီး၍ ရေအောက်သို့နစ်မြုပ်ပစ်လိုက်နိုင်စွမ်းရှိသည်။

ပထမဆုံး Belgorod ရေငုပ်သင်္ဘောကို ၂၀၁၉ ခုနှစ်က အပြီးသတ်တည်ဆောက်နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လက တပ်တော်ဝင်၊ တာဝန်ပေးအပ်ခဲ့သည်။ Poseidon တော်ပီဒိုများသည် သင်္ဘောတစ်စီးအတွက် အစုံမည်မျှပါဝင်သည်ကို ရှင်းရှင်းလင်းလင်းမသိရှိရသေးပေ။ အကဲဖြတ်ဆန်းစစ်ချက်အများစုသည် ရေငုပ်သင်္ဘောများတွင် တော်ပီဒိုလက်နက်ခြောက်စင်းထိ သယ်ဆောင်နိုင်သည်ဟုဆိုသော်လည်း တချို့ကမူ ရှစ်စင်းထိသင်္ဘောတစ်စီးတည်းဖြင့် တပ်ဖြန့်နိုင်ကြောင်း ရေးသားထားကြသည်။

ရေငုပ်သင်္ဘော Belgorod သည် အလေးချိန် တန်ချိန် ၃၀၀၀၀ ရှိပြီး စံချိန်တင် အရှည် ၁၈၄ မီတာရှိသည့် ဧရာမရေငုပ်သင်္ဘောကြီးဖြစ်သည်။ Poseidon တော်ပီဒိုများသည် ၁၆ မီတာမှ ၂၄ မီတာထိ ရှည်လျားသည်ဟုယူဆရပြီး သင်္ဘောအတွင်းဒုံးပြွန်များထက် ရေငုပ်သင်္ဘော၏ သင်္ဘောကိုယ်ထည်နှင့် ချိတ်ဆက်ထားသော သယ်ယူပို့ဆောင်ရေးကွန်တိန်နာများတွင် တော်ပီဒိုဒုံးများကို သယ်ဆောင်သွားနိုင်ဖွယ်ရှိသည်။

**First nuclear-propelled torpedoes for Russian mega-submarine are ready–media ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းသို့ AH-64 Apache တိုက်ခိုက်ရေးရဟတ်ယာဉ်လေးစင်း ဗြိတိန်ပေးပို့မည်

ဗြိတိန်နိုင်ငံသည် ရုရှားတပ်ဖွဲ့များကို တိုက်ခိုက်ရန်အတွက် AH-64 Apache တိုက်ခိုက်ရေးရဟတ်ယာဉ်လေးစင်းထိ ယူကရိန်းကိုပေးပို့မည်ဟု အကြီးတန်းကာကွယ်ရေးသတင်းရင်းမြစ်တစ်ခုက The Mirror သတင်းဝက်ဘ်ဆိုက်တစ်ခုဖြင့် သတင်းများထုတ်ပြန်လျက်ရှိသော Sunday People သတင်းဌာနသို့ ပြောကြားခဲ့သည်။

ယူကရိန်းကို Challenger 2 တင့်ကား ၁၄ စီးနှင့် အမြောက်စနစ်များ ထပ်မံပေးအပ်သွားမည်ဟု ဗြိတိန်ဝန်ကြီးချုပ် Rishi Sunak က အတည်ပြုခဲ့ပြီးနောက် ယခုကဲ့သို့ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

" AH-64 Apache တိုက်ခိုက်ရေးရဟတ်ယာဉ်တွေဟာ စစ်ပွဲအပြောင်းအလဲတစ်ရပ်ဖြစ်လာနိုင်ပါတယ်။ တင့်ကားတွေအရင်ရောက်လာမှာဖြစ်ပြီး ရဟတ်ယာဉ်တွေတပ်ဖြန့်ချထားဖို့ အချိန်အနည်းငယ်လိုပါလိမ့်မယ်။ အခြား NATO အဖွဲ့ဝင်နိုင်ငံတွေကလဲ အလားတူလုပ်ဆောင်လာနိုင်ပါတယ်"ဟု သတင်းရင်းမြစ်ကို ကိုးကား၍ ရေးသားခဲ့သည်။

စစ်မြေပြင်တွင် မဟာဗျူဟာမြောက်အကျိုးသက်ရောက်မှုတစ်ရပ် ဖော်ဆောင်ရန် တိုက်ခိုက်ရေးရဟတ်ယာဉ်များ ပိုမိုလိုအပ်လျက်ရှိရာ AH-64 Apaches ပထမအသုတ်သည် အဓိကခြေလှမ်းတစ်ရပ်ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ အဆိုပါတိုက်ခိုက်ရဟတ်ယာဉ်တွင် AGM-114 Hellfire သံချပ်ကာဖျက်ဒုံးကျည်များ တပ်ဆင်ထားမည်ဖြစ်ကြောင်း သိရသည်။

Sunday People သတင်းဌာန၏ အဆိုအရ ယူကရိန်းလေယာဉ်မှူးများကို ဗြိတိန်တွင် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး ပြုပြင်ထိန်းသိမ်းရေးစခန်းကို ပိုလန်သို့မဟုတ် အခြားအိမ်နီးချင်းနိုင်ငံများတွင် တပ်စွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယူကရိန်းသမ္မတ ဇီလန်စကီးက မကြာသေးမီ ရက်သတ္တပတ်များအတွင်း ကီယက်ဗ်သို့ လက်နက်ကြီးများထပ်မံပေးပို့ရန် အနောက်နိုင်ငံများကို တောင်းဆိုမှုထပ်မံပြုလုပ်ခဲ့သည်။ အမေရိကန်သည် ယခုလအတွင်း Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ်များကို ပထမဆုံးအကြိမ်ပေးအပ်ရန်ကတိပြုထားပြီး ဂျာမနီက Marder သံချပ်ကာယာဉ်များကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ပြင်သစ်သည် ဘီးတပ်အပေါ့စားတင့်ကားများအဖြစ် မကြာခဏဖော်ပြလေ့ရှိသော AMX-10 RC ကားများ ယူကရိန်းကို ပေးပို့မည်ဖြစ်ကြောင်း ဂျာမနီက ကတိပြုထားသည်။



ယူကရိန်းနိုင်ငံရှိ နိုင်ငံခြားထုတ်လက်နက်စနစ်အားလုံးကို တရားဝင်ပစ်မှတ်များအဖြစ် သဘောထားမည်ဖြစ်ပြီး အနောက်နိုင်ငံမှပေးပို့ထားသောလက်နက်များသည် ယူကရိန်းပဋိပက္ခကို ရှည်ကြာစေမည်ဟု ရုရှားက အခိုင်အမာပြောကြားထားသည်။

**Britain to send attack helicopters to Ukraine – media ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးက အီရန်၏ နျူကလီးယားအစီအစဉ်ကိုဖျက်ဆီးပစ်ရန် စစ်ဆင်ရေးသုံးခု ထုတ်ဖော်ပြောကြား



အီရန်၏ အငြင်းပွားဖွယ်ရာ နျူကလီးယားအစီအစဉ်ကို ဖျက်ဆီးပစ်ရန် နိုင်ငံ၏ စစ်ဆင်ရေးသုံးခုကို အစ္စရေးနိုင်ငံ၏ အငြိမ်းစားကြည်းတပ်ဦးစီးချုပ် Aviv Kochavi က ထုတ်ဖော်ပြောကြားခဲ့သည်။

Aviv Kochavi ၏အဆိုအရ တီဟီရန်တွင် အလွန်ကြွယ်ဝသော ယူရေနီယံကို အသုံးပြု၍ ဗုံးလေးလုံးထုတ်ရန် Fission တုံ့ပြန်မှုကိုခံနိုင်သော ပစ္စည်းများအလုံအလောက်ရှိကြောင်း သိရသည်။

အီရန်နိုင်ငံသည် ၎င်းနျူလီးယားအစီအစဉ်အောက်တွင် လက်နက်စနစ်အဖွဲ့ကို ဖွဲ့စည်းလုပ်ဆောင်နေသည်။ သို့သော် အလွန်နှေးကွေးသော အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေသည်ဟု သိရသည်။

အီရန်၏ နျူကလီးယားကြိုးပမ်းမှုတွင် စိုးရိမ်ဖွယ်ရာတိုးတက်မှုများက အစ္စရေးကို ၎င်း၏ပြိုင်ဘက် နျူကလီးယားလက်နက်များထုတ်လုပ်ခြင်းမှတားဆီးရန် အမျိုးမျိုးသော မဟာဗျူဟာများချမှတ်ရန် တွန်းအားပေးနေသကဲ့သို့ရှိကြောင်း သိရသည်။

ပထမအဆင့်အနေဖြင့် နျူကလီးယားအရေးနှင့်မသက်ဆိုင်ဘဲ အီရန်ကို ကြိုတင်လက်ဦးမှုရယူကာ တိုက်ခိုက်သွားရေးဖြစ်သည်။ အစ္စရေးတွင် အီရန်နိုင်ငံ၏ နျူကလီးယားတိုးတက်ဖွံ့ဖြိုးလာမှုကို ရပ်တန့်ရန် နျူကလီးယားစီမံကိန်းများလုပ်ဆောင်နေသည့်နေရာများနှင့် အရန်နေရာများကို တိုက်ခိုက်ဖယ်ရှားပစ်ရန် အစီအစဉ်လည်းရှိသည်။

"အခြေအနေက နောက်ဆုံးမှာ ပြီးပြည့်စုံတဲ့ အကောင်အထည်ဖော်လုပ်ဆောင်နိုင်မှုအဖြစ် တိုးတက်လာခဲ့မယ်ဆိုရင် စစ်ဘက်ဆိုင်ရာနေရာတွေနဲ့ အခြားပိုင်ဆိုင်မှုတွေကို ပစ်မှတ်ထားတိုက်ခိုက်တာမျိုးလဲပါဝင်ပါတယ်"ဟု Kochavi က Israel Hayom သတင်းဌာနသို့ ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်ထုတ်လုပ်ရန် နည်းပညာဆိုင်ရာ သိပ္ပံနည်းကျ သုတေသနပြုလုပ်နေကြောင်း သိရသည်။

ထိုကဲ့သို့ ပဏာမခြေလှမ်းကို လုပ်ဆောင်နိုင်ရန်အတွက် သုတေသနပြုလုပ်စမ်းသပ်ရာနေရာများ၊ ယူရေနီယံမိုင်းတွင်းများနှင့် ယူရေနီယံပြုပြင်ရေးဆိုင်ရာအဆောက်အအုံများစွာကို တည်ဆောက်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက အီရန်သည် ၎င်း၏ နျူကလီးယားအစီအစဉ်ကို သီးသန့်ငြိမ်းချမ်းသောအခြားရည်မှန်းချက်များအတွက်သာ လုပ်ဆောင်နေဆဲဖြစ်ကြောင်း သေချာစေရန်အတွက် လိုအပ်သောစုံစမ်းစစ်ဆေးမှုများအားလုံးကို ပြီးမြောက်ခဲ့ကြောင်း အတည်ပြုခဲ့သည်။

သို့သော်လည်း အမေရိကန်နှင့်အစ္စရေးတို့ကဲ့သို့သောနိုင်ငံများသည် အီရန်၏ နျူကလီးယားဗုံး ဖွံ့ဖြိုးတိုးတက်မှုကို ရပ်တန့်ရန် နည်းလမ်းအားလုံးကို အသုံးပြုမည်ဟု ကတိပြုထားပြီး နျူကလီးယားပိုင်ဆိုင်ရန် ကြိုးပမ်းမှုကို ဆန့်ကျင်တန့်ကွက်ခဲ့ကြသည်။

**Israel Unveils Three Steps to 'Neutralize' Iran's Nuclear Program ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၆၆၅၀၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ် မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၆၆၅၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။

မုံရွာခရိုင်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၆၆၉၉၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆောင်းနှမ်း ၆၆၅၀၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလ မုံရွာခရိုင်မှာ ဆောင်းနှမ်း ၆၆၉၉၁ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဆောင်းနှမ်း ၆၆၅၀၉ ဧက စိုက်ပျိုးပြီးပါပြီ။ ဆက်ပြီးတော့လဲ စိုက်ပျိုးနေကြပါတယ်။ ဆောင်းနှမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးဖို့၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ အတွက် နှမ်းစိုက်တောင်သူတွေကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်အတွင်း ဆောင်းနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၂၅၅၃ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၃၈၇၂ ဧက၊ အရာတော်မြို့နယ်တွင် ၂၄၇၂၄ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၅၃၅၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ ပိုမို တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ကျောက်ဆည်မြို့နယ် ကျောက်ဆောက်ကလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒါန်းတိုင်းကျေးရွာအုပ်စု ကျောက်ဆောက်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၈ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဒါန်းတိုင်းကျေးရွာအုပ်စု ကျောက်ဆောက်ကလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဒါန်းတိုင်းကျေးရွာအုပ်စု ကျောက်ဆောက်ကလေးကျေးရွာ၌ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ကျပ် ၉၆ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၈၉ သိန်းကျော်တို့ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇန်နဝါရီလ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါလမ်းပြီးစီးပါက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာရေးအဆင်ပြေကာ ဒါန်းတိုင်းကျေးရွာအုပ်စု ကျောက်ဆောက်ကလေးကျေးရွာရှိ အိမ်ခြေ ၁၂၅ အိမ်၊ လူဦးရေ ၄၇၁ ဦးအတွက် ကျန်းမာရေး၊ စီးပွားရေး စသည့်ကိစ္စရပ်များ၌ လွယ်ကူစွာအသုံးပြုနိုင်ပြီး လူနေမှုအဆင့်အတန်းပိုမိုမြင့်မားစေရေး အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ပြင်ဦးလွင်မြို့နယ် သရက်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ချောင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၈ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညိုက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သရက်ချောင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၁၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းအခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် စီမံကိန်းအသင်းသူအသင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အေးသူ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နိုင်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၉-၁-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၁၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဇယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၆၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များက ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီးတို့အား ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီးတို့က ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။




၂၂ ရှေ့ဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ထိုင်းဘုရင့်တပ်မတော်မှအရာရှိကြီးများနှင့် ဇနီးများ၊ နှစ်နိုင်ငံစစ်သံမှူးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များကို ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်သည်။ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် နှုတ်ခွန်းဆက်စကားများ အပြန်အလှန်ပြောကြားကြပြီး တက်ရောက်လာကြသူများနှင့်အတူ ညစာကိုအတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့်ဇနီးတို့က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့်ဇနီးတို့အား ညစာစားပွဲဖြင့် ကြိုဆိုတည်ခင်းဧည့်ခံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် စီမံကိန်းလုပ်ငန်းခွင်နေရာများ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းအဆင့်(၁)၏ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာဘူတာမှ ပဲခူးမြို့နယ် ဘုရားကြီးဘူတာအထိ စီမံကိန်းလုပ်ငန်းခွင်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ ရန်ကုန်-တောင်ငူရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းအဆင့်(၁)၏ ပဲခူး-ညောင်လေးပင်လမ်းပိုင်း(CP-102)စီမံကိန်းရုံး၊ ရှင်းလင်းဆောင်သို့ရောက်ရှိရာ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ-စီမံ)နှင့် စီမံကိန်းတာဝန်ရှိသူများက ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း၏ အပိုင်း(၁)ဖြစ်သော ရန်ကုန်-တောင်ငူရထားလမ်းပိုင်း၌ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုကို အပိုင်းလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ့မီးရထားအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ-စီမံ)က စီမံကိန်း၏ သတ်မှတ်ကာလများအတိုင်း အချိန်မီပြီးစီးရေး ညှိနှိုင်းဆောင်ရွက်နေမှုကို ဆက်လက်တင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အပိုင်းလိုက်စီမံကိန်းလုပ်ကွက်များ လျာထားသည့်သတ်မှတ်ကာလအလိုက် အချိန်မီပြီးစီးနိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်ရေး၊ ပွင့်လင်းရာသီ၌ ပြီးစီးမှုရာခိုင်နှုန်းသိသာစွာတိုးတက်စေရေး၊ စီမံကိန်း၏အရည်အသွေးပြည့်မီစေရန်အတွက် သတ်မှတ်ထားသည့်ဒီဇိုင်း မှန်ကန်မှု၊ စီမံကိန်းတွင် တည်ဆောက်ရေးပစ္စည်းများမှန်ကန်စွာအသုံးပြုမှု၊လုပ်ငန်းခွင်၌ လုပ်သားများ၏ ကျွမ်းကျင်မှုစသည်တို့သည် အဓိကလိုအပ်ချက်များဖြစ်သောကြောင့် ဌာနမှတာဝန်ရှိသူများ၊ စီမံကိန်းဆိုင်ရာအကြံပေးအဖွဲ့နှင့် စီမံကိန်းကန်ထရိုက်တာအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းကို အရှိန်အဟုန်ဖြင့် အောင်မြင်တိုးတက်စေရေး၊ ရထားပို့ဆောင်ရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ဦးစားပေးလုပ်ငန်းအလိုက် အလေးထား၍ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး စီမံကိန်း၌တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြွန်တန်ဆာဘူတာ၌ ပလက်ဖောင်းအသစ် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး Diesel Electric Multiple Unit-DEMU ရထားတွဲဆိုင်းသစ်ဖြင့်လိုက်ပါလျက် စီမံကိန်း၏ ပဲခူး-ညောင်လေးပင်အပိုင်း ပြွန်တန်ဆာဘူတာမှ ဘုရားကြီးဘူတာအထိ မိုင် ၃၀ အတွင်း ရထားလမ်းတစ်လျှောက် တည်ဆောက်ပြီးစီးမှုနှင့် တံတားအမှတ်(116-B) ဆောက်လုပ်မှုလုပ်ငန်းခွင်များကိုစစ်ဆေး၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘုရားကြီးဘူတာသို့ရောက်ရှိပြီး ဘူတာမှ ဝန်ထမ်းများကိုတွေ့ဆုံ၍ ဒေသခံပြည်သူများအဆင်ပြေစေရေးအတွက် လူစီးရထားရပ်တန့်ပေးနိုင်ရန် စီစဉ်ပေးရေးနှင့်ဘူတာသန့်ရှင်းသပ်ရပ်ရေးစနစ်တကျရှိရေးလိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မဲခေါင်-လန်ချန်း ဒေသရိုးရာအကပွဲတော်(Traditional Dance Festival)ကျင်းပ






**နေပြည်တော် ဇန်နဝါရီ ၁၉**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေထောက်ပံ့မှုဖြင့် မဲခေါင်-လန်ချန်းဒေသတွင်းနိုင်ငံများ ပူးပေါင်းဖျော်ဖြေသည့် မဲခေါင်-လန်ချန်းဒေသရိုးရာအကပွဲတော်(Traditional Dance Fes-tival) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဝင်းရှင်းဗဟိုဌာန-၂၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒေါက်တာမိုးဇော်ထွန်း၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးအတွင်းရေးမှူးချုပ်ရုံးမှတာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်းပူးပေါင်းညှိနှိုင်းရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပွဲတော်တွင်ပါဝင်ဆင်နွှဲကြသည့် မဲခေါင်ဒေသတွင်းနိုင်ငံများမှ အနုပညာရှင်များ၊ ဖိတ်ကြားထားသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အမှာစကားပြောကြားရာတွင် ယခုပွဲတော်ကျင်းပခြင်းဖြင့် ပွဲတော်၏ရည်ရွယ်ချက်ဖြစ်သော Unity is Diversity ဆိုသည့်အတိုင်း မဲခေါင်-လန်ချန်းဒေသတွင်းရှိ နိုင်ငံများသည် မတူကွဲပြားသော်လည်း ယဉ်ကျေးမှုများမှာဆက်နွယ်ပြီး အခြေခံအားဖြင့်တူညီမှုရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ပြင် MLC တစ်နိုင်ငံချင်းစီ၏ ရိုးရာအကတင်ဆက်မှုများကို လေ့လာပြီး အမြင်ချင်းဖလှယ်ခွင့်ရရှိသောအခွင့်အလမ်းများရရှိခြင်း၊ယဉ်ကျေးမှုဆိုင်ရာမတူညီမှုများ ကွဲပြားမှုများကို သိရှိလေ့လာနိုင်ရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးလာခြင်းနှင့် ရုပ်ဝတ္ထုများနည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့ကြောင့် MLCဒေသတွင်းနိုင်ငံများအနေဖြင့် တူညီသောစိန်ခေါ်မှုတစ်ရပ်ကိုရင်ဆိုင်နေကြရသဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းနိုင်ရန်၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မဲခေါင်-လန်ချန်းဒေသတွင်းရှိ အနုပညာရှင်လူငယ်များအကြား ပိုမိုချစ်ခင်ရင်းနှီးမှုများဖြင့်ဆောင်ရွက်နိုင်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း။

ယခုကျင်းပသည့်ပွဲတော်၌ မိမိတို့၏ ဒေသတွင်းနိုင်ငံတိုင်းတွင်ရှိပြီးဖြစ်သည့် သမိုင်းကြောင်းရှည်လျားပြီး အလွန်တရာမှ တန်ဖိုးကြီးမြင့်လှသော ရိုးရာသုခုမအကပညာရပ်များကို နိုင်ငံတစ်နိုင်ငံချင်းစီသာမက နိုင်ငံအားလုံးကစုပေါင်းထိန်းသိမ်းကြပါရန်၊ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများစွာဖြင့် ကူးလူးဆက်ဆံပြီး ရိုးရာယဉ်ကျေးမှုအနုပညာအကများကို ယဉ်ကျေးမှုဖလှယ်ကြရန်နှင့် မျိုးဆက်သစ်လူငယ်များကို လက်ဆင့်ကမ်းမျှဝေနိုင်ကြရန် လေးနက်စွာတိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသံရုံးအကြီးအကဲ Ms.Cao Jingနှင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှဒုတိယဥက္ကဋ္ဌ ဦးဝင်းဇေယျာထွန်းတို့က နှုတ်ခွန်းဆက်စကားများပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံမှ အနုပညာရှင်များက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေး Theme Song ဖြင့်ဂုဏ်ပြုတေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရိုးရာအကပွဲတော်သို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တရုတ်ပညာရှင် Ms.Feng Mi က မြန်မာ့ယဉ်ကျေးမှုနှင့်ပတ်သက်၍ လေ့လာဆည်းပူးခဲ့ရမှုများကိုလည်းကောင်း၊ Mr.Shen Chen က တရုတ်နိုင်ငံရှိ ရိုးရာယဉ်ကျေးမှုအကြောင်းနှင့် ၎င်းတို့၏ရိုးရာယဉ်ကျေးမှုကို စာပေနှင့် အနုပညာဖြင့် မြှင့်တင်ခဲ့ကြပုံတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံမှ ဆရာမကြီး ဒေါ်စန္ဒာခင်က မြန်မာ့ယဉ်ကျေးမှုအကြောင်းနှင့် ယဉ်ကျေးမှုကာကွယ်ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် မဲခေါင်-လန်ချန်းဒေသတွင်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အနုပညာရှင်များက မိမိတို့နိုင်ငံ၏ ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမှ အနုပညာရှင်များက မဲခေါင်-လန်ချန်းဂုဏ်ပြုသီချင်း "We are Family One" သီချင်းဖြင့် ဖျော်ဖြေ တင်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်ကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး(8th HLC)သို့ တက်ရောက်ရန်အတွက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (8th High Level Committee Meeting) သို့ တက်ရောက်ရန်အတွက် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော်အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ရခိုင်ပြည်နယ် သံတွဲလေဆိပ်သို့ ရောက်ရှိကြသည်။



ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။

အဆိုပါ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်တပ်မတော် စစ်သံမှူးနှင့်တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း 8th High Level Committee Meeting သို့ တက်ရောက်ခြင်း၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်ခြင်း၊တန်ခိုးကြီးဘုရားများအား ဖူးမြော်ခြင်းနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm သုံးသန်း doses နှင့် ဆေးထိုးအပ် သုံးသန်း လွှဲပြောင်းလက်ခံပွဲအခမ်းအနားကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့လှူဒါန်းသည့် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး Sinopharm သုံးသန်း doses နှင့် ဆေးထိုးအပ် သုံးသန်းတို့သည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့ပြီး လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အရေးကြီးပုဂ္ဂိုလ်များ ဧည့်ခန်းမဆောင်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Chen Hai နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်သံအမတ်ကြီးက ယခုလှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ရောဂါ အပိုဆောင်း ကာကွယ်ဆေးထိုးလုပ်ငန်းများအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကပ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအတွက် စဉ်ဆက်မပြတ်ကူညီပေးလျက်ရှိရာ မြန်မာနိုင်ငံ၏ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာနှင့် ကျန်းမာရေးဝန်ထမ်း သင်တန်းပို့ချရေးစင်တာများ တည်ဆောက်ရာတွင်လည်း အကူအညီပေးလျက်ရှိပါကြောင်း၊ အဆိုပါစင်တာများ ဆောက်လုပ်ပြီးစီးပါက မြန်မာနိုင်ငံ၏ ဇီဝလုံခြုံမှုဆိုင်ရာသုတေသနပြုမှုကို အဆင့်မြှင့်တင်ပေးနိုင်မည့်အပြင် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည်ဟုမျှော်လင့်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ပြည်သူသည်သာအဓိက၊ အသက်သည်သာအဓိကဆိုသည်ကို လက်ကိုင်စွဲ၍ ပြည်သူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ကာကွယ်ပေးရေးနှင့် ကပ်ရောဂါကြောင့် လူမှုစီးပွားတိုးတက်မှု အဟန့်အတားမဖြစ်စေရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍ တရုတ်-အာဆီယံကျန်းမာရေးအသိုက်အဝန်းနှင့် တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်းကို အတူတကွတည်ဆောက်သွားရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ်အကုန်တွင် ဖွင့်လှစ်နိုင်ရေး ရည်မှန်းဆောင်ရွက်နေသည့် မြန်မာ ကူးစက်ရောဂါ တိုက်ဖျက်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်း သင်တန်းပို့ချရေးစင်တာများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထောက်ပံ့ပေးနေမှုများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပြောကြားလိုပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် အခြားကူးစက်ရောဂါများ တိုက်ဖျက်နိုင်ရေးအတွက် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်လက်ပူးပေါင်း လက်တွဲဆောင်ရွက်သွားမည့်အကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း၊ ယခု တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးသန်းကို ကျောင်းနေအရွယ်ကလေးများ၊ နာတာရှည်ရောဂါအခံရှိသော အသက်အရွယ်ကြီးသူများကို ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုအနေဖြင့် အသုံးပြုသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကာကွယ်ဆေးများလွှဲပြောင်းလက်ခံသည့်မှတ်တမ်းကို နှစ်နိုင်ငံအပြန်အလှန်လက်မှတ်ရေးထိုး၍ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး လှူဒါန်းထားသည့် ကာကွယ်ဆေးများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ပြည်ပဆိုက်ရောက်ခရီးသည်များကို ကိုဗစ်-၁၉ရောဂါဆိုင်ရာ ကျန်းမာရေးစစ်ဆေးနေမှုဖြစ်သည့် Thermal scanner ဖြင့် ကိုယ်အပူချိန်တိုင်းတာခြင်း၊ ပြည်ပဆိုက်ရောက်ခရီးသွားများက ကျန်းမာရေးမှတ်တမ်း (Health Declaration Card) ဖြည့်သွင်းနေမှုကို ကျန်းမာရေးဝန်ထမ်းများက အချက်အလက်များ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိစစ်ဆေးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊ မမှန်စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPTအတွက် *601#၊ Atomအတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Applicationများနှင့် Websiteတို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ညောင်တုန်းမြို့ ဆားမလောက်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၀၉၆ ဦးကို အဆိုပါကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၂၁ ဦး၊ ခွဲစိတ်ရောဂါ ၇၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၈၉ ဦး၊ ကလေးရောဂါ ၅၅ ဦး၊ အရိုးရောဂါ ၁၄၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဦးရေ ၈၀၊ မျက်စိရောဂါ ၇၈ ဦးနှင့် သွားရောဂါ ၅၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၂၂ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၉ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၄၃ ဦး၊ တယ်လီဖေးရှင်း ဓာတ်မှန်ရိုက်လူနာ ၅၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့အတွက် စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်



အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း မောက်မယ်မြို့နှင့် လင်းခေးမြို့တို့ရှိ နယ်မြေခံ တပ်ရင်းများ၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်နှင့် ယနေ့တို့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များသည် မောက်မယ်မြို့နှင့် လင်းခေးမြို့တို့ရှိ နယ်မြေခံတပ်ရင်းများ၏ စိုက်ပျိုးမွေးမြူရေးခြံများအတွင်း ရာသီသီးနှံများ၊ တစ်သျှူးငှက်ပျောနှင့် စင်တင်သီးနှံများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ အသားတိုးကြက်၊ ဥစားကြက်နှင့် ဝက်မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၉၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၆၈၂၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၈၂၂၀၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ကျောင်းသား၊ ကျောင်းသူ ၂၁၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၆၂၄၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# ဇန်နဝါရီ ၁၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဇန်နဝါရီ ၁၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၁၇၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၇၈၅ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၃၀ ဦး |

# တရားမဝင်သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်း ၆၃ ဒသမ ၅၅ တန်ကျော် ဖမ်းဆီးရမိ




ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ၄ မိုင်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိသည့် တရားခံများကို သိမ်းဆည်းရမိ ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်တွင် ဖမ်းဆီးရမိသည့် တရားခံများကို သိမ်းဆည်းရမိ ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ဖမ်းဆီးရမိသည့် တရားခံများကို သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရွှေတြိဂံဒေသအတွင်းသို့ ဓာတုပစ္စည်းများ နည်းမျိုးစုံဖြင့်ဝင်ရောက်၍ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများမရှိစေရေးအတွက် မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံပူးပေါင်း၍ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု၊ တရားဝင်သယ်ဆောင်ရောင်းဝယ်ခွင့်ရယူပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရာ နယ်ပယ်များသို့ တရားမဝင်သယ်ဆောင်မှု ထိန်းချုပ်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် တောင်ကြီး-လွိုင်လင်သွားကားလမ်း ၄ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တောင်ကြီးမှ လွိုင်လင်ဘက်သို့ ဇော်ဌေးအောင် မောင်းနှင်ပြီး အာကာလိုက်ပါလာသည့် ၂၂ ဘီး တွဲယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် အချိုရည်ကတ်များဖြင့်ဖုံးအုပ်၍ တရားမဝင်သယ်ဆောင်လာသော သံပီပါ အလုံး ၈၀ ဖြင့်ထည့်လျက် ဓာတုပစ္စည်း Sulfurous Dichloride ၁၂ တန် သိမ်းဆည်းရမိခဲ့သည်။

သတင်းကွင်းဆက်အရ ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါ ၄ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တောင်ကြီးဘက်မှ လွိုင်လင်ဘက်သို့ မျိုးအောင် မောင်းနှင်ပြီး မြည့်ဖြိုးအောင် လိုက်ပါလာသော ၂၂ ဘီး တွဲယာဉ်နှင့် ရှေ့နောက်လိုက်ပါလာသည့် စည်သူအောင် မောင်းနှင်ပြီး တင်အောင်ဝင်း လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ် နှစ်စီးပေါ်တွင် အုတ်နီခဲများဖြင့် ဖုံးအုပ်၍ တရားမဝင်သယ်ဆောင်လာသော ပလတ်စတစ်ပီပါ ၁၁၉ လုံးဖြင့်ထည့်လျက် ဓာတုပစ္စည်း Benzyl Cyanide ၁၇ ဒသမ ၈၅ တန်နှင့် Caustic Soda ၆ ဒသမ ၇၅ တန်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ဓာတုပစ္စည်းများ တာဝန်ခံသယ်ဆောင်သူ ဇော်လင်းစိုးကို ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် တောင်ကြီး-ဟိုပုံးသွား ကားလမ်း ဟိုပုံးမြို့အဝင်တွင် PAJERO မော်တော်ယာဉ် တစ်စီးနှင့်လည်းကောင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်သူ မြတ်သူကို ညနေ ၃ နာရီတွင် အောင်ပန်းမြို့ မိုးကောင်းရပ်ကွက်တွင်လည်းကောင်း အသီးသီး ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁ နာရီတွင် လွိုင်လင်မြို့နယ် လွိုင်လင်-တောင်ကြီးသွား ကားလမ်း ဟိုတင့်ကျေးရွာအနီးတွင် လွိုင်လင်ဘက်မှ တောင်ကြီးဘက်သို့ မျိုးကျော်(ခ)အားမီ မောင်းနှင်ပြီး ရွှေမင်းဦး(ခ)ကောင်းထက် လိုက်ပါလာသည့် FUSO ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ဓာတုပစ္စည်း SODIUM HYDROHIDE၊ ANHYDROUS (NaOH) ၁၄ ဒသမ ၉၅ တန် သိမ်းဆည်းရမိခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ဖမ်းဆီးရမိတရားခံကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

သတင်းကွင်းဆက်အရ ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် နံနက် ၆ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာရှိ စစ်ဆေးရေးစခန်းအနီးတွင် သာစည်ဘက်မှ တောင်ကြီးမြို့ဘက်သို့ ချစ်တိုင်းအောင် မောင်းနှင်ပြီး ကျော်ဇင်ခက် လိုက်ပါလာသည့် NISSAN ၁၂ ဘီး မော်တော်ယာဉ်ပေါ်တွင် သံပီပါအလုံး ၅၀ ဖြင့် ထည့်လျက် တရားမဝင်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း Toluene သုံးတန်၊ Methylamine ၄ ဒသမ ၅ တန်တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ် ရွှေပြည်သာ စက်မှုဇုန်(၃) မင်းကြီးမဟာမင်းခေါင်လမ်းရှိ ဂိုဒေါင်ကို ဝင်ရောက်ရှာဖွေရာ စိုင်းခေးလှိုင်ကို တွေ့ရှိပြီး ဂိုဒေါင်အတွင်း တရားမဝင်သိုလှောင်ထားရှိသည့် သံပီပါ အလုံး ၃၀ ဖြင့်ထည့်လျက် ထိန်းချုပ်ဓာတုပစ္စည်း Toluene ၄ ဒသမ ၅ တန် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ စုစုပေါင်း ထိန်းချုပ်ဓာတုပစ္စည်းနှင့် အခြားဓာတုပစ္စည်းများ ၆၃ ဒသမ ၅၅ တန် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဓာတုပစ္စည်းများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီးမှ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

# မြိုင်မြို့နယ်၌ အကြမ်းဖက်သမားများက ကျောက်ဖူးကျေးရွာအနီးရှိ ကျောက်ဖူးမီးရထားဘူတာကို မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ အကြမ်းဖက်သမားများက ကျောက်ဖူးကျေးရွာအနီးရှိ ကျောက်ဖူးမီးရထားဘူတာကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၈ ရက် ည ၈ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောက်ဖူးကျေးရွာအနီးရှိ ကျောက်ဖူးမီးရထားဘူတာသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၁၀ ဦးခန့် ရောက်ရှိလာပြီး မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း ဘူတာရုံအဆောက်အအုံ တစ်လုံး၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နှစ်ယူနစ် ဝန်ထမ်းနေအိမ် လိုင်းခန်းအဆောက်အအုံ တစ်လုံးနှင့် ရေတင်စက် တစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုသို့ မီးရထားဘူတာရုံကို မီးရှို့ဖျက်ဆီးသွားခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အီလက်ထရွန်နစ်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ








**နေပြည်တော် ဇန်နဝါရီ ၁၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌဦးဆောင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ကော့သောင်းမြို့ ရွှေဝက်ဝံတံတားအနီး ဆိပ်ကမ်းငယ်၌ဆိုက်ကပ်ထားသည့် စက်သုံးဆီတင်သင်္ဘောငယ်တစ်စီးအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီ ၁၇၇၇၇ ဂါလန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၀၆၇၉၅ နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် ရေယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ထားဝယ်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ Mitsubishi Pajero အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် Toyota Vellfire အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၀၀၆၇၉၅ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ဆိုင်ကယ်အပိုပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၇၀၀၀၀ နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင်သစ်မျိုးစုံ ၅၂ ဒသမ ၃၂၀၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၂၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လက်ပံတန်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ TE အမျိုးအစား ခြောက်ဘီးမော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၁ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၂၃၉၁၉၅ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ မျိုးလှိုင်ဦးသည် ၎င်းအသုံးပြုသည့် “Myo Hlaing Oo” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့ ကွင်းအနောက်(၂)ရပ်ကွက်နေ ချိုပြုံးသည်၎င်းအသုံးပြုသည့် “Cho Pyaun” Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# ဘုတလင်မြို့နယ် ပန္နလရပ်ကွက်အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ကလေးငယ် နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ဗန္နလရပ်ကွက်အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ကလေးငယ် နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြို့ရွာများလုံခြုံရေးအတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်လျက်ရှိစဉ် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ဗန္နလရပ်ကွက်အတွင်းသို့ လက်နက်ကြီးဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများမှာ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထိုသို့ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ရပ်ကွက်အတွင်းရောက်ရှိနေသည့် ဘုတလင်မြို့နယ် သပြေပင်ကျေးရွာနေ မယဉ်ယဉ်ဌေး ၁၃ နှစ် (ဘ)ဦးစန်းမောင်နှင့် ၎င်း၏မောင်ဖြစ်သူ မောင်မြင့်မြတ်သူ ၁၀ နှစ်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး ဆေးကုသနိုင်ရေးအတွက် ဘုတလင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အသက်အန္တရာယ်များ ကာကွယ်စောင့်ရှောက်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

0 w Kv d @

# အပူခါး

ကိုဇင်(စေညာသား)




(၁)

မိတ္ထီလာဈေးကြီးထဲ၌ ယနေ့ ဥပုသ်ထွက်မို့ ဈေးဝယ်သူများ၊ ဈေးသည်များနှင့်တကွ လူအများရှုပ်ထွေးကာ ဈေးသွားလမ်းတစ်လျှောက်ပြွတ်သိပ်ကျပ်တည်းလျက်ရှိနေလေသည်။ ယာဉ်ကြောများလည်းပိတ်ဆို့နေသဖြင့် တစ်ဦးနှင့်တစ်ဦးအလွန်နီးကပ်စွာပင် စောင့်ဆိုင်းသွားလာနေရလေသည်။ ယနေ့လို အချိန်အခါမျိုးသည် တင်မောင်တို့အကြိုက်ပင်ဖြစ်သည်။ သာမန်လူအသွားအလာကျဲသော အချိန်အခါမျိုး၌ အလုပ်လုပ်ရသည်မှာ လွန်စွာပင်သတိထားရသည်။ အခွင့်အခါကောင်း တွေ့ပါသော်လည်း အချိန်ကိုက်ဖြစ်စေရန်အတော်လေးတွက်ချက်ကြည့်ရှုပြီးမှသာ လှုပ်ရှားရသည်လေ။ ကျပ်တည်းနေသော လူအုပ်ကြား၌ဟိုသည်ပတ်ချာလည်ကို သွက်လက်လျင်မြန်စွာအကဲခတ်လိုက်သည်။ လူအများသည် ပိတ်ဆို့နေသောယာဉ်တန်းကြီးကို အမြန်ဆုံးရှင်းလင်းသွားစေရန်သာအာရုံစိုက်နေကြလေသည်။ ဈေးသည်များသည်လည်းအနီးအပါးရှိ လက်လှမ်းမီရာဈေးဝယ်များကို သူ့ထက်ငါ အပြိုင်အဆိုင် ခေါ်ရောင်းအော်ရောင်းနေကြသည်။ ကျွန်တော့်အရှေ့ကပ်လျက်၌ အသက် ၅၀ ကျော်အရွယ်ခန့်အဒေါ်ကြီးတစ်ယောက်သည် ဈေးခြင်းတောင်းလေးကိုတစ်ဖက်၊ ကလေးမလေးတစ်ဦးကိုတစ်ဖက်ဖြင့်ကိုင်ဆွဲကာ လူအုပ်ကြား၌ တဖျစ်တောက်တောက်ညည်းညူနေလေတော့သည်။

"အမယ်လေး လူတွေကလဲတော် စီးပွားရေးကျပ်တည်းနေကြလို့သာပဲ ဝယ်လိုက်ကြ၊ ခြမ်းလိုက်ကြတာဆိုတာ လူတိုးမပေါက်ဘူး။ ကားတွေကော ဆိုင်ကယ်တွေပါ ရှုပ်ယှက်ကိုခတ်လို့"

"ဟုတ်တယ် အဒေါ်ရေ့ ဆိုင်ကယ်တွေကလဲလမ်းပြောင်းပြန်တွေစီးလို့စီး၊ ကားတွေကလဲ ရပ်ချင်သလိုရပ်နဲ့ဆိုတော့ လမ်းကြောတွေပိုပိတ်ကုန်တာပေါ့။ ကျွန်မတို့မှာလေ လူတွေသာများတာပါတော် ဈေးကို ကောင်းကောင်းမရောင်းရပါဘူး။ တော်နေကြာဖယ်ပါအုံး၊ ရွှေ့ပါအုံးနဲ့ လူများပြီး ပွဲမစည်ဆိုသလိုဖြစ်နေပေါ့"

မုန့်ဆီကြော်ဗန်းကလေးကိုရွှေ့ကာ ရွှေ့ကာဖြင့်စကားဆိုနေသောမုန့်သည်နှင့်အတူ အဒေါ်ကြီးတစ်ယောက် အတိုင်အဖောက်ညီစွာပြောဆိုနေကြလေသည်။ သူတို့နှစ်ဦး၏စကားသံများကို ကျွန်တော်စိတ်မဝင်စားပါချေ။ အဒေါ်ကြီး၏လက်မောင်းကြားတွင် ညှပ်ကိုင်ထားသော ပိုက်ဆံအိတ်ကလေးကိုသာကျွန်တော်စိတ်ဝင်စားသည်။

"ဟဲ့ သောက်ပလုတ်တုတ်"

"ကန်တော့ ကန်တော့ ဒေါ်လေး မတော်လို့ပါဗျာ"

ဘေးမှကပ်စီးသွားသော ဆိုင်ကယ်ဖြတ်အလာကိုချိန်ဆကာ အဒေါ်ကြီး၏ ဖိနပ်နောက်မြီးကလေးကို ဖိနင်းချလိုက်သဖြင့် ဟန်ချက်ပျက်ကာယိုင်ထိုးသွားလေသည်။ ထိုအချိန်ခဏအတွင်းမှာပင် အဒေါ်ကြီး၏ လက်မောင်းကြားမှ ပိုက်ဆံအိတ်ကလေးသည်ကျွန်တော့်လက်အတွင်းမှတစ်ဆင့် အင်္ကျီအတွင်းထဲသို့ရောက်ရှိလာခဲ့ပြီဖြစ်သည်။ အဒေါ်ကြီးကိုတောင်းပန်စကားဆိုရင်းဖြင့် လမ်းကြောင်းခွဲလိုက်သည်။ ဈေးအတွင်း အထည်တန်းဘက်သို့ ခပ်သွက်သွက်လျှောက်လှမ်းခဲ့လိုက်သည်။ ထို့နောက် အများသုံးအိမ်သာအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ရင်ဘတ်ထဲက ပိုက်ဆံအိတ်ကလေးကို ဖွင့်ဟကြည့်လိုက်သည်။ ၁၀၀၀၀ တန်၊ ၅၀၀၀ တန်ကလေးများကို စာရွက်ကလေးတစ်ခုဖြင့် အတူစုစည်းထားသည်။ အကြွေအနုပ်ကလေးတချို့ကိုလည်း တွေ့လိုက်ရသည်။ ရေတွက်၍ကြည့်သောအခါ ငွေကျပ် ၂၃၅၇၀၀ တိတိရှိလေသဖြင့် ကျွန်တော်ပျော်ရွှင်သွားမိသည်။

ထို့နောက် စာရွက်ကလေးကိုဖြန့်ကြည့်လိုက်သောအခါ ရွှေအပေါင်ဘောင်ချာကလေးဖြစ်နေသည်ကိုတွေ့လိုက်ရသည်။ တန်တော့ ရွှေပေါင်ပြီး အပြန်ဈေးဝယ်လာကြသည်ထင်၏။ စိတ်မကောင်းတော့ဖြစ်မိသည်။ သူတစ်ပါး၏ ချွေးနဲ့စာ၊ အပူစာကိုမသုံးရက်မစွဲရက်ပါသော်လည်း ကျွန်တော့်တွင်မိသားစုရှိသည်။ ကျွန်တော့်မိသားစုစားဝတ်နေရေးအပူမီးငြိမ်းအေးနိုင်ဖို့ရာအတွက် ကျွန်တော်သာ အပူလျှပ်ခံပါမည်။ မကောင်းမှုအကုသိုလ်အလုပ်ဖြစ်နေသည်ကိုသိပါသော်လည်း ငွေရလွယ်သောအလုပ်ဖြစ်နေသည်မို့ ကျွန်တော်မစွန့်လွှတ်နိုင်ခဲ့ပါချေ။ နောင်ဘဝတွင်မက ယခုဘဝတွင်လည်း မကောင်းမှုအကျိုးအပြစ်ကို ကျွန်တော်တစ်ဦးတည်းသာ ခံယူမည်ဖြစ်သည်မို့ မိန်းမကို ဈေးထဲပွဲရုံ၌ ကုန်ထမ်းနေဆဲဟုသာ ပြောထားခဲ့သည်။ အကယ်၍ အမှန်အတိုင်းသိရှိသွားမည်ဆိုပါက သူတစ်ပါးမျက်ရည်ပေါက်ကြီးငယ်ဖြင့် စားရသောအပူစာဖြစ်သည်မို့ လက်ခံနိုင်လိမ့်မည်မဟုတ်ပါချေ။

(၂)

ဟုတ်ပါသည်။ ကျွန်တော်ကိုတင်မောင်သည် ခါးပိုက်နှိုက်တစ်ယောက်ဖြစ်သည်။ ကျွန်တော့်တွင် ခြေကောင်းလက်ကောင်းရှိသည်။ ထောင်ထောင်မောင်းမောင်း ကျန်းမာတောင့်တင်းသောခန္ဓာကိုယ်လည်းရှိသည်။ သို့သော် ကျွန်တော်သည် လွန်စွာအန္တရာယ်များသကဲ့သို့ အကုသိုလ်လည်းကြီးလွန်းသည့်ဤခါးပိုက်နှိုက်အလုပ်ကို စွဲစွဲမြဲမြဲလုပ်ကိုင်သွားရန်သာဆုံးဖြတ်ထားသည်။

ခင်မိုးနှင့် ကျွန်တော်အိမ်ထောင်မကျခင်ထိ ကျွန်တော်သည် ကြက်သွန်ပွဲရုံ၌ နေ့စားကူလီတစ်ယောက်အဖြစ် လုပ်ကိုင်ခဲ့သည်။ တစ်ရက်လုပ်ခငွေကျပ် ၄၀၀၀ ဖြင့် ကျွန်တော့်စားဝတ်နေရေးအတွက်အဆင်ပြေသလိုရှိပါသော်လည်း လင်ကိုယ်မယားနှစ်ယောက်ဖြစ်လာသည့်အခါ တစ်ယောက်စာငွေကြေးပမာဏသည် နှစ်ယောက်စာအတွက် ဖူလုံခြင်းငှာမစွမ်းသာခဲ့တော့ပါချေ။ ထို့နောက် သူဌေးထံ၌ လုပ်ခငွေကြိုထုတ်ရသည်။ ရံဖန်ရံခါ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများကြားတွင် ချေးငှားလှည့်သုံးရပြန်သည်။ ခင်မိုးသည်ကား ဆန်ပွဲရုံမှအရောင်းသမတစ်ဦးဖြစ်သည်။ အိမ်ထောင်ဦးစီးတစ်ယောက်အဖြစ် တာဝန်ယူထားရပြီမို့ ဇနီးမယားဖြစ်သူကို ဒိုးတူပေါင်ဖက်လုပ်ကိုင်စားသောက်စေခြင်းမှာ ကျွန်တော်တင်မောင်အတွက်ယောကျ်ားမာနထိခိုက်သည်ဟု ယူဆထင်မြင်မိသဖြင့် ခင်မိုးကိုအလုပ်မှထွက်ကာ အိမ်တွင်သာနေစေခဲ့သည်။ မိသားစုစားဝတ်နေရေးအတွက် ယခင်ထက်အလုပ်ကြိုးစားလုပ်ကိုင်ခဲ့ပါသော်လည်း သူဌေးသည် ဘောက်ဆူးအပိုငွေကြေးပေးခြင်းမရှိခဲ့ပါချေ။ လုပ်ပေးလျှင်လုပ်ပေးသလောက်သာခိုင်းသည်။ ကျွန်တော်တို့၌သားကလေးတစ်ယောက်မွေးဖွားပြီးသည်ထိ လုပ်ခလစာတိုးပေးခြင်းလည်း အလျှင်းမရှိသဖြင့် စိတ်ပျက်လာမိခဲ့သည်။ ယခုကဲ့သို့ ခါးပိုက်နှိုက်ဘဝရောက်ရှိလာခဲ့ရသည်မှာ ကုန်ထမ်းဖော်သူငယ်ချင်းဇော်ထူး၏ညွှန်ကြားမှုကြောင့်ဟု ဆိုရပေလိမ့်မည်။

(၃)

"ဟေ့ တင်မောင် နောက်ကျလှပါ့လားကွ"

ဈေးသိမ်းပြီးချိန် မှောင်စပျိုးချိန်မှ အလုပ်သိမ်းသဖြင့် ထမင်းထုပ်ဆွဲကိုင်ကာ ခေါင်းငိုက်စိုက်ချလျက်လျှောက်လှမ်းနေရာမှ အသံလာရာသို့ ဦးမော့ကြည့်လိုက်မိသည်။ ရှပ်လက်ရှည်အကွက်စိပ်နှင့်အတူ ဂျင်းဘောင်းဘီအရှည်ကို သားနားစွာဝတ်ဆင်လျက်ဆေးလိပ်အဖြူခဲကာ ဘုံဆိုင်အတွင်း၌ သောက်စားနေသည့်သူကအလုပ်ထွက်သွားသည်မှာ ကြာပြီဖြစ်သောဇော်ထူးပင်ဖြစ်သည်။ ယခင်အသွေးအမွေးနှင့်မတူထူးခြားသစ်လွင်နေလေသည်မို့ အလုပ်အကိုင်အဆင်ပြေနေသည်ထင်၏။

"အေးကွာ ကားတွေဆက်တိုက်ဝင်နေတာနဲ့နောက်ကျနေတာကွာ"

"ဘယ့်နှယ်လဲ အဆင်ကောပြေရဲ့လား"

"အိုကွာ မင်းလဲ အကြောင်းသိလျက်သားနဲ့။ သေမလောက်လုပ်ရလဲ ဒီပိုက်ဆံပဲကွာ။ မိုးချုပ်ကြီးထိလုပ်ရလို့ ငါ့မှာ မုန့်ဖိုးပဲဖိုးလေးများ ပိုရမလားမှတ်တယ်။ မပေးပါဘူးကွာ မသိချင်ယောင်ဆောင်နေတာချည်းပဲသူဌေးက"

"ဟားဟားဟား အလုပ်မကောင်းတာများကွာ။ ပေကပ်လုပ်နေသေးလား အသစ်ပြောင်းပေါ့ကွ"

"ဩော်. . . လိုအပ်တဲ့အခါ လုပ်အားခလေး၊ ဘာလေး ကြိုထုတ်ပေးတဲ့မျက်နှာတွေဘာတွေ ထောက်နေလို့ပေါ့ကွာ။ ပြောသာပြောရတာပါ။ ဒီခေတ်ဒီကာလဘယ်အလုပ်ပြောင်းပြောင်း ဒီလိုပဲနေမှာပါပဲ။ လူတိုင်းက ကျပ်တည်းနေကြတာ မဟုတ်လား"

ကျွန်တော့်စကားကို ဇော်ထူးက ပြက်ရယ်ပြုလေသည်။

"ဟားဟားဟား ငွေရလွယ်ပြီး ငါတို့နဲ့အကိုက်ညီဆုံး၊ အဆင်ပြေဆုံး၊ ငွေအလျှံဆုံးအလုပ် ငါရှာတွေ့ထားတယ်။ မင်းစိတ်ဝင်စားရင် ငါပြောပြမယ်"

ကျွန်တော်မျက်နှာအနီးအပါးသို့တိုးကပ်၍ ထပ်မံပြောဆိုလိုက်သော ဇော်ထူး၏ စကားသံတိုးတိုးကိုကြားလိုက်ရသည့်အခါ၌ ကျွန်တော် ထိတ်လန့်သွားမိခဲ့သည်။

"ဟာ ဖြစ်ပါဘူးဇော်ထူးရာ။ မတော်ထောင်နန်းစံနေရမဲ့ကိန်းကြီးဟ"

"ဟ ငါ့ကောင်ရ ဒီလောက်တော့ စွန့်စားရမှာပေါ့ကွ။ မအစမ်းပါနဲ့တင်မောင်ရာ"

"ဟာ မင်းအလုပ်ကြီးက မတရားမှုကြီးပါကွာ"

"ဒီမယ် တင်မောင် တရားတာ၊ မတရားတာတွေနောက်ထား၊ လောလောဆယ် မင်းအိမ်ကမိသားစုထမင်းဝဖို့အရေးကြီးတယ်ကွ။ ငါပြောတာဟုတ်တယ်ဟုတ်"

(၄)

ဒီလိုနှင့် ကျွန်တော်သည်လည်း ငွေရလွယ်သည့်လမ်းမှားပေါ်သို့ ရောက်ရှိ၍ လာခဲ့ရပါသည်ပေါ့။ ငွေစက္ကူများကို အိတ်ကပ်ထဲသို့ထိုးထည့်ကာကျန်ရှိနေသော ပိုက်ဆံအိတ်အလွတ်ကလေးကို အိမ်သာခေါင်းမိုးကြားမှလွတ်နေသော အုတ်ခုံပေါ်သို့ထိုးထည့်ထားလိုက်သည်။ ဒီနေ့အဖို့ အတော်လေးတွက်ခြေကိုက်သွားပြီဖြစ်သည်။ ခေါက်ဆွဲကြော်ထုပ်ကလေးနှင့်အတူသားလေးအတွက် အချိုရည်ဘူးကလေးကိုဆွဲကိုင်ကာအိမ်သို့တက်ကြွသောခြေလှမ်းများဖြင့် လျှောက်လှမ်းလာခဲ့သည်။ ခင်မိုးသည်ပင် သားလေးကို ထမင်းခွံ့နေပြီဖြစ်လေသည်။

စာမျက်နှာ ၂၅သို့ ➤

# ဒေးဒရဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာဧက ၃၀၀ စိုက်ပျိုးပြီးစီး



**ဒေးဒရဲ ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာဧက ၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ လျာထားဧက ၃၀၀ ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားဧက ၃၀၀ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လျာထားဧက ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဆီထွက်သီးနှံဆောင်းနေကြာများ အထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် လယ်မြေများထိ အပတ်စဉ်ကွင်းဆင်းစောင့်ကြည့် အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံနေကြာဧက ၃၀၀ လျာထားစိုက်ပျိုးခဲ့တယ်။ ဆီထွက်သီးနှံနေကြာတွေကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်ထဲမှာ စတင်စိုက်ပျိုးခဲ့တာပါ။ ဆီထွက်သီးနှံနေကြာတွေကို စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို စတင်မစိုက်မီ စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ လျာထားချက်ပြည့်သွားပေမဲ့ ဆီထွက်သီးနှံနေကြာကို ထပ်တိုးစိုက်သွားဖို့ရှိတယ်။ တောင်သူတွေအနေနဲ့ကလဲ နေကြာစိုက်တဲ့ အတွေ့အကြုံရှိတယ်။ စိုက်ပျိုးထားတဲ့ နေကြာအမျိုးအစားတွေက တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ကနေ စနစ်တကျရွေးချယ်ပေးထားတဲ့မျိုးတွေဖြစ်တယ်။ စိုက်ပြီးတဲ့ ဆောင်းနေကြာခင်းတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ကွင်းဆင်းပြီး ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်တယ်" ဟု မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန် နည်းပညာများ၊ လိုအပ်သောပံ့ပိုးမှုများ၊ မြေဆီလွှာပြုပြင်ခြင်းများ၊ စိုက်ပျိုးရေးသွင်းအားစုများ၊ အသုံးပြုရေးနည်းစနစ်များ စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ဒေသခံတောင်သူများက ပူးပေါင်းကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါဆီထွက်သီးနှံ ဆောင်းနေကြာ ၃၀၀ ဧကကို ကျေးရွာပေါင်း ၁၉ ရွာတွင် အများဆုံး စိုက်ပျိုးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပြည်မြို့နယ် ပြည်သာယာရပ်ကွက်၌ ဆိုလာရေတင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပြည် ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ပြည်သာယာရပ်ကွက်၌ ဆိုလာရေတင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ပြည်သာယာရပ်ကွက်၌ ဆိုလာရေတင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ပြည်မြို့နယ် ပြည်သာယာရပ်ကွက်၌ သောက်သုံးရေရရှိရေးအတွက် ယခင်ရှိပြီး လေးလက်မစက်ရေတွင်းကို ဆိုလာရေတင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၈၅၅ သန်းဖြင့် QLS Engineering ကုမ္ပဏီက ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေးအတွက် နယ်မြေဒေသနှင့်သင့်တော်သည့်နည်းလမ်းများကို စနစ်တကျရွေးချယ်ပြီးနည်းလမ်းမျိုးစုံဖြင့် ရေရရှိရေးလုပ်ငန်းများကို အစဉ်တစိုက်ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။ **အေးမြတ်**



➤ **စာမျက်နှာ ၂၄မှအဆက်**

"မေမေ သားတို့ဆရာမကပြောတယ်။ မကောင်းတာလုပ်ရင် လူဆိုးတဲ့။ ကောင်းတာလုပ်ရင် လူကောင်းတဲ့မေမေရဲ့။ အဲဒါကြောင့် ကောင်းတာတွေပဲလုပ်ပြီး လူကောင်းဖြစ်အောင်နေရမယ်တဲ့"

"ဒါပေါ့သားလေးရဲ့။ ကောင်းတာတွေအများကြီးလုပ်ပြီး လူကောင်းဖြစ်မှ နောက်ဘဝကျရင်လဲ ချမ်းချမ်းသာသာပြည့်ပြည့်စုံစုံနဲ့နေရမှာပေါ့"

"အဲဒါဆို သားတို့ အခု ဆင်းရဲနေတာက လူဆိုးတွေမို့လို့လားဟင်"

"အယ် အဲဒီလိုတော့လဲမဟုတ်ဘူးပေါ့ကွယ်သားရယ်။ မေမေတို့က အခုဘဝမှာဆင်းရဲနေပေမဲ့ မကောင်းတာတွေမလုပ်ဘူးဆိုရင် နောက်ဘဝကျ ချမ်းချမ်းသာသာနဲ့နေရမှာပေါ့သားရဲ့"

"မကောင်းတာတွေက ဘာတွေလဲဟင် မေမေ"

"ဪ . . . ဒီလိုလေသားရဲ့။ သူတစ်ပါးအပေါ် မယုတ်မာရဘူး၊ မလိမ်ညာရဘူး၊ သူတစ်ပါးပစ္စည်းမခိုးရဘူး၊ သူတစ်ပါးအသက်ကို မသတ်ရဘူး။ အဲဒါတွေက မကောင်းတာတွေပဲပေါ့သားရဲ့"

အိမ်ထဲသို့တက်လှမ်းမည့် ကျွန်တော့်ခြေလှမ်းများသည် တုံ့ဆိုင်းရပ်တန့်၍ သွားခဲ့ရလေသည်။ သားလေးကို ထမင်းခွံ့နေရင်းဖြင့် ဆုံးမနေလေသော ခင်မိုး၏စကားသံတို့သည် ကျွန်တော့်နားထဲ၌ ပဲ့တင်ထပ်လျက်ရှိသည်။ ယခုပုံအတိုင်းဆိုလျှင် ကျွန်တော်သည် လူဆိုးဖြစ်၍နေလေသည်။ သို့သော် သားလေးအတွက်တော့ ကျွန်တော်သည် အားကိုးဂုဏ်ယူရမည့်လူကောင်းတစ်ယောက်ဖြစ်ချင်မိသည်။ မိသားစုစားဝတ်နေရေးအဆင်ပြေချောင်လည်သွားစေနိုင်ရန်အလို့ငှာ ကျွန်တော်လျှောက်လှမ်းနေခဲ့မိသော ဧရာလမ်းသည် အမှန်တကယ်ပင် ကျွန်တော့်မိသားစုအတွက် အကျိုးပြုနိုင်ရဲ့လား။ တစ်ပါးသူတို့၏ သွေး၊ ချွေး၊ မျက်ရည်တို့ကို အခြေပြုရယူခဲ့သော ငွေကြေးများသည် ကျွန်တော့်ဇနီးနှင့် သားကလေးအတွက် အာဟာရဖြစ်စေပါရဲ့လား။ မိမိတို့၏ကိုယ်ပိုင်ဥစ္စာငွေကြေးများ ဆုံးရှုံးလိုက်ရသောလူအများ၏ မျက်ရည်ကျိန်စာတို့သည် ကျွန်တော့်အတွက်သာမက ကျွန်တော့်မိသားစုကိုပါ ထိခိုက်သွားစေနိုင်မည်ဆိုပါက ကျွန်တော်သည် မီးကျီးမီးခဲများကိုသာ ရှာဖွေကျွေးမွေးနေခဲ့သော အိမ်ထောင်ဦးစီးဖခင်တစ်ယောက်ဖြစ်နေတော့မည်။ အတွေးပေါင်းစုံတို့သည် ကျွန်တော့်ခေါင်းထဲ၌ ပြင်းထန်စွာထိုးနှက်၍လာခဲ့လေသည်။ လေနုအေးသည်လည်း တွေးနေသည်။ ဝယ်ယူလာသောခေါက်ဆွဲကြော်သည်လည်း အေးနေလေပြီ။

စာမျက်နှာ ၂၅

## ပြည်တစ်ခွင် ကြည်ရွှင်သာစွ ပြာသိုလ

\- နှင်းမြူပက်ဖျန်း ချမ်းအေးကာအတည်
ခွာညိုပွင့်လန်း တင့်ဆန်းလာပြီ
ပြာသိုလမည် ရာသီမကာရ
ရောက်လေတိုင်းတွင် ပြည်တစ်ခွင်
အစဉ်သာမောလှသည်တည့်လေး။

\- ကြယ်စင်ဖုသျှ တောက်ပထည်ဝါ
ကောင်းကင်ယံထက် လင်းလက်ထိန်ဖြာ
ညချမ်းချိန်ခါ သာယာတင့်ထူး
ရွှေရောင်ခြည်တွေ ဖြန့်ကျင်းနေ
ရှုလေတိုင်းကြည်နူးဖွယ်နှင့်လေး။

\- မြောက်လေကမြူး ထူးကဲချိန်တွင်
မြင်းခင်း ဆင်ခင်း စက်သွင်းသဘင်
နန်းတော်တစ်ခွင် ယခင်ရှေးက
ခြိမ့်သဲစွာပင် နွှဲဆင်ယင်
ပြန်မြင်ကာတွေးဆမိသည်နှင့်လေး။

\- ပန်းချီတမျှ ဆိုရမည်သာ
တောတန်းတောင်တန်း စိမ်းလန်းနေကာ
ပန်းမန်စုံစွာ ဝေဖြာနေကြ
နှင်းမြူကြားတွင် လှချင်းယှဉ်
စိတ်ဘဝင်ရွှင်ပျသည်တည့်လေး။

\- ခွာညိုအလှဖြာ သဘာဝကြည်ရွှင်တယ်။
ပြာသိုလအခါ သမယပြည်တစ်ခွင်ဝယ်။

**မနောသစ်(ပခုက္ကူ)**

# ပျဉ်းမနားမြို့နယ် ကြိမ်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြိမ်အင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ဆင်းရဲမှုနှုန်းကို လျှော့ချနိုင်စေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအဓိကဝိသေသများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၁ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကြိမ်အင်းကျေးရွာ၌ ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၄ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# အာရှစီးပွားရေးအင်အားကြီးနိုင်ငံများ၏ တိုးတက်မှုအလားအလာ

**မောင်သောင်းဝင်း(တမန်ဟောင်း)**




၂၀၂၂ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဆက်လက်ဖြစ်ပွားမှု၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများအပေါ် ကန့်သတ်ထိန်းချုပ်မှုများလုပ်ဆောင်ခြင်း၊ အတိုးနှုန်းများ မြင့်တက်လာခြင်းနှင့်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးလာခြင်းတို့ကြောင့် အာရှ၏စီးပွားရေးအကြီးမားဆုံးဖြစ်သည့် တရုတ်နိုင်ငံသည် စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးခဲ့ရသည်။

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ လုံးဝကင်းစင်ရေးမူဝါဒ (Zero Covid-19 Policy) ကို ဖြေလျှော့ပေးရန် နိုင်ငံတကာမှ တောင်းဆိုမှုများ မြင့်တက်လာခဲ့ပြီး ၂၀၂၂ ခုနှစ် နှောင်းပိုင်းတွင် ပြည်တွင်း၌လည်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးမူဝါဒအပေါ် ဆန္ဒထုတ်ဖော်မှုများဖြစ်ပေါ်ခဲ့သည်။ နောက်ဆုံးတွင် တရုတ်ကွန်မြူနစ်ပါတီမှ စီမံအုပ်ချုပ်သူများသည် ပြည်သူများ၏ တောင်းဆိုချက်ကို လိုက်လျောဖြေလျှော့ဆောင်ရွက်ခဲ့ရသည်။

ပေကျင်း၏ ကိုဗစ်-၁၉ မူဝါဒဖြေလျှော့ခြင်းသည် ကူးစက်မှုများ မြင့်တက်လာသဖြင့် အလုပ်သမားလိုအပ်ချက်နှင့် ကမ္ဘာလုံးဆိုင်ရာအရောင်းဈေးကွက်အပေါ် ခြိမ်းခြောက်မှုများဖြစ်ပေါ်လာခဲ့သည်။ အထူးသဖြင့် ဇန်နဝါရီလနှောင်းပိုင်း တရုတ်နှစ်သစ်ကူးကာလအတွင်း ခရီးသွားလာမှု များပြားသည့်အချိန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာနိုင်ပေသည်။

တရုတ်အာဏာပိုင်များသည် ကိုဗစ်-၁၉ ရောဂါကန့်သတ်ထိန်းချုပ်မှုများကြောင့် ၂၀၂၂ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်း သုံးရာခိုင်နှုန်း ကျဆင်းခဲ့ရသဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုစည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့ရသည်။ သို့သော်လည်း ကမ္ဘာ့နိုင်ငံများက ၂၀၂၃ ခုနှစ် ဒုတိယခြောက်လပတ်တွင် တရုတ်နိုင်ငံ၏ GDP တိုးတက်လာမည်ဟု အကောင်းဘက်မှ ရှုမြင်လျက်ရှိကြသည်။

ကိုဗစ်-၁၉ ရောဂါ သက်ရောက်မှုမရှိလျှင် တရုတ် GDP သည် ၂၀၂၃ ခုနှစ်အတွင်း ၄ ဒသမ ၇ ရာခိုင်နှုန်းထိရှိလာနိုင်ကြောင်း Nikkei လေ့လာသုတေသနပြုချက်များက ဖော်ပြလျက်ရှိသည်။ သို့သော် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)ကမူ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးကန့်သတ်ချက်များ၊ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုနှေးကွေးလာခြင်း၊ အိမ်ခြံမြေဈေးကွက်အေးစက်လာခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏ GDP နှေးကွေးလာနိုင်သည်ဟု ခန့်မှန်းတွက်ချက်ထားရှိသည်။

တရုတ်သမ္မတရှီကျင့်ဖျင်က တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရာတွင် အဆင့်သစ်တစ်ရပ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ခက်ခဲကြမ်းတမ်းသောသော စိန်ခေါ်မှုများရှိနေဆဲပင်ဖြစ်ကြောင်း၊ ပြည်သူများသည် ကန့်သတ်ထိန်းချုပ်မှုများ ဖြေလျှော့ပေးရန် တောင်းဆိုလာမည်ဖြစ်ကြောင်း၊ စီးပွားရေးအတွက် ရုန်းကန်ရမည်ဖြစ်ကြောင်း၊ လုပ်သာကိုင်သာရှိသော ဘဏ္ဍာရေးမူဝါဒများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ခြင်းနှင့် ပြည်တွင်းမကျေနပ်ချက်များ ဖြေလျှော့ခြင်းတို့တွင် များစွာအရေးပါနေမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

အတိုးနှုန်းမြင့်တက်မှုများ၊ ဝန်ကြီးများနုတ်ထွက်မှုများ၊ အခွန်ငွေရရှိမှု လျော့နည်းလာခြင်းနှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတို့သည် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါအတွက် နှစ်သစ်တွင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများပင်ဖြစ်သည်။ ယခင်နှစ် ဇူလိုင်လတွင် ဝန်ကြီးချုပ် ကီရှီဒါကို ထောက်ခံမှုနှုန်း ၆၃ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒီဇင်ဘာလတွင် ၃၃ ဒသမ ၁ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့သည်။ ဇူလိုင်လအတွင်း ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး လုပ်ကြံခံရမှုအပါအဝင် အဂတိလိုက်စားမှုဖြင့် ဝန်ကြီးများနုတ်ထွက်မှုများရှိခဲ့သဖြင့် ကီရှီဒါအပေါ် ထောက်ခံမှုနှုန်းကျဆင်းလာခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် ကာကွယ်ရေးအသုံးစရိတ်အတွက် အကောက်ခွန်တိုးမြှင့်မည့်အစီအစဉ်ကို လစ်ဘရယ်ဒီမိုကရက်ပါတီ (LDP)၏ ဖိအားပေးမှုကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။ သို့သော် LDP သည် ၂၀၂၇ ခုနှစ်တွင် GDP ၏ နှစ်ရာခိုင်နှုန်းကို ကာကွယ်ရေးအသုံးစရိတ်သုံးစွဲသွားရန် သဘောတူညီထားပြီးဖြစ်သည်။ အခွန်ငွေတိုးမြှင့်ကောက်ခံခြင်း သို့တည်းမဟုတ် ချေးငွေဖြင့် သုံးစွဲသွားမလားဆိုသောအချက်ကိုမူ တိတိကျကျထုတ်ပြန်နိုင်ခြင်းမရှိသေးပေ။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် ဧပြီလအတွင်း ပြုလုပ်မည် ဒေသန္တရရွေးကောက်ပွဲများနှင့် G-7 ထိပ်သီးဆွေးနွေးပွဲ လက်ခံကျင်းပရေးအပါအဝင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်သွားရမည်ဖြစ်သည်။ စီးပွားရေးမျက်နှာစာတွင် စိန်ခေါ်မှုတစ်ရပ်သည် ဂျပန်ဗဟိုဘဏ် (BOJ) အုပ်ချုပ်ရေးမှူးအသစ်ရွေးချယ်ခန့်အပ်သွားနိုင်ရေးပင်ဖြစ်သည်။ ဂျပန်ယန်းငွေသည် ၃၂ နှစ်အတွင်း အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့သည်။

ဂျပန်စီးပွားရေးသည် ကိုဗစ်-၁၉ ရောဂါမတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိရန်အတွက် တိုးတက်မှုနှေးကွေးလျက်ရှိသည်။ ၂၀၂၂ ခုနှစ် တတိယသုံးလပတ်တွင် GDP တိုးတက်မှုနှုန်းသည် သုည ဒသမ ၂ ရာခိုင်နှုန်းခန့် ကျသွားခဲ့သည်။ IMF က အာရှ၏ဒုတိယအကြီးမားဆုံးစီးပွားရေးဖြစ်သည့် ဂျပန်နိုင်ငံ၏စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် ၂ ဒသမ ၁ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် သုည ဒသမ ၉ ရာခိုင်နှုန်းသာ တိုးတက်မည်ဟု ခန့်မှန်းထားကြောင်း အစီရင်ခံထားသည်။ ဂျပန်ယန်းငွေတန်ဖိုး ဆက်လက်ကျဆင်းနေမည်ဆိုလျှင် ဂျပန်နိုင်ငံသားတစ်ဦးချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် တရုတ်(တိုင်ပေ)နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ နောက်သို့ရောက်ရှိသွားနိုင်ပေသည်။ ဂျပန်နိုင်ငံတွင် လုပ်သားစွမ်းအား ကွာဟချက်မြင့်တက်လျက်ရှိသောကြောင့် တစ်ဦးချင်း၏ဝင်ငွေသည် စင်ကာပူနှင့် ဟောင်ကောင်တို့ထက် နည်းပါးလျက်ရှိသည်။

ဂျပန်ငွေကြေးတန်ဖိုး ကျဆင်းမှုထိန်းချုပ်နိုင်ရေးအတွက် BOJ အုပ်ချုပ်ရေးမှူးသစ် ခန့်အပ်နိုင်ရေးနှင့် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲသွားရေးတို့သည် ၂၀၂၃ ခုနှစ် အစပိုင်းတွင် ကီရှီဒါအတွက် စိန်ခေါ်မှုများပင်ဖြစ်သည်။ ကီရှီဒါ၏နိုင်ငံရေးပုံရိပ်သည် များပြားလာသော ကြွေးမြီများနှင့်အခွန်ငွေရရှိမှုလျော့နည်းလာမှုတို့ကြား ဝင်ငွေခွဲဝေသုံးစွဲကာ ပြဿနာများဖြေရှင်းနိုင်မှုတို့အပေါ်တွင် မူတည်လျက်ရှိသည်။ အကောင်းဘက်က ရှုမြင်သွားမည်ဆိုလျှင် ဂျပန်နိုင်ငံသည် Quad အဖွဲ့တွင် ပါဝင်လျက်ရှိသဖြင့် အမေရိကန်ဦးဆောင်သော ဖြန့်ဖြူးရေးကွင်းဆက်လုံခြုံမှုရရှိနိုင်ခြင်းပင်ဖြစ်သည်။

အမေရိကန်ဒေါ်လာ ၁၀ ထရီလီယံတန်ဖိုးရှိသော စီးပွားရေးလုပ်ငန်းပိုင်ဆိုင်ရေးဆိုသည့် အိန္ဒိယ၏ စိတ်ကူးအိပ်မက်သည် စီးပွားရေးလုပ်ငန်းသုတေသနဌာန(CEBR) ၏ ဦးဆောင်ပံ့ပိုးမှုဖြင့် တိုးတက်လျက်ရှိရာ ၂၀၃၅ ခုနှစ်တွင် အောင်မြင်မှုရရှိမည်ဟု မျှော်မှန်းထားရှိသည်။ CEBR ၏အဆိုအရ အိန္ဒိယ၏ နှစ်စဉ် GDP သည် ကိုးနှစ်ဆက်တိုက် ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီးနောက် လာမည့် ငါးနှစ်အတွင်း ၆ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်သင့်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးဇယား၌ ပဉ္စမနေရာတွင် ရပ်တည်နေသော အာရှ၏ကြီးမားသော စီးပွားရေးနိုင်ငံသည် ၂၀၃၇ ခုနှစ်တွင် တတိယနေရာသို့ ရောက်ရှိလာမည်ဖြစ်သည်။

ကမ္ဘာ့ပဉ္စမအကြီးမားဆုံး စီးပွားရေးနိုင်ငံဖြစ်သည့် အိန္ဒိယ၏ GDP သည် ၂၀၂၂ ခုနှစ် စက်တင်ဘာလ စတုတ္ထသုံးလပတ်တွင် ၆ ဒသမ ၃ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။ ငွေကြေးဖောင်းပွမှုများနှင့် ယူကရိန်းအရေးတို့သည် စီးပွားရေးနှေးကွေးမှုဖြစ်ပေါ်စေသည့် အကြောင်းတရားပင်ဖြစ်သည်။ အိန္ဒိယအရန်ငွေထိန်းသိမ်းရေးဘဏ် (RBI) က လာမည့်ဘဏ္ဍာနှစ်အတွင်း GDP တိုးတက်မှုနှုန်း ၆ ဒသမ ၈ ရာခိုင်နှုန်းထိ တိုးတက်မည်ဟု မျှော်မှန်းထားရှိသည်။ သို့သော် ငွေကြေးဖောင်းပွမှုနှုန်းသည် ဗဟိုဘဏ်၏ သတ်မှတ်နှုန်း ၂ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းတို့ထက်ကျော်လွန်လျက်ရှိသည်။

မည်သို့ပင်ဆိုစေ အိန္ဒိယစီးပွားရေးသည် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့အလျင်အမြန်ဆုံး စီးပွားရေးအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။ အိန္ဒိယ၏ စီးပွားရေးသည် ကမ္ဘာ့အခြားဈေးကွက်များနှင့် နှိုင်းယှဉ်လျှင် တိုးတက်မှုဖြစ်ပေါ်လျက်ရှိသည်။ အကြောင်းမူကား အိန္ဒိယသည် အကြီးမားဆုံးဈေးကွက်ရှိပြီး နိုင်ငံတကာကုန်စည်စီးဆင်းမှု၏သက်ရောက်မှုကိုလည်း ခံစားရလေ့မရှိပေ။ အိန္ဒိယသည် ၂၀၂၃ ခုနှစ်တွင် လူဦးရေ ၁ ဒသမ ၄၃ ဘီလီယံရှိလာမည်ဖြစ်သည့်အတွက် တရုတ်နိုင်ငံကိုကျော်တက်ကာ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံအဖြစ် ရပ်တည်လာတော့မည်ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးဖြစ်ထွန်းမှုများ ပိုမိုပျံ့နှံ့လာရေးအတွက် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခြင်း၊ လူမှုသက်သာချောင်ချိရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်အောင်ဆောင်ရွက်ခြင်းနှင့် အလုပ်လက်မဲ့နှုန်းလျှော့ချခြင်းတို့သည် အိန္ဒိယ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် ပြည်တွင်း၌ အောင်မြင်မှုများရရှိနေသော်လည်း ယူကရိန်းအရေးနှင့် တရုတ်ကို ဟန်ချက်ထိန်းညှိနိုင်ရေးအတွက် Quad တွင် ပါဝင်ဆောင်ရွက်လျက်ရှိသဖြင့် ပြည်ပ၌ စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် အာရှ၏ စီးပွားရေးအင်အားကြီးနိုင်ငံသည် စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများ မြင့်တက်လာမှုနှင့်အတူ ၂၀၂၃ ခုနှစ်တွင် အခြားသောစိန်ခေါ်မှုများကိုလည်း ရင်ဆိုင်သွားရဦးမည်ဖြစ်သည်။ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။

ဆိုရလျှင် အာရှ၏ စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါအပြင် ယူကရိန်းအရေးတို့ကြောင့် တိုင်းပြည် GDP တိုးတက်ရေးအတွက် အခက်အခဲများစွာနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ထို့ပြင် အဆိုပါစီးပွားရေးအင်အားကြီးနိုင်ငံများသည် ပြည်တွင်းနိုင်ငံရေးအပြင် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း မတူညီသောပွတ်တိုက်မှုများရှိနေသဖြင့် ၂၀၂၃ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုများစွာနှင့် ဆက်လက်ရင်ဆိုင်သွားရဖွယ်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား-**

- **2023 New Year Resolutions for Asia's Biggest Economies by The Dipplomat.**

# ကျိုက်လတ်မြို့နယ် တမံစုကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကျိုက်လတ် ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုက်လတ်မြို့နယ် တမံစုကျေးရွာ၌ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ရေသန့်စင်စနစ်ဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဇော်မျိုး၊ ကျိုက်လတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ရေသန့်စင်စနစ်၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့်အချိန်မီပြီးစီးရေးမှာကြားသည်။

တမံစုကျေးရွာ၌ ပေ ၂၀ အမြင့်ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့်ရေသန့်စင်စနစ်ဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းတို့ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၅ ဒသမ ၈၃၇၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် THAN Group ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေသန့်စင်စနစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အုန်းပင်စုကျေးရွာအုပ်စု တမံစုကျေးရွာရှိ အိမ်ခြေ ၃၁၉ အိမ်၊ လူ ၁၃၄၆ ဦးတို့အတွက် သန့်စင်ပြီးသည့် သန့်ရှင်းသောသောက်သုံးရေနှစ်စဉ်အသုံးပြုရမည်ဖြစ်ပြီး ရေကြောင့်ဖြစ်ပေါ်သည့်ရောဂါများမဖြစ်ဘဲ နှစ်ပတ်လည်သောက်သုံးရေဖူလုံစွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က ပြောပြ၍ သိရသည်။

**ကိုလှိုင်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# လပွတ္တာမြို့နယ်မှထွက်ရှိသော နေလှန်းဆားပိသာချိန် ၁၀၀ လျှင် ငွေကျပ် ၄၀၀၀၀ ထိ ဈေးကောင်းရရှိနေ



**လပွတ္တာ ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှထွက်ရှိသော နေလှန်းဆားပိသာချိန် ၁၀၀ လျှင် ငွေကျပ် ၄၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း လပွတ္တာမြို့နယ်မှ နေလှန်းဆားထုတ်လုပ်သည့် ပွဲရုံလုပ်ငန်းရှင် ဦးတင်ကိုက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုအခါ နေလှန်းဆားများ ထွက်ရှိနေသည့်ကာလဖြစ်ပြီး ဒီဇင်ဘာလက ဒေသထွက်နေလှန်းဆားပိသာချိန် ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀ သာဈေးရရှိခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ယနေ့ထိ ဒေသထွက်နေလှန်းဆားပိသာချိန် ၁၀၀ လျှင် ငွေကျပ် ၄၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်မှ ထွက်ရှိတဲ့ နေလှန်းဆားတွေက သန့်ရှင်းပြီး ပြည်ပပို့လို့ရတဲ့ သတ်မှတ်ချက်စံချိန်စံညွှန်းတွေနဲ့ ပြည့်မီပါတယ်။ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလနဲ့ နိုဝင်ဘာလတွေက ဆားကွင်းထဲ မိုးရေတွေဝင်ကုန်တော့ ဆားတောင်သူတွေ အနေနဲ့ ဆားအပြည့်အဝမကျုံးခဲ့ရဘူး။ ဒါကြောင့် အခုနှစ် ပထမအသုတ်ထုတ်လုပ်တဲ့နေလှန်းဆားတွေ နည်းနည်းအထွက်နည်းသွားပါတယ်။ နေလှန်ဆားအထွက်နည်းသွားတာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဒေသထွက်ဆားတွေ ပြန်လည်တင်ပို့လာတာကြောင့် ဆားဈေးက သိသိသာသာကို ကောင်းလာတာဖြစ်ပါတယ်။ ဆားဈေးတွေကောင်းလာတော့ ဆားတောင်သူတွေလဲ အဆင်ပြေလာသလို ဆားလုပ်သားတွေလဲ အဆင်ပြေလာပါတယ်"ဟု လပွတ္တာမြို့နယ်မှ နေလှန်းဆားထုတ်လုပ်သည့် ပွဲရုံလုပ်ငန်းရှင် ဦးတင်ကိုက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်၍ နေလှန်းဆားကွင်းများအတွင်း ပင်လယ်ရေများသွင်းပြီး နေလှန်းထားခြင်းဖြစ်ကြောင်း၊ အဆိုပါနေလှန်းထားသည့်ဆားများကို ဒီဇင်ဘာလတွင် စတင်ထုတ်လုပ်ပြီး စနစ်တကျသန့်စင်ချက်လုပ်ကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ပြန်လည်တင်ပို့ရောင်းချနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းပြားမြို့နယ် ငတန်ပျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းပြား ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ငတန်ပျင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငတန်ပျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေတတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် ရှစ်သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် ကိုးသန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၂ ဒသမ ၆ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို ငွေကျပ် ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသန်း**

# တိဗက်နယ်မြေအနောက်တောင်ဘက်ပိုင်းတွင် နှင်းမုန်တိုင်းကြောင့် ဒေသခံရှစ်ဦးသေဆုံး



**ပေကျင်း ဇန်နဝါရီ ၁၉**

တိဗက်နယ်မြေအနောက်တောင်ဘက်ပိုင်းတွင် ဇန်နဝါရီ ၁၈ ရက်က နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဒေသခံရှစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း တိဗက်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CGTN သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

နှင်းမုန်တိုင်းသည် နင်ချီမြို့အနီးတွင် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မိန်းလင်ကောင်တီဘက်မှ အစပျိုးလာခဲ့ခြင်းဖြစ်ကြောင်း၊ နင်ချီမြို့သို့ ဖြတ်သန်း တိုက်ခတ်ခဲ့ပြီးနောက် မီဒေါ့ကောင်တီဘက်သို့ ဦးတည်တိုက်ခတ်သွားခဲ့ကြောင်း၊ တရုတ်အာဏာပိုင်အဖွဲ့အစည်းက နင်ချီမြို့သို့ ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ပေးခဲ့ပြီး နှင်းမုန်တိုင်းကြောင့် သေဆုံးခဲ့သည့် ရုပ်အလောင်းများကိုသယ်ကာ သက်ဆိုင်ရာသို့ အပ်နှံပေးခဲ့ကြောင်း သိရသည်။

နှင်းမုန်တိုင်းကြောင့် မိန်းလင်ကောင်တီရှိ ပိုင်ကျေးလက်ဒေသအနီးတွင် မော်တော်ယာဉ်များပိတ်မိနေခဲ့ပြီး နှင်းမုန်တိုင်းငြိမ်သက်သွားမှသာ မော်တော်ယာဉ်များကို ခရီးဆက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ နှင်းမုန်တိုင်းကြောင့် သေဆုံးသူ ရှစ်ဦးရှိခဲ့ကြောင်း တိဗက်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သော်လည်း ပျောက်ဆုံးနေသူများရှိနေဆဲဖြစ်ပြီး သေဆုံးသူဦးရေမြင့်တက်လာဖွယ်ရှိနေကြောင်း သိရသည်။

တရုတ်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ပေးခြင်းကို ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ဘေးလွတ်ရာရွှေ့ပြောင်းရန် လိုအပ်သောဒေသခံများကိုလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနိုင်ရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်း ၂၄၆ ဦး၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မော်တော်ယာဉ်အစီးရေ ၇၀၊ ကယ်ဆယ်ရေးအထောက်အကူပြု ပစ္စည်းအကြီးစား ၁၀ မျိုး၊ ရှာဖွေရေးကိရိယာ ၉၉၄ ခု ပေးပို့ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ **ခိုင်ဆက်**

# အင်ဒိုနီးရှားနိုင်ငံအရှေ့ဘက်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျုရှိ မြေငလျင်လှုပ်ခတ်

**ဂျကာတာ ဇန်နဝါရီ ၁၉**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်ပိုင်း ဆူလာဝီစီပြည်နယ်တွင် ဇန်နဝါရီ ၁၈ ရက်အစောပိုင်းက ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျုရှိ မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှားမိုးလေဝသ၊ ဇလဗေဒနှင့် ဘူမိရူပအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု Outlook သတင်းဌာနက ဇန်နဝါရီ ၁၈ ရက်က ရေးသားဖော်ပြခဲ့သည်။

မြေငလျင်ပြင်းအားများခဲ့ပြီး လူနေအိမ်တချို့ပျက်စီးကာ ထိခိုက်ဒဏ်ရာရရှိသူတချို့ ရှိခဲ့ကြောင်း၊ ဆူလာဝီစီပြည်နယ်တွင် မြေငလျင်ဒဏ်ဖြင့် ရင်ဆိုင်ခဲ့ရသောဒေသများမှာ ဂိုရွန်တယ်လိုဒေသ၊ ဆူလာဝီစီမြောက်ဘက်ပိုင်းဒေသ၊ ဆူလာဝီစီအလယ်ပိုင်းနှင့် မာလူကူမြောက်ဘက်ပိုင်း ဒေသများဖြစ်ကြောင်း အင်ဒိုနီးရှားမိုးလေဝသ၊ ဇလဗေဒနှင့် ဘူမိရူပအေဂျင်စီက ထုတ်ပြန်ခဲ့သည်။



"ဆူလာဝီစီပြည်နယ်မှာ ဇန်နဝါရီ ၁၈ ရက်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျုရှိတဲ့ မြေငလျင်လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်ဒဏ်သင့်ခဲ့ရတဲ့ ဒေသတွေကတော့ ဆူလာဝီစီမြောက်ဘက်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေပဲဖြစ်ပါတယ်"ဟု အင်ဒိုနီးရှား မိုးလေဝသ၊ ဇလဗေဒနှင့် ဘူမိရူပအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင်ပြင်းအားများခဲ့သော်လည်း မြေငလျင်ကြောင့် ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိကြောင်း အင်ဒိုနီးရှားမိုးလေဝသ၊ ဇလဗေဒနှင့် ဘူမိရူပအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"မြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်တချို့ ပျက်စီးခဲ့ပြီး ဒေသခံတချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ မြေငလျင်လှိုင်းဒဏ်သင့်ခဲ့တဲ့ ဒေသခံ သန်းနဲ့ချီပြီး ရှိနေပါတယ်။ မြေငလျင်ပြင်းအား တော်တော်ပြင်းထန်တဲ့အတွက် ဒေသခံတွေ အထိတ်တလန့်ဖြစ်ခဲ့ရတယ်။ ပျက်စီးခဲ့တဲ့နေအိမ်တွေကိုလဲ တာဝန်ရှိသူတွေ သွားရောက်စစ်ဆေးနေပါတယ်။ ဒေသခံတချို့ကိုလဲ ယာယီကယ်ဆယ်ရေးစခန်းမှာ နေရာချပေးထားပါတယ်"ဟု ဆူလာဝီစီပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်ဆက်**

# ဘရာဇီးနိုင်ငံတွင် သစ်တောပြုန်းတီးမှုကာကွယ်ရေးလုပ်ငန်းများ မူဝါဒသစ်ချမှတ်ဆောင်ရွက်မည်

**ဘရာစီးလီးယား ဇန်နဝါရီ ၁၉**

ဘရာဇီးနိုင်ငံသည် သစ်တောပြုန်းတီးမှုပြဿနာကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကျဆင်းလာခဲ့ရပြီး သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်လာမည်ဖြစ်သကဲ့သို့ ရာသီဥတု ဖောက်ပြန်မှုကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်သည့်အတွက် ဘရာဇီးစိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ်အတွင်း သစ်တောပြုန်းတီးမှုကာကွယ်ရေး လုပ်ငန်းများကို မူဝါဒသစ်များချမှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု 7 News သတင်းဌာနက ဇန်နဝါရီ ၁၈ ရက်က ရေးသားဖော်ပြခဲ့သည်။

သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍမှ ကောက်ပဲသီးနှံများ ပုံမှန်ထက် ငါးရာခိုင်နှုန်း တိုးမြှင့်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ဘရာဇီးနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် သစ်တောပြုန်းတီးမှုသည် ဘရာဇီးနိုင်ငံ၏ အဓိကလုပ်ငန်းကို ထိခိုက်စေသည့်အတွက် ဘရာဇီးအစိုးရက သစ်တောပြုန်းတီးမှု လျှော့ချနိုင်ရေးကို ပိုမိုအာရုံစိုက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဘရာဇီးနိုင်ငံအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ တိုးတက်လာစေဖို့အတွက် သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်ဖို့ အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သစ်တောပြုန်းတီးမှုဟာ ရာသီဥတုဖောက်ပြန်မှုကိုဖြစ်ပေါ်စေတဲ့ အဓိကပြဿနာဖြစ်ပါတယ်။ သစ်တောပြုန်းတီးမှုကိုကာကွယ်နိုင်ရင် ရာသီဥတုဖောက်ပြန်မှုကို လျှော့ချနိုင်ရုံသာမက စိုက်ပျိုးရေးလုပ်ငန်းတွေလဲ တိုးတက်လာမှာဖြစ်ပါတယ်။ သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်ရင် တစ်နှစ်ကို ကောက်ပဲသီးနှံ ငါးရာခိုင်နှုန်းထိ တိုးမြှင့်စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် သစ်တောပြုန်းတီးမှုတွေ ဖြစ်ပေါ်နေတဲ့ ဧရိယာတွေမှာ သစ်တောကြိုးဝိုင်းတွေ ဖန်တီးသွားမယ်။ အစားထိုးစိုက်ပျိုးတာတွေလဲ လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ဘရာဇီးစိုက်ပျိုးရေးဝန်ကြီး ကားလိုစ်ဖာဗာရိုက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံအနေဖြင့် သစ်တောကြိုးဝိုင်း ဟက်တာ ၇၇ သန်းထိ အသစ်စိုက်ပျိုးသွားရန် စီစဉ်နေသကဲ့သို့ ပြုန်းတီးနေသည့် သစ်တောကြိုးဝိုင်းများတွင်လည်း အပင်သစ်များ ဖြည့်တင်းစိုက်ပျိုးသွားရန်စီစဉ်နေကြောင်း ဘရာဇီးစိုက်ပျိုးရေးဝန်ကြီး ကားလိုစ်ဖာဗာရိုက ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်ဆက်**

# ရုပ်ကြွင်းလောင်စာထုတ်လုပ်မှုက လူသားတို့ရှင်သန်မှုနှင့် မကိုက်ညီကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ပြော

**ဂျိနီဗာ ဇန်နဝါရီ ၁၉**

ရုပ်ကြွင်းလောင်စာထုတ်လုပ်သူများနှင့် ၎င်းတို့၏ ဘဏ္ဍာရေးကျောထောက်နောက်ခံ ပြုနေသူများသည် လူသားများရှင်သန်မှုနှင့် ၎င်းတို့လုပ်ငန်းများ မကိုက်ညီကြောင်း အပြည့်အဝသိလျက်နှင့် ရုပ်ကြွင်းလောင်စာ ထုတ်လုပ်မှုကို အပြိုင်အဆိုင် ကြိုးပမ်းနေကြကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်က ဆွစ်ဇာလန်နိုင်ငံ Davos မြို့တွင် ဇန်နဝါရီ ၁၈ ရက်က ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်ဟု စီအင်န်အင်န်သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာကြီးပူနွေးလာမှုကို ကန့်သတ်ရန် စက်မှုအကြိုအဆင့်အနေဖြင့် ကမ္ဘာ့အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီထိကန့်သတ်ရန် ထားရှိခဲ့သောကတိကဝတ်မှာ မီးခိုးပမာပျောက်ကွယ်သွားပြီး ထိတ်လန့်စရာရာသီဥတုဘေးဒဏ်များကို ယူဆောင်လာနေကြကြောင်း ဇန်နဝါရီ ၁၈ ရက်က ဆွစ်ဇာလန်နိုင်ငံ Davos မြို့တွင်ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ရုပ်ကြွင်းလောင်စာထုတ်လုပ်သူများကို ရည်ညွှန်းပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံးရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများမှ အဆင့်မြင့်အမှုဆောင်အရာရှိများအပါအဝင် ဘီလျံနာများ၊ နိုင်ငံရေးသမားများနှင့် စီးပွားရေးခေါင်းဆောင်များ တက်ရောက်လျက်ရှိသော Davos ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ရုပ်ကြွင်းလောင်စာလုပ်ငန်းများကို လေးလေးနက်နက် အပြစ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Davos ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ယခုနှစ်ဆွေးနွေးမှုများထဲတွင် အဓိကအကြောင်းအရာများထဲမှ တစ်ခုဖြစ်သော စွမ်းအင်အကူးအပြောင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့်ပတ်သက်၍ အကြိတ်အနယ်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးပြုလုပ်နေစဉ် ယူဂန်ဒါ၊ ဆွီဒင်၊ အီကွေဒေါ၊ ဂျာမနီနိုင်ငံတို့မှ တက်ကြွလှုပ်ရှားသူများအပါအဝင် နိုင်ငံတကာရာသီဥတုတက်ကြွလှုပ်ရှားသူများအဖွဲ့သည် ရုပ်ကြွင်းလောင်စာဆိုကုမ္ပဏီများမှ အဆင့်မြင့်အမှုဆောင်အရာရှိများကို ရေနံနှင့် သဘာဝဓာတ်ငွေ့သို့မဟုတ် ကျောက်မီးသွေးနေရာသစ်များထုတ်လုပ်ခြင်းမှ ရပ်တန့်ကြရန် လူပေါင်း ရှစ်သိန်းကျော်လက်မှတ်ရေးထိုးထားသည့်တောင်းဆိုစာများဖြင့် အသနားခံစာတင်ခဲ့ကြကြောင်း သိရသည်။ AZH

# အီရန်နိုင်ငံတွင် ငလျင်လှုပ်ခတ်မှုကြောင့် လူဦးရေ ၇၀ ကျော် ထိခိုက်ဒဏ်ရာရ

**တီဟီရန် ဇန်နဝါရီ ၁၉**

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း အရှေ့အဇာဘိုင်ဂျန်ပြည်နယ်တွင် ဇန်နဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူဦးရေ ၇၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများ၏ အဆိုကိုကိုးကား၍ နိုင်ငံပိုင်ရုပ်မြင်သံကြားက ကြေညာခဲ့သည်ဟု Alarabiya news သတင်းဌာနက ဇန်နဝါရီ ၁၈ ရက်က ရေးသားဖော်ပြထားသည်။

တူရကီနိုင်ငံ နယ်စပ်အနီး အီရန်နိုင်ငံ အနောက်မြောက်ပိုင်း ပြည်နယ်တစ်ခုဖြစ်သော အနောက်အဇာဘိုင်ဂျန်ပြည်နယ်တွင် လှုပ်ခတ်ခဲ့သောငလျင်သည် အနက်ပေ ၁၂ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျုရှိကြောင်း တီဟီရန်တက္ကသိုလ် ငလျင်ဗဟိုဌာနက အတည်ပြု သတင်းထုတ်ပြန်ခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးရန်ကြိုးပမ်းခဲ့ကြသော ဒေသခံများအနက် လူဦးရေ ၇၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကျေးရွာ ၁၅ ရွာရှိနေအိမ် ၃၀၀ ကျော်ပျက်စီးခဲ့သည်ဟု နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် ကြေညာခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံသည် မြေအောက်ကျောက်လွှာ ပြတ်ရွေ့ကြောများပေါ်တွင်တည်ရှိနေပြီး ငလျင်လှုပ်ခတ်မှု မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

တူရကီနယ်စပ်တွင် ၂၀၂၀ ပြည့်နှစ်က ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျုရှိ ငလျင်လှုပ်ခတ်ခဲ့ရာ လူကိုးဦးသေဆုံးခဲ့ကြောင်း၊ အီရန်နိုင်ငံတွင် အသေအပျောက်အများဆုံးငလျင်မှာ ၁၉၉၀ ပြည့်နှစ်က နိုင်ငံမြောက်ပိုင်းတွင် လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျုရှိ ငလျင်ဖြစ်ပြီး လူဦးရေ ၄၀၀၀၀ ကျော်သေဆုံးခဲ့ကာ လူဦးရေ ၃၀၀၀၀၀ ကျော် ဒဏ်ရာရရှိပြီး လူဦးရေ ၅၀၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

AZH

# စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပွဲစဉ်တွေထဲက နိုင်ပွဲရဖို့ကြိုးစားလာမဲ့ လီဗာပူး၊ ယူနီယံဘာလင်၊ ဆိုစီဒက်အသင်းတို့ကို ရွေးချယ်ရမှာပါ

ML



အခုတစ်ပတ်စနေနေ့ည ဥရောပပြိုင်ပွဲတွေမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိသလို အမှတ်ပေးပြိုင်ပွဲအားလုံး ပြန်လည်ကစားမှာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမှာပါ။ အဲဒီပွဲစဉ်တွေထဲက အိမ်ကွင်းကစားပုံထက်မြက်ပြီး နိုင်ပွဲရှာဖွေရမဲ့အသင်းတွေနဲ့ တိုက်စစ်ကစားပုံတည်ငြိမ်တဲ့အသင်းတွေကိုပဲ ဦးစားပေးရွေးချယ်သွားမှာပါ။

### လီဗာပူးကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လီဗာပူးနဲ့ ချဲလ်ဆီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နှစ်သင်းစလုံးဟာ အစဉ်အလာကြီးမားတဲ့ပြိုင်ဘက်ကောင်းတွေဖြစ်နေပေမဲ့ လက်ရှိမှာတော့ ဒဏ်ရာရကစားသမားတွေများနေတာကြောင့် ရုန်းကန်နေကြရတာကိုတွေ့ရမှာပါ။ နည်းပြကလော့ရဲ့ လီဗာပူးအသင်းကတော့ နည်းစနစ်ပိုင်းကောင်းမွန်တဲ့အသင်းဖြစ်ပေမဲ့ အခုရာသီမှာတော့ ကစားသမားတွေ စွမ်းဆောင်ရည်ပိုင်းကျဆင်းလာသလို တိုက်စစ်မှူးမာနေးမရှိတော့တဲ့တိုက်စစ်ကလဲ ဂိုးရဖို့ခက်ခဲလာပါတယ်။ ဒါကြောင့် လီဗာပူးအသင်းဟာ ကွာရာဘောင်းဖလား စတုတ္ထအဆင့်က ထွက်ခွာခဲ့ရပြီး အမှတ်ပေးပြိုင်ပွဲမှာလဲ ရမှတ် ၂၈ မှတ်နဲ့အဆင့်(၉)ထိ ကျဆင်းခဲ့ရတာပါ။ လက်ရှိမှာလဲ ဗန်ဒိုက်၊ ဖာမင်နို၊ ဒီယက်ဂ်၊ တက်စမီကက်စ်၊ အီလီယော့၊ ဂျိုတာ၊ ဒါဝင်နူနက်၊ အာသာတို့ဒဏ်ရာရနေပြီး ပြီးခဲ့တဲ့ ပရီးမီးယားလိဂ်နှစ်ပွဲဆက်မှာလဲ ဆောက်သမ်တန်၊ ဘရိုက်တန်တို့ကို ရှုံးနိမ့်ခဲ့လို့ ဖိအားအောက်ကျရောက်နေရတာဖြစ်ပါတယ်။ ဒါပေမဲ့ အိမ်ကွင်းပွဲစဉ်မှာ ခြေစွမ်းကောင်းတဲ့ အသင်းတွေဖြစ်တဲ့ မန်စီးတီး၊ ဝက်စ်ဟမ်း၊ လက်စတာ၊ နယူးကာဆယ်တို့ကိုအနိုင်ယူခဲ့တဲ့ ကလော့ရဲ့နည်းစနစ်ပိုင်းကိုတော့ နည်းပြပေါ်တာရဲ့ချဲလ်ဆီးအသင်း ယှဉ်လို့ရမှာမဟုတ်ပါဘူး။

ချဲလ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ သုံးပွဲရှုံး၊ တစ်ပွဲသရေ၊ တစ်ပွဲနိုင်ရလဒ်ပဲထွက်ပေါ်ခဲ့ပြီး ခြေစွမ်းပိုင်းကျဆင်းနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုနှစ်ဘောလုံးရာသီမစခင်က စတားလင်း၊ ဇာကာရီးယား၊ အူဘာမီယန်း၊ ကူကူရယ်လာ၊ ကူလီဘာလေ၊ ဖိုဖန်နာတို့လိုကစားသမားတွေကိုငွေကြေးသုံးစွဲခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ရာသီအစကတည်းက ရလဒ်ဆိုးရွားခဲ့တာကြောင့် ပြီးခဲ့တဲ့နှစ် စက်တင်ဘာလမှာ နည်းပြတူချယ်ကိုထုတ်ပယ်ပြီး နည်းပြဂရာဟမ်ပေါ်တာကို ခန့်အပ်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြသစ်ပေါ်တာဟာ အစပိုင်းက အသင်းရလဒ်ကိုတိုးတက်အောင်လုပ်ဆောင်နိုင်ပေမဲ့ နောက်ပိုင်းမှာ ရီစ်ဂျိမ်း၊ ဖိုဖန်နာတို့ဒဏ်ရာရခဲ့တာကြောင့် ခံစစ်ကစားပုံအားနည်းပြီး ရလဒ်ကျဆင်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲငါးပွဲမှာ ဘရန့်ဖို့ဒ်၊ ဘရိုက်တန်၊ နယူးကာဆယ်၊ နော်တင်ဟမ်၊ ဖူလ်ဟမ်တို့လိုအသင်းတွေကို နိုင်ပွဲမရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ နှစ်သင်းစလုံးရမှတ်လိုအပ်နေပေမဲ့ လီဗာပူးအသင်းက နည်းစနစ်ပိုင်းပိုမိုကောင်းမွန်ပြီး အိမ်ကွင်းကစားပုံထက်မြက်တာကြောင့် ချဲလ်ဆီးအသင်းပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ နိုင်ပွဲရှာဖွေရမဲ့ လီဗာပူးကိုပဲအားပေးရမှာပါ။

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၁ | လက်စတာ |
| ဘရန့်ဖို့ဒ် | ၃ | - | ၁ | လီဗာပူး |
| လီဗာပူး | ၂ | - | ၂ | ဝုဗ် |
| ဘရိုက်တန် | ၃ | - | ၀ | လီဗာပူး |
| ဝုဗ် | ၀ | - | ၁ | လီဗာပူး |

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၁ | - | ၁ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၀ | - | ၁ | မန်စီးတီး |
| မန်စီးတီး | ၄ | - | ၀ | ချဲလ်ဆီး |
| ဖူလ်ဟမ် | ၂ | - | ၁ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၁ | - | ၀ | ပဲလေ့စ် |

### ယူနီယံဘာလင်နဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ယူနီယံဘာလင်နဲ့ ဟော်ဖန်ဟိန်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီကစလို့ ခြေစွမ်းပိုင်းထက်မြက်လာတဲ့ ယူနီယံဘာလင်အသင်းဟာ အခုရာသီမှာလဲ ပုံစံကောင်းရရှိနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးပွဲ ၁၅ ပွဲကစားအပြီးမှာ ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၇ မှတ်ရရှိထားပြီး အဆင့်(၅)မှာရပ်တည်နေတာဖြစ်ပါတယ်။ ဒါ့ပြင် အဆင့်(၁)က ဘိုင်ယန်မြူးနစ်အသင်းနဲ့ ရမှတ်ခုနစ်မှတ်ပဲကွာဟသလို အဆင့်(၂)က ဖရိုင်းဘတ်၊ အဆင့်(၃)က လိုက်ပ်ဇစ်၊ အဆင့်(၄)က ဖရန့်ဖတ်အသင်းတို့နဲ့လဲ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် ဥရောပဝင်ခွင့်အတွက်မျှော်လင့်ချက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်း နည်းပြဖစ်ရှာကတော့ ၃-၅-၂ ကစားကွက်ကိုပဲ အထိုင်ချကစားနေပြီး တိုက်စစ်မှူးဘက်ကာ၊ ဘီရန်တို့နဲ့ နိုင်ပွဲတွေရှာဖွေနေတာကိုသတိပြုရမှာပါ။ ဒါပေမဲ့သူတို့အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်ခင် အမှတ်ပေးပွဲစဉ်နှစ်ပွဲမှာတော့ နိုင်ပွဲပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက သူတို့အသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲကစားနေရလို့ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ရလဒ်ပိုင်းမတည်ငြိမ်ခဲ့ပေမဲ့ အခုချိန်မှာတော့ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ ခြောက်ပွဲဆက်နိုင်ပွဲရခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၁၇ ဂိုးထိ သွင်းယူထားတာကိုတွေ့ရမှာပါ။

ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ ဟော်ဖန်ဟိန်းအသင်းဟာ အခုရာသီအမှတ်ပေးပြိုင်ပွဲ ၁၅ ပွဲအပြီးမှာ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၁၁)ထိရောက်ရှိနေတာဖြစ်ပါတယ်။ လက်ရှိမှာလဲ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ ခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ အဝေးကွင်းခုနစ်ပွဲကစားခဲ့ရာမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးထားခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ သူတို့အသင်းအနိုင်ရခဲ့တာကလဲ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဂျော်လ်ကေးနဲ့ လေဗာကူဆင်အသင်းတို့ကိုဖြစ်ပါတယ်။ သူတို့အသင်းနည်းပြအနေနဲ့ ပြိုင်ပွဲစုံမှာ ၃-၅-၂ ကစားကွက်ကိုအသုံးပြုခဲ့ပေမဲ့ ဒီကစားကွက်မှာ ကွင်းလယ်ကစားသမားတွေ ခံစစ်ပိုင်းဆင်းမကူနိုင်တာကြောင့် ပေးဂိုးတွေများနေသလို တိုက်စစ်ပိုင်းကလဲ ဂိုးရဖို့ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ ဒါကြောင့် ယူနီယံဘာလင်လို အိမ်ကွင်းတိုက်စစ်ကောင်းတဲ့ အသင်းနဲ့တွေ့ချိန်မှာ ဟော်ဖန်ဟိန်းအသင်း ခံစစ်ကစားပုံမပြင်နိုင်ရင်တော့ ဂိုးပြတ်ရှုံးနိမ့်ဖို့ သေချာသွားမှာပါ။ ဒါ့ပြင် သူတို့နှစ်သင်းနောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုငါးကြိမ်မှာလဲ ယူနီယံဘာလင်က နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့အသာရထားတာကြောင့် အိမ်ရှင်ယူနီယံဘာလင်နဲ့ပဲ လက်တွဲရမှာပါ။

**ယူနီယံဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၄ | - | ၁ | စိန့်ဂါလန် |
| ယူနီယံဘာလင် | ၃ | - | ၂ | စိန့်ပေါ်လီ |
| ယူနီယံဘာလင် | ၁ | - | ၀ | အော့ဘက်စ် |
| ယူနီယံဘာလင် | ၄ | - | ၁ | အော့ဘက်စ် |
| ယူနီယံဘာလင် | ၃ | - | ၁ | ဗီလီနာ |

**ဟော်ဖန်ဟိန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိန်း | ၁ | - | ၂ | ဝုဖ်ဘတ် |
| ဟော်ဖန်ဟိန်း | ၃ | - | ၂ | မန်ဟိန်း |
| ဝုဖ်ဘတ် | ၃ | - | ၂ | ဟော်ဖန်ဟိန်း |
| ဟော်ဖန်ဟိန်း | ၃ | - | ၁ | ဆာဗက်တီ |
| မိန့်ဇ် | ၂ | - | ၂ | ဟော်ဖန်ဟိန်း |

### ဆိုစီဒက်ကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဗယ်လ်ကာနိုနဲ့ ဆိုစီဒက်တို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗယ်လ်ကာနိုအသင်းဟာ ပြီးခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးခြောက်ဂိုးရှိခဲ့တာကိုတွေ့ရမှာပါ။ အခုရာသီမှာ ဗယ်လ်ကာနိုအသင်းဟာ အိမ်ကွင်းကောင်းတဲ့အသင်းတွေထဲပါဝင်ခဲ့ပေမဲ့ ခံစစ်အသားပေးပြီး ဘောလုံးကိုင်ကစားတဲ့အသင်းတွေနဲ့ဆိုရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲ အိမ်ကွင်းသုံးပွဲမှာ ကာဒီဇက်၊ ရီးရဲလ်မက်ဒရစ်တို့ကို အနိုင်ရခဲ့ပေမဲ့ ခံစစ်ကစားပုံတည်ငြိမ်တဲ့ ဘက်တစ်အသင်းကိုတော့ နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့တာကို သတိပြုရမှာပါ။ လက်ရှိ သူတို့အသင်းနည်းပြ အီရာအိုလာကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်းအပြောင်းအလဲ ပြုလုပ်ကစားနေပေမဲ့ တောင်ပံကစားသမားပလာဇန် ခြေစွမ်းမပြနိုင်တဲ့ ပွဲစဉ်တွေမှာတော့ ဂိုးရဖို့ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာ ပလာဇန်ကလဲ အသင်းအတွက် သွင်းဂိုးငါးဂိုးနဲ့ ဂိုးဖန်တီးမှုသုံးကြိမ်ပြုလုပ်ပြီး ခြေစွမ်းပြသနေတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ဒဏ်ရာရကစားသမားမရှိပေမဲ့ အသင်းရဲ့ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် အသင်းလိုက်ကစားပုံကောင်းနေတဲ့ဆိုစီဒက်အသင်းကို ရင်ဆိုင်ဖို့ခက်ခဲမှာပါ။

ဆိုစီဒက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ခြောက်ပွဲမှာ နိုင်ပွဲရခဲ့သလို တိုက်စစ်ပိုင်းက ၁၄ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးတစ်ဂိုးပဲရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ ဆိုစီဒက်အသင်းဟာ အမှတ်ပေးပွဲ ၁၇ ပွဲမှာ ၁၁ ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးနဲ့ ရမှတ် ၃၅ မှတ်ထိရရှိခဲ့ပြီး အဆင့်(၃)မှာရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ပြိုင်ပွဲတိုင်းကိုအာရုံစိုက်ကစားပြီး နိုင်ပွဲရှာခဲ့တဲ့ နည်းပြအီမန်နော်ရဲ့ကစားသမားအသုံးပြုပုံကို ချီးကျူးရမှာဖြစ်ပါတယ်။ နည်းပြအီမန်နော်ကတော့ ပြိုင်ဘက်ရဲ့ကစားကွက်အခင်းအကျင်းကိုလိုက်ပြီး ကစားကွက်ပိုင်းပြောင်းလဲနေပေမဲ့ ခံစစ်ကစားပုံကိုတော့တည်ငြိမ်အောင်တည်ဆောက်ထားနိုင်တာကို သတိပြုရမှာပါ။ လက်ရှိ သူတို့အသင်းတိုက်စစ်ပိုင်းကိုတော့ တိုက်စစ်မှူး ဆိုလော့၊ ကူဘို၊ မန်ဒက်ဇ်တို့က ဦးဆောင်နေပြီး ဆိုလော့နဲ့မန်ဒက်ဇ်က သွင်းဂိုးခုနစ်ဂိုးစီနဲ့ ဂိုးသွင်းအများဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ အသင်းလိုက်ကစားပုံကောင်းတဲ့နှစ်သင်းတွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာနိုင်ပေမဲ့ ပြိုင်ဘက်ရဲ့အားနည်းချက်ကိုရှာဖွေပြီး သတိထားချဉ်းကပ်တတ်တဲ့ ဆိုစီဒက်အသင်းရဲ့ နည်းစနစ်ပိုင်းနဲ့ ကစားသမားအင်အားသာလွန်မှုတွေကြောင့် ဆိုစီဒက်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆာဂန်တီနို | ၀ | - | ၀ | ဗယ်လ်ကာနို |
| ဂျီရိုနာ | ၂ | - | ၂ | ဗယ်လ်ကာနို |
| ဂီဂျွန် | ၂ | - | ၀ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၁ | - | ၂ | ဘက်တစ် |
| ဗယ်လာဒိုးလစ် | ၀ | - | ၁ | ဗယ်လ်ကာနို |

**ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၂ | - | ၀ | အိုဆာဆူနာ |
| လော်ရိုနက် | ၀ | - | ၁ | ဆိုစီဒက် |
| အယ်မာရီယာ | ၀ | - | ၂ | ဆိုစီဒက် |
| ဆိုစီဒက် | ၃ | - | ၁ | ဘီလ်ဘာအို |
| ဆိုစီဒက် | ၁ | - | ၀ | မာယော့ကာ |

# ဓနုဖြူမြို့နယ်တွင် တမြာလျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် နွေစပါးဧက ၅၅၀ နှင့် အခြားသီးနှံဧက ၁၅၀၀ စိုက်ပျိုးမည်



ဓနုဖြူမြို့နယ်တွင် နွေစပါးစိုက်ရန် လယ်ယာမြေ ပြင်ဆင်နေမှုကို တွေ့ရစဉ်။

**ဓနုဖြူ ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် တမြာလျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၅၅၀ နှင့် အခြားသီးနှံဧက ၁၅၀၀စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ တမြာလျှပ်စစ်မြစ်ရေတင် စီမံကိန်းမှ ပေးဝေသည့်ရေကို အသုံးပြုပြီး နွေစပါး ဧက ၅၅၀ နှင့် ဖူးစားပြောင်း၊ ပဲတီစိမ်း၊ မတ်ပဲ ဧက ၁၅၀၀ စုစုပေါင်းဧက ၂၀၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ်စိုက်ပျိုးရာသီမှာ သီးနှံတွေအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ ရေကို တမြာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကနေ ပေးဝေမှာဖြစ်တယ်။ ရေပေးဝေနိုင်ဖို့အတွက်ကိုလဲ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက လိုအပ်တဲ့ ရေသွယ်မြောင်းတွေရဲ့ပြုပြင်စရာရှိတာတွေကို ကြိုတင်လုပ်ဆောင်ထားပြီးဖြစ်တယ်။ အခုနှစ်လျှပ်စစ်မြစ်ရေတင်စနစ်နဲ့ နွေစပါးလျာထားဧက ၅၅၀ နဲ့ အခြားသီးနှံတွေ စိုက်ပျိုးသွားမှာဖြစ်တယ်။ အခြားသီးနှံတွေက စိုက်ပျိုးနေပါပြီ။ စပါးကတော့ မကြာမီစိုက်ပျိုးတော့မှာပါ။ ဖေဖော်ဝါရီလလောက်မှာ စတင်စိုက်ဖို့ လျာထားပါတယ်"ဟု ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် တမြာလျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် သီးနှံများ စိုက်ပျိုးနိုင်ရန် ရေသွယ်မြောင်းများ၊ ရေပေးဝေသည့်လက်တက်ခွဲမြောင်းငယ်လေးများကို ကြိုတင်ပြင်ဆင်ထားကြောင်း၊ အဆိုပါ နွေစပါးများ အပင်သန်မာရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပင်သေပင်ပျောက်မဖြစ်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်နွေစပါးကို တင်း ၁၀၀ ထိထွက်ရှိစေဖို့ လျာထားစိုက်ပျိုးမှာဖြစ်တယ်။ စပါးစိုက်ပျိုးရာမှာအခက်အခဲမရှိ ဖြစ်ထွန်းအောင်မြင်စေဖို့ စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိလာရောက်ပညာပေးတာတွေ လုပ်ပေးထားပါတယ်။ ဒါ့ပြင် နွေစပါးကို ရွှေခရုအန္တရာယ်ကင်းရှင်းစေဖို့အတွက်ကိုလဲ ဆောင်ရွက်ထားပါတယ်။ ဒီနှစ်တော့ ရွှေခရုအန္တရာယ်က မရှိသလောက်နည်းသွားတာတွေ့ရပါတယ်"ဟု ဓနုဖြူမြို့နယ်မှ တောင်သူ ဦးစိန်ဝင်းထံမှ သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းဖြတ်မြို့နယ် နမ့်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ နမ့်ကုန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေတတိယအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းများကိုသတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နမ့်ကုန်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ရန်ပုံငွေကျပ် ၃ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ရန်ပုံငွေကျပ် ၂၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ရန်ပုံငွေကျပ် ၄ ဒသမ ၅ သန်း၊ စုစုပေါင်းအသင်းသားအသင်း သူ ၂၁ ဦးကို ရန်ပုံငွေကျပ် ၃၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ခင်မာ**

## စာပေမြင့်မှ လူမျိုးတင့်မည်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၀၀ | ၂၂၅၀ | ၂၂၄၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၃၀ | ၂၃၄၅ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၉၀ | ၂၅၁၅ | ၂၉၀၀ |
| 95 Ron | ၂၂၇၅ | ၂၃၂၅ | ၂၃၂၅ | ၂၂၈၅ | ၂၃၂၅ | ၂၃၄၅ | ၂၃၃၀ | ၂၃၁၀ | ၂၄၀၅ | ၂၄၂၅ | ၂၃၁၅ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၀ | ၂၃၆၅ | ၂၅၉၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၂၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၀ | ၂၄၇၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၅၇၅ | ၂၅၇၀ | ၂၄၆၀ | ၂၄၇၅ | ၂၅၀၅ | ၂၅၁၀ | ၂၅၁၀ | ၂၇၄၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၀၀ | ၂၅၅၀ | ၂၅၅၀ | ၂၅၁၀ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၈၅ | ၂၅၉၀ | ၂၅၉၀ | ၂၈၂၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၀၀ | ၂၅၅၀ | ၂၅၅၀ | ၂၅၁၀ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၈၅ | ၂၅၉၀ | ၂၅၉၀ | ၂၈၂၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၈ | ၂၁၆၄ |
| 95 Ron | ၂၁၆၃ | ၂၂၃၉ |
| HSD (500 ppm) | ၂၃၀၇ | ၂၃၈၃ |
| HSD (50 ppm) | ၂၃၈၁ | ၂၄၅၈ |
| HSD (10 ppm) | ၂၃၈၁ | ၂၄၅၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

ထာဝရလှပသော အပြုံးအတွက်

DENTOMEC

FDA ထောက်ခံချက်အမှတ် –1907 PC 0040

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇








## အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်ခရိုင်၊ ဆင်ခေါင်းလေးကျေးရွာအုပ်စု၊ ရပ်ကွက်ကြီး(၁၃)၊ ဦးပိုင်အမှတ်(၁၇၈)၊ မြေဧရိယာ ၀.၃၉ ဧကပိုင် လယ်ယာမြေလွှဲပြောင်းသီးစားချထားခြင်းဆိုင်ရာ မြေစာရင်းစာရွက်စာတမ်း ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအထောက်အထားအတွက် ကန့်ကွက်လိုပါက (၇)ရက်အတွင်း ဒေါ်နန်းမြစိန် မှတ်ပုံတင်အမှတ် (၉/မခန(နိုင်)၀၂၁၁၈၀)၊ Ph no/ 09-789 199343 အား အကြောင်းကြားကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေဟာ ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ အောင်မြင်မှုရရှိမှာပဲဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပက မြန်မာ့ငြိမ်းချမ်းရေးအကျိုးကို မလိုလားသူတွေရှိနေသရွေ့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေဟာ ထင်သလောက်ခရီးမပေါက်ကြောင်းနဲ့ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း ဝေဖန်အပုပ်ချနေမှုတွေအပေါ်မှာ နားယောင်ဖို့မလိုကြောင်း ကျွန်တော်တို့ညီအစ်ကိုတွေ သတိပြုမိဖို့လိုအပ်မှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ် သံတွဲမြို့အနီးရှိ နယ်မြေခံရေတပ်ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ်၏ လေ့ကျင့်ရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များက ရေတပ်ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ်ရှိ Training Pool အတွင်း တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များ၏ ၅ မီတာအမြင့်မှ ရန်ချ၍ မီတာ ၅၀ ခြေတုပ်၊ လက်တုပ်ကူးခပ်လေ့ကျင့်နေမှုကို ကြည့်ရှုစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

